ကြေးမုံ
The Mirror
၁၃၆၅ခုနှစ်၊ ဝါဆိုလဆန်း ၉ ရက်၊ တနင်္လာနေ့၊ (7-7-2003) (၃၉၂၄)

ကတညုတာ
တော် မင်္ဂလ မုတ္တမံ။

သူ့ကျေးဇူးကို သိခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

နီပေါနိုင်ငံ ဘုရင်မင်းမြတ်မွေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဇူလိုင် ၇

၂၀၀၃ခုနှစ် ဇူလိုင် ၇ရက်တွင် ကျရောက်သော နီပေါနိုင်ငံ ဘုရင်မင်းမြတ်မွေးနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ နီပေါနိုင်ငံ ဘုရင်မင်းမြတ် ဂျနန်ဒရာ ဘီ၊ဘီခရမ်ရှားဒေ့ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

လွတ်လပ်ပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးခွင့် ရခဲ့ပါလျက်

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ နှစ်ဦးတည်း လွတ်လပ်ပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးခွင့် ရခဲ့ပါလျက် နိုင်ငံတော်၏ အနာဂတ်အရေးအတွက် အေးချမ်းစွာ အသွင်ကူးပြောင်းရေးနှင့် ပါတီ၏ အခန်းကဏ္ဍ အသက်ဝင်လာအောင် အကောင်အထည် မဖော်နိုင်ခဲ့ခြင်းမှာ ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ရရှိသည့်အခွင့်အရေးကို အသုံးမချတတ်ခြင်းဟု ထင်စရာ၊ မြင်စရာဖြစ်နေ၏။

နှမြောစရာကောင်းတဲ့ ဆုံးရှုံးမှု

ပြည်ပအသံလွှင့်ဌာနတွေရဲ့ မီးလောင်ရာ လေပင့် မဟုတ်မမှန် မတော်မတရား ယိုးစွပ်ပုတ်ခတ်မှုတွေကြောင့် ကျွန်တော်တို့ ပါတီနဲ့ အစိုးရတို့အကြား အချိန်ယူ တည်ဆောက်ထားခဲ့ရတဲ့ အပြန်အလှန် နားလည်ယုံကြည်မှု အခြေအနေ အလားအလာကောင်းတွေမှာ အက်သံပေး အက်ကြောင်းထင်လာတာဟာ နှမြောစရာကောင်းတဲ့ ဆုံးရှုံးမှု တစ်ခု ဖြစ်သွားပါပြီ။

(မောင်ရင်မှိုင်း၏ဆောင်းပါး အပိုင်း(၃)ကို စာ-၈-၉ တွင် ဆက်လက်ဖတ်ရှုနိုင်ပါသည်။)

ဒါးကတံတားသစ်

ဧရာဝတီတိုင်း ကန်ကြီးထောင့်မြို့နယ် ရန်ကုန်-ပုသိမ် ကားလမ်းမပေါ်တွင် ဒါးကမြစ်ကို ဖြတ်ကူးတည်ဆောက်ထားသော ဒါးကတံတားသစ်ကို ဇူလိုင် ၆ရက် ဖွင့်ပွဲအခမ်းအနားအပြီး၌ ခံ့ညားထည်ဝါစွာ တွေ့ရစဉ်။
(သတင်း-ကျော်ဖုံး) [ဓာတ်ပုံ-လှိုင်မိုး(ရွှေအင်းသား)]

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၇-၇-၂၀၀၃
(တနင်္လာနေ့)

နိုင်ငံတော်၏ စီးပွားရေးဘဝ တိုးတက်မြင့်မားရေး စိုက်ပျိုးရေးနှင့်အတူ မွေးမြူရေးကိုပါဆောင်ရွက်

နိုင်ငံတော်က ချမှတ်ဆောင်ရွက်လျက်ရှိသော ဦးတည်ချက် (၁၂)ရပ်အနက် စီးပွားရေးဦးတည်ချက် လေးရပ်တွင် **စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး** ဟူသည့် ဦးတည်ချက်တစ်ရပ်ပါရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် စိုက်ပျိုးရေသယံဇာတနှင့် စိုက်ပျိုးမြေသယံဇာတများ ပေါများကြွယ်ဝလျက်ရှိရာ စိုက်ပျိုးရေးနည်းပညာများကို ခေတ်မီနည်းစနစ်များနှင့် ခေတ်မီလယ်ယာသုံးစက်ကိရိယာများအသုံးပြု ဆောင်ရွက်ခြင်းဖြင့် ဒေသဝမ်းစာ ဖူလုံပိုလျှံသည့်အပြင် ဒေသတွင်း စီးပွားဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

စားနပ်ရိက္ခာဖူလုံပိုလျှံရေးနှင့်စပ်လျဉ်း၍ ဇူလိုင်လ ၁ ရက်နေ့က ကျင်းပခဲ့သည့် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၀၃)ညှိနှိုင်းအစည်းအဝေး ဒုတိယနေ့တွင် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အမှာစကားပြောကြားရာ၌-

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချမှတ်ပေးထားသော အထူးစီမံကိန်းလုပ်ငန်းများကို သတ်မှတ်ချိန်အမီပြီးစီးအောင် အလေးထားအကောင်အထည်ဖော်ကြရန် လိုအပ်ကြောင်း၊ တစ်ချိန်တည်းမှာပင် နိုင်ငံတော်၏စီးပွားရေးကိုအဓိကအထောက်အကူပြုနေသော စိုက်ပျိုးရေးကဏ္ဍနှင့် မွေးမြူရေးကဏ္ဍတို့ တစ်ဆင့်မြင့်မားတိုးတက်လာအောင် ဆက်လက် အားထည့်ကြိုးပမ်းသွားကြရန်ဖြစ်ကြောင်း၊ သို့မှသာ တိုင်းပြည်အတွက် အမာခံစီးပွားရေးလုပ်ငန်းများ ခိုင်မာစေမည့်အပြင် ပြည်သူလူထု စားသုံးရေးအတွက် စားနပ်ရိက္ခာ ဖူလုံပိုလျှံလာမှာဖြစ်ကြောင်း ပြောကြားသွားသည်။

နိုင်ငံတော်တွင် တည်ရှိနေသော မြေသယံဇာတနှင့် ရေသယံဇာတတို့ကို စွမ်းအားကုန်အသုံးချပြီး ပြည်သူအားလုံးအတွက် စားနပ်ရိက္ခာ ဖူလုံရုံသာမက ပိုလျှံလာအောင် နိုင်ငံတော်က ဦးတည်အားပေးလျက်ရှိသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဇူလိုင်လ ၄ ရက်နေ့က ဧရာဝတီတိုင်း၊ ညောင်တုန်မြို့နယ် ဓိဖြူကျွန်းကျေးရွာရှိ မြန်မာဘီလီယံဂရု(ပ်) ကုမ္ပဏီလီမိတက်၏ စိုက်ပျိုးမွေးမြူရေးစီမံကိန်း လုပ်ငန်းခွင်ရုံးတွင် ဧရာဝတီတိုင်းအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် တိုင်းရင်းသားပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့သည်။

ယင်းသို့ တွေ့ဆုံရာတွင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းက ပြီးခဲ့သောဇွန်လအတွင်းက နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဧရာဝတီတိုင်းအတွင်း လှည့်လည်သွားရောက်ခဲ့စဉ် စိုက်ပျိုးရေးကဏ္ဍနှင့်မွေးမြူရေးကဏ္ဍ အဆင့်မြင့်မား တိုးတက်စေရေးအတွက် မှာကြားတာဝန်ပေးခဲ့သည်များရှိရာ ယင်းမှာကြားတာဝန်ပေးမှုများကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုန်ထုတ်လုပ်မှုအပိုင်း၌ တစ်စိတ်တစ်ပိုင်း တာဝန်ရှိနေကြသောလုပ်ငန်းရှင်များနှင့် ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးညှိနှိုင်းရခြင်းဖြစ်ကြောင်း ပြောကြားသွားသည်။

တိုင်းရင်းသားလုပ်ငန်းရှင်များသည် ၁၉၉၈-၁၉၉၉ခုနှစ်မှစ၍ ဧရာဝတီတိုင်းရှိ ရေအောက်ရတနာမြေများကိုဖော်ထုတ်ပြီး စိုက်ပျိုးရေးလုပ်ငန်းများကို ရင်းနှီးမြှုပ်နှံလုပ်ကိုင်ခဲ့ကြသည်။ ယင်းသို့လုပ်ကိုင်ရာတွင် စိုက်ပျိုး၍မဖြစ်နိုင်သည့် မြေနေရာများ၌ ငါးပုစွန်မွေးမြူရေးလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက စိုက်ပျိုး၍မဖြစ်နိုင်သည့်နေရာများ၌ ငါးမွေးမြူရေးလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့်သဘာဝအင်းများကို မွေးမြူရေးကန်များသဖွယ်ဖြစ်အောင် ဆောင်ရွက်ရန် လမ်းညွှန်မှာကြားမှုများပြုထားသည်။

နိုင်ငံတော်ပိုင်းက မူဝါဒအရရော ပံ့ပိုးကူညီမှုများကြောင့်ပါ ယခုအခါ လုပ်ငန်းရှင်များသည် စိုက်ပျိုးရေးလုပ်ငန်းကိုသာမက မွေးမြူရေးလုပ်ငန်းကိုပါ တွဲဖက်လုပ်ကိုင်လာနိုင်ကြသဖြင့် စီးပွားရေးအကျိုးအမြတ်များရရှိနေကြပြီဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ တိုင်းရင်းသားလုပ်ငန်းရှင်များသည် နိုင်ငံတော်၏ စီးပွားရေးဘဝ တိုးတက်မြင့်မားအောင် ထူထောင်ရာတွင် စိုက်ပျိုးရေးနှင့်အတူ မွေးမြူရေးကိုပါ တွဲဖက်လုပ်ကိုင်ရင်း မိမိ၏အကျိုးစီးပွား၊ ဒေသအကျိုးစီးပွားနှင့် နိုင်ငံတော်၏ အကျိုးစီးပွားတို့ကို ဟန်ချက်ညီညီ ပေါင်းစပ် အကောင်အထည်ဖော်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အဖမ်းခံထားရသော တူရကီစစ်သည်အချို့ ပြန်လည်လွတ်မြောက်လာ အမေရိကန်အား စစ်ရေးအရ လက်တုံ့ပြန်နိုင်ရေးဆွေးနွေးမည်

အန်ကာရာ ဇူလိုင် ၆

အီရတ်နိုင်ငံမြောက်ပိုင်းရှိ တူရကီအထူးတပ်သားများအား မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)၏ မဟာမိတ် အမေရိကန်တပ်ဖွဲ့က ဖမ်းဆီးထားကြောင်း စွပ်စွဲပြောကြားခဲ့သည့် တူရကီဝန်ကြီးချုပ် တေယစ်အာဒိုဂန်က အဖမ်းခံထားရသော တူရကီစစ်သားအချို့ ပြန်လည်လွတ်မြောက်လာခဲ့ကြောင်းဖြင့် စနေနေ့၌ ပြောကြားလိုက်သည်။

တူရကီစစ်သားအားလုံးကို အမြန်မလွတ်ပါက အမေရိကန် ပြည်ထောင်စုအား စစ်ရေးအရ လက်တုံ့ပြန်နိုင်မည့် အစီအစဉ်များ ချမှတ်ဖော်ဆောင်ဖွယ်ရှိရေးကိစ္စများနှင့် စပ်လျဉ်း၍ တူရကီထိပ်တန်း ဗိုလ်ချုပ်ကြီးများက တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း ပုဂ္ဂလိကရုပ်မြင်သံကြားသတင်းဌာနက သတင်းထုတ်ပြန်သည်။

အမေရိကန်ဦးဆောင်သည့် စစ်ပွဲဖြစ်ပွားနေစဉ်အတွင်း အမေရိကန်တပ်သားများက အီရတ်နိုင်ငံအား တူရကီနယ်မြေပေါ်မှ တိုက်ခိုက်ခွင့်မပြုဘဲ ငြင်းဆိုခဲ့ပြီးသည့်နောက် မဟာမိတ်ရောင်းရင်း နှစ်နိုင်ငံအတွင်း တင်းမာမှုများသည် ဖော်ပြပါအတိုင်း ဖမ်းဆီးခြင်းအားဖြင့် ပိုမိုဆိုးရွားစေရန် ခြိမ်းခြောက်မှုတစ်ရပ်အဖြစ် ရောက်ရှိနေသည်။

အီရတ်နိုင်ငံ မြောက်ပိုင်းတွင် အခြေစိုက်နေသော တူရကီစစ်သား ၁၁ဦးကို အမေရိကန်တပ်သားများက သောကြာနေ့တွင် ထိန်းသိမ်းထားကြောင်း တူရကီနိုင်ငံခြားရေး ဝန်ကြီးဌာနက ပြောကြားသည်။

အချို့သောစစ်သားများကို လွှတ်ပေးလိုက်ကြောင်း၊ စစ်သားအချို့ကို အမေရိကန်တပ်သားများက ဆက်လက်ထိန်းသိမ်းထားကြောင်း အာဒိုဂန်က ဆက်လက်ပြောကြားသည်။ သို့ရာတွင် ထိန်းသိမ်းခံထားရသည့် ဦးရေကိုမူ ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

တူရကီနိုင်ငံက လက်တုံ့ပြန်မည့် အစီအစဉ်တွင် အမေရိကန် လေယာဉ်များအား တူရကီလေကြောင်းပိုင်နက် အသုံးမပြုစေဘဲ ပိတ်ထားရေး ပါဝင်သည်။ တူရကီစစ်ဘက်က ၎င်းဒေသတွင် စစ်သားများ တိုးမြှင့်ချထားမည်ဖြစ်ပြီး တူရကီတောင်ပိုင်းရှိအင်ဆာလစ်လေတပ်အခြေစိုက်စခန်းအား အမေရိကန်တို့က အီရတ်နိုင်ငံ အရေးကိစ္စနှင့် ပတ်သက်၍ ထောက်ကူပို့စခန်းအဖြစ် အသုံးမပြုရန် တားဆီးမည်ဖြစ်သည်။

တူရကီနိုင်ငံ၏ ထုတ်ဖော်ပြောကြားချက်နှင့်ပတ်သက်၍ မည်သူ တစ်ဦးတစ်ယောက်မှ ဝေဖန်ပြောကြားမှု မရှိသေးပေ။

မိမိတို့က ဖော်ပြပါ တူရကီစစ်သားများအားအမြန်လွှတ်ပေးရေးကိုတောင်းဆိုပါကြောင်း၊ အမေရိကန် တာဝန်ရှိပုဂ္ဂိုလ်များက ၎င်းစစ်သားများ အားမသိရန်မခရှိကြောင်း ပြောကြားကြောင်း၊ ယင်းသို့ ဖမ်းဆီးထားခြင်းသည် အကျည်းတန် အရုပ်ဆိုးသော ကိစ္စဖြစ်ကြောင်း၊ မဖြစ်သင့်သော ကိစ္စပင်ဖြစ်ကြောင်း အာဒိုဂန်က ပြောကြားသည်။

အဆိုပါ စစ်သားများသည် ကယ်ကွတ်ရှိ ကာ့ဒ်အုပ်ချုပ်ရေးမှူးအား တိုက်ခိုက်ရန် စီစဉ်ခဲ့ကြောင်းဖြင့် စွပ်စွဲခံထားရကြောင်း ဟာရီယက်သတင်းစာက ထုတ်ဖော်ရေးသားသည်။ သို့ရာတွင် တူရကီနိုင်ငံခြားရေးဝန်ကြီး အဗ္ဗဒူလာဂါးက ၎င်းစွပ်စွဲမှုမှာ အဓိပ္ပာယ်လုံးဝမရှိဟုဆိုကာ ပယ်ချခဲ့သည်။ ***အမ်အင်အေ၊ ရိုက်တာ။***

အာဆီယံနိုင်ငံများမှ ရေတပ်များ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရ ပင်လယ်ပြင်လုံခြုံရေး အမျိုးသားလုံခြုံရေးတွင် အရေးပါ

ကွာလာလမ်ပူ ဇူလိုင် ၆

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)မှ ရေတပ်များသည် ဒေသတွင်း ပင်လယ်ပြင်လုံခြုံရေးပြဿနာကို ကိုင်တွယ်စီမံရာတွင် ကြီးမားသည့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်တွေ့ကြုံနေရကြောင်း မလေးရှား ကာကွယ်ရေးဝန်ကြီး နဂျစ်တွန်ရာဇတ်က စနေနေ့၌ ပြောကြားလိုက်သည်။

ရေတပ်၏အစဉ်အလာ အခန်းကဏ္ဍအရ ပင်လယ်ပြင်တွင် ရန်သူတပ်ဖွဲ့များ၏ လှုပ်ရှားမှုများမှ အကာအကွယ်ပေးရန် အချက်များ ယခုထက်တိုင်မှန်ကန်လျက်ရှိပြီး ရေတပ်၏ တာဝန်ဝတ္တရားများတွင် အကြမ်းဖက်တိုက်ခိုက်မှုနှင့် မူးယစ်ဆေးဝါး ရောင်းဝယ်မှုကဲ့သို့သော အခြားခြိမ်းခြောက်မှုများကို ဟန့်တားရန်အထိ ယခုအခါ ကျယ်ပြန့်လာနေကြောင်း မလေးရှားနိုင်ငံ ကိုတာကီနာဘလူးမြို့တွင် ကျင်းပသည့် အာဆီယံ အပြန်အလှန် အကျိုးတူပူးပေါင်းဆောင်ရွက်ရေး နှစ်ရက်ကြာအခမ်းအနား၌ မိန့်ခွန်းပြောကြားရာတွင် ထည့်သွင်းပြောကြားခြင်းဖြစ်သည်။

ရေတပ်ဖွဲ့များ၏ အခန်းကဏ္ဍတွင် ငါးလုပ်ငန်းဌာန၊ ပင်လယ်ပြင် ပတ်ဝန်းကျင်နှင့် လူများ၏ အသက်အန္တရာယ် ကာကွယ်ပေးရုံမက ပင်လယ်ပြင်မှ တန်ဖိုးရှိပစ္စည်းများကို စီမံခန့်ခွဲမှုပြုနိုင်ရေးလည်း ပါဝင်ကြောင်း တွန်ရာဇတ်က ပြောကြားသည်။

ပင်လယ်ပြင်လုံခြုံရေးသည် အမျိုးသား လုံခြုံရေးအတွက် အဓိကအကျဆုံးအခန်းကဏ္ဍတွင် ပါဝင်လျက်ရှိပြီး ပင်လယ်ပြင်ရှိ အမျိုးသားအကျိုးစီးပွားအားလုံး ကာကွယ်ရေးကို လွှမ်းခြုံပါဝင်စေရမည်ဖြစ်ကြောင်း မလေးရှား ကာကွယ်ရေးဝန်ကြီး၏ မိန့်ခွန်းကို ရေတပ်အကြီးအကဲ အဘူဘေကာက ဖော်ပြပါ အခမ်းအနားတွင် ဖတ်ကြားသည်။

ဒေသတစ်ခွင်ရှိ ကုန်ပစ္စည်းများနှင့် စွမ်းအင်များကဏ္ဍသည် ဒေသတစ်ခွင်၏ စီးပွားရေးတောင့်တင်းမှုအတွက် လိုအပ်ချက်ဖြစ်နေ၍ ၎င်းတို့ကို စဉ်ဆက်မပြတ်စီးဝင်မှုရှိရန် ဖော်ဆောင်ရေးသည် အဓိကကျလှကြောင်း တွန်ရာဇတ်က ဆက်လက်ပြောကြားသည်။

အကြမ်းဖက်သမားများက ပင်လယ်ပြင်၏ အားနည်းချက်ဖြစ်သော ပစ်မှတ်များ၊ သင်္ဘောသွားလာမှု၊ ကမ်းလွန်ရေနံနှင့် ဓာတ်ငွေ့ထုတ်ရာ စက်ရုံများအား တိုက်ခိုက်ခြင်းကြောင့် လူ့အသက်အိုးအိမ်စည်းစိမ်ပျက်စီးမှု အန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု အန္တရာယ်များကို တိုးမြှင့်ပေါ်ပေါက်စေကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကျူးကျော်သိမ်းပိုက်ရေးတပ်ဖွဲ့များ အီရတ်နိုင်ငံမှ ပြန်လည်ထွက်ခွာသွားရန် တောင်းဆိုနေသည့် အီရတ်လူမျိုး ဆန္ဒပြသမားများက မြို့တော်ဘဂ္ဂဒက်ရှိ အမေရိကန်အုပ်ချုပ်ရေးအဖွဲ့ရုံး အဆောက်အအုံပြင်ပတွင် ဇူလိုင် ၅ ရက်က ဆန္ဒပြကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဗြိတိသျှအလွတ်သတင်းထောက် ဘဂ္ဂဒက်တွင် သေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၆

ဗြိတိသျှနိုင်ငံသား အလွတ်သတင်းစာဆရာတစ်ဦးကို မည်သူမည်ဝါမှန်းမသိသူတစ်ဦး၏ တိုက်ခိုက်မှုကြောင့် ဘဂ္ဂဒက်မြို့တော်တွင် သေဆုံးသွားကြောင်းဖြင့် အမေရိကန်စစ်ဘက်က ပြောကြားလိုက်သည်။

မည်သူမည်ဝါဟုထုတ်ဖော်ပြောကြားခြင်းမရှိသည့် အမည်မသိ ရုပ်မြင်သံကြားအလွတ်ထုတ်လုပ်သူတစ်ဦးသည် အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်ရှိ အမျိုးသားပြတိုက်အပြင်ဘက်တွင် သေနတ်ဖြင့်အပစ်ခံရကာ သေဆုံးသွားကြောင်း ၎င်း၏ လုပ်ဖော်ကိုင်ဖက် သတင်းစာဆရာများက ပြောကြားကြသည်။

ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီးရုံးမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက အဆိုပါဖြစ်ရပ်မှန်ကန်ကြောင်း အတည်ပြုထားပြီး ဗြိတိသျှတာဝန်ရှိပုဂ္ဂိုလ်များက သေဆုံးသူမည်သူမည်ဝါဖြစ်ကြောင်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

အမ်အင်အေ-ဆင်ဟွာ။

မစ်ဒယ်တောင်းမှ အမေရိကန်ရဲအရာရှိ အီရတ်တွင် ဒဏ်ရာရရှိ

မစ်ဒယ်တောင်း ဇူလိုင် ၅

အမေရိကန်ပြည်ထောင်စု ကွန်နက်တီးကတ်ပြည်နယ် မစ်ဒယ်တောင်းမြို့မှ ရဲအရာရှိ အယ်လ်ဘတ်ကင်မှာ ဘဂ္ဂဒက်မြို့အပြင်ဘက်တွင် ဟမ်းဗီးကားဖြင့် ကင်းလှည့်စဉ် မြေမြှုပ်ဗုံးတက်နင်းမိပြီး ဒဏ်ရာရသွားသည်။ တာဝန်ဖြင့်သွားစဉ် ယင်းသို့ မြေမြှုပ်ဗုံးထိမှန်သဖြင့် မျက်နှာတွင်ထိခိုက်ဒဏ်ရာရသွားသည်။ မျက်နှာတွင် ဒဏ်ရာများရရှိသွား၍ အချက်ပေါင်း ဒါဇင်နှင့်ချီ၍ ချုပ်လိုက်ရကြောင်းသိရသည်။ ***အင်တာနက်။***

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

သဲလွန်စရှာဖွေ

အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်ရှိ အဝေးပြေးလမ်းတစ်လမ်းပေါ်တွင် ဇူလိုင်၄ရက်က အမေရိကန် ကြည်းတပ် မော်တော်ယာဉ်တန်း တစ်တန်းကို ပြောက်ကျားစနစ်ဖြင့် တိုက်ခိုက်ခဲ့ပြီးနောက် အခင်းဖြစ်ပွားရာ နေရာတွင် အမေရိကန် စစ်သည်များ သဲလွန်စများ ရှာဖွေနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်လက်နက်အစီအစဉ်ရှာဖွေမှု အမေရိကန်အမတ်များ အမြင်ချင်းကွဲပြား

ဝါရှင်တန် ဇူလိုင် ၆

အီရတ်တို့၏ လူအစုအပြုံလိုက်သေစေနိုင်သည့် လက်နက်အစီအစဉ်နှင့်စပ်လျဉ်း၍ အမေရိကန်အရာရှိများအနေဖြင့် ခိုင်လုံသော အထောက်အထားရရှိထားခြင်း ရှိ၊ မရှိကိစ္စတွင် အီရတ်မှ ပြန်ရောက်စ အမေရိကန် အထက်လွှတ်တော်အမတ်များမှာ သဘောထားအမြင်ချင်း မတူညီကြဟု သိရသည်။

အထက်လွှတ်တော် ရီပတ်ဘလီကင်အမတ်နှစ်ဦးက မကြာမီသဲလွန်စအထောက်အထား ပြနိုင်တော့မည်ဟု ပြောဆိုသော်လည်း ဒီမိုကရက်တစ်အထက်လွှတ်တော်အမတ်များကမူ ယင်းကိစ္စမသေချာဟု ပြောဆိုသည်။

မိမိတို့နိုင်ငံက စစ်ဆင်တိုက်ခိုက်ရသည်အထိ အကြောင်းခိုင်လုံမှုမတွေ့ရကြောင်း အထက်လွှတ်တော် ထောက်လှမ်းရေး ကော်မတီဝင် အနောက်ဗာဂျီးနီးယားပြည်နယ် ဒီမိုကရက်တစ် အထက်လွှတ်တော်အမတ် ဂျေရောကဖဲလားက ကြာသပတေးနေ့တွင် ပြောဆိုသည်။

အင်တာနက်။

အီရတ်က တားမြစ်လက်နက်များပိုင်သည်ဆိုမှု သတင်းအချက်အလက်ဟောင်းများပေါ် မူတည်စွပ်စွဲခြင်းဖြစ်

ဝါရှင်တန် ဇူလိုင် ၅

အီရတ်စစ်ပွဲဖြစ်လုဆဲဆဲ အခါသမယတွင် အမေရိကန်ထောက်လှမ်းရေးသတင်း ဆန်းစစ်သူများအနေဖြင့် ၁၉၉၈ ခုနှစ် ကုလသမဂ္ဂလက်နက်စစ်ဆေးရေးမှူးများ အီရတ်မှ ထွက်ခွာသွားပြီးနောက် လူအစုအပြုံလိုက် သေစေနိုင်သည့် အီရတ်လက်နက်တို့နှင့်စပ်လျဉ်း၍ ခိုင်လုံသောသတင်းအချက်အလက်များ မရခြင်းနှင့် ၁၉၉၀ ပြည့်လွန် နှစ်စနှင့် နှစ်လယ်များမှ သတင်းအချက်အလက်များပေါ် မှီခိုအားထားနေကြောင်းဖြင့် အမေရိကန် စီအိုင်အေဌာနတွင်း သုံးသပ်ရေးအဖွဲ့က ကောက်ချက်ချသည်ဟု ဝါရှင်တန်ပို့စ်သတင်းစာက ရေးသားဖော်ပြလိုက်သည်။

အီရတ်သမ္မတ ဆက်ဒမ်ဟူစိန် အစိုးရက ဓာတု၊ ဇီဝနှင့်နျူကလီးယား လက်နက်များထုတ်လုပ်ရန် ကြိုးပမ်းနေသည်ဆိုခြင်းမှာ သတင်းအချက်အလက် ဟောင်းများပေါ် အခြေခံတွက်ချက် ယူဆနေခြင်းဖြစ်သည်ကို စီအိုင်အေက တွေ့ရှိလိုက်သည်ဟု သတင်းစာက ဖော်ပြသည်။

အကြောင်းပြချက်

အီရတ်နိုင်ငံတွင် လူအစုအပြုံလိုက် သေစေနိုင်သည့် လက်နက်များပိုင်ဆိုင်ထားသည်ဟူသောစွဲချက်မှာ မတ် ၂၀ ရက်တွင် အီရတ်နိုင်ငံအား ဝင်ရောက်တိုက်ခိုက်ရန် အမေရိကန်သမ္မတဘုရှ်၏ အဓိကအကြောင်းပြချက်ဖြစ်သည်။ ***အင်တာနက်။***

နိုင်ငံတကာ သတင်းများ

အမေရိကန်နိုင်ငံ၏ မူဝါဒများကို တောင်အာဖရိကတွင် ဆန့်ကျင်ကန့်ကွက်

ဂျိုဟန်နက်စဘတ် ဇူလိုင် ၆

တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်စဘတ်မြို့ရှိ အမေရိကန်ကောင်စစ်ဝန်ရုံးရှေ့တွင် အမေရိကန်နိုင်ငံ၏ မူဝါဒသဘောထားများကို ဆန့်ကျင်ကန့်ကွက်အင်အားပြရန် တောင်အာဖရိကပြည်သူများ သောကြာနေ့က စုရုံးဆန္ဒပြကြသည်။ ဆန္ဒပြသူများက အမေရိကန်ဆန့်ကျင်ရေး ကြွေးကြော်သံများ ကြွေးကြော်ကြသည်။ ဆိုင်းဘုတ်များကိုလည်း ဆန္ဒပြချီတက်ရင်း ကိုင်ဆောင်လာကြသည်။ ဆိုင်းဘုတ်များတွင် "အမေရိကန်တို့ အီရတ်ကိုလက်ရှောင်ကြ"၊ "စီးပွားရေးအနိုင်ကျင့်မှုအခုရပ်" ဟူသော ဆိုင်းဘုတ်များပါဝင်သည်။

သည်းမခံနိုင်တော့

ယင်းစီတန်းလှည့်လည်ဆန္ဒပြပွဲကို အမေရိကန်နယ်ချဲ့စနစ်ကို ပြည်သူတို့က သည်းခံနိုင်တော့မည် မဟုတ်ကြောင်း အမေရိကန်သမ္မတဘုရှ်ထံ ပြတ်သားစွာ အကြောင်းကြားလိုသည်ဆိုသည့် တောင်အာဖရိက ကွန်မြူနစ်ပါတီက စည်းရုံးအကောင်အထည်ဖော်ခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံ၏ မူဝါဒက ကုလသမဂ္ဂစနစ်ကို ဖြိုဖျက်ခဲ့ပြီး နိုင်ငံပေါင်းစုံ အခြေခံစနစ်တစ်ရပ်လုံးကို အန္တရာယ်ပြုနေကြောင်း၊ တောင်အာဖရိကနိုင်ငံ၏ သဘောထားကို အမေရိကန်တို့သိရှိအောင် ဤနေရာသို့ လာရောက်စုရုံးခြင်းဖြစ်ကြောင်း တောင်အာဖရိက ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး ဘလိပ်အင်ဇင်မန်ဒေးက ပြောကြားလိုက်သည်။

မျှော်လင့်

သို့သော် မိမိတို့သည် တောင်အာဖရိကနိုင်ငံသို့ အမေရိကန်သမ္မတဘုရှ် လာရောက်မည့် ခရီးစဉ်ကို ၎င်းတို့မဆန့်ကျင်ကြောင်း၊ သမ္မတဘုရှ်လာသည့်အခါ မိမိတို့နိုင်ငံ၊ ပြည်သူတို့နှင့် အစိုးရတို့က မည်သို့ခံစားရသည်ကို လေ့လာသိရှိမည်ဟုမျှော်လင့်ကြောင်း ဆန္ဒပြသူများက ပြောဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗိုလ်ချုပ်ကြီးဖရန့်အားတွေ့လိုသူ လက်နက်မှုဖြင့် အပြစ်ပေးခံရ

တမ်ပါ ဇူလိုင် ၅

ဖလိုရီဒါပြည်နယ် တမ်ပါမြို့မှ မက်ဒီးလ်စစ်တပ်စခန်းသို့ လေတပ်စခန်းမှူး ဗိုလ်ချုပ်ကြီး တော်မီဖရန့်အား တွေ့လိုသည်ဆိုသူတစ်ဦးမှာ ကျည်ထည့်ထားသည့် သေနတ်နှင့် ဓားမြှောင်တစ်လက်ကို ဝှက်ယူလာသဖြင့် ဖလိုရီဒါရဲတပ်ဖွဲ့က ၎င်းအား ဖမ်းဆီးလိုက်သည်။

ဗိုလ်ချုပ်ကြီးဖရန့်မှာ မက်ဒီးလ် လေတပ်စခန်း ဌာနချုပ်မှူးအနေဖြင့် အီရတ်စစ်ပွဲကို ကြီးကြပ်ရသူဖြစ်သည်။ အဖမ်းခံရသူမှာ တော့ဝိုက်ဂလာဆိုသူဖြစ်ပြီး လက်နက်များ လျှို့ဝှက်ယူဆောင်လာမှုဖြင့် ထောင်ဒဏ်ချမှတ်လိုက်သည်။ ***အင်တာနက်။***

နီပေါနိုင်ငံသို့ လာရောက်လည်ပတ်သည့် ကမ္ဘာလှည့်ခရီးသည်ဦးရေ တိုးတက်လာ

ခတ္တမန္ဒူ ဇူလိုင် ၅

နီပေါနိုင်ငံသို့ ပြီးခဲ့သည့်လအတွင်း လာရောက်လည်ပတ်သည့် ပြည်ပကမ္ဘာလှည့်ခရီးသည် စုစုပေါင်းဦးရေသည် ယမန်နှစ် အလားတူကာလကထက် ၂၉ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်းဖြင့် နီပေါ ခရီးသွားဘုတ်အဖွဲ့က သောကြာနေ့တွင်ထုတ်ပြန်သည့် သတင်းလွှာအရသိရှိရသည်။

ကမ္ဘာတစ်ဝန်းရှိ ဒေသအသီးသီးမှ ပြည်ပခရီးသည် ၁၇၈၁၁ ဦးသည် ယခုနှစ် ဇွန်လအတွင်း လေကြောင်းခရီးဖြင့် လာရောက်ကြပြီး ယမန်နှစ် အလားတူကာလက လာရောက်ခဲ့သည့် ခရီးသည် ၁၃၈၄၁ ဦး ရှိကြောင်း ၎င်းသတင်းလွှာတွင် ဖော်ပြထားသည်။

နီပေါနိုင်ငံသို့ အလည်အပတ်လာရောက်သည့် အိန္ဒိယနိုင်ငံမှ ခရီးသည် စုစုပေါင်းဦးရေသည် ၄၁ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့ပြီး ၁၁၉၆၇ ဦး အထိရှိရာ ယခုလအတွင်းလေကြောင်းခရီးမှ လာရောက်သူ စုစုပေါင်း ၆၁ ရာခိုင်နှုန်းရှိသည်။ အခြားနိုင်ငံများမှ ပြည်ပခရီးသည်ရောက်ရှိမှု ဦးရေသည် ကိုးရာခိုင်နှုန်းအထိ မြင့်တက်လာသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တရုတ်ပြည် ရှန်ဟိုင်းရှိ စင်ကျန်ဒီရပ်ကွက်၌ တည်ရှိသော ဥယျာဉ်တစ်ခုတွင် ကူးစက်မြန်ပြင်းထန်နမိုးနီးယားရောဂါ (ဆားစ်) ကူးစက်မှု အဆုံးသတ်သည့် အထိမ်းအမှတ်အခမ်းအနား၌ ဆားစ်ကင်းဝေးပြီဖြစ်ကြောင်း ဖော်ပြထားသော ရောင်စုံဖယောင်းတိုင်များကို ကလေးတစ်ဦးက မီးထွန်းညှိပေးနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်မြောက်ဘက်၌ ချုံခိုတိုက်ခိုက်မှုများဖြစ်ပွား အီရတ် ၁၁ဦးသေဆုံးပြီး အမေရိကန်စစ်သား ၁၈ဦးဒဏ်ရာရ

ဘဂ္ဂဒက် ဇူလိုင် ၅

အမေရိကန်တပ်များက ဘဂ္ဂဒက်မြို့မြောက်ဘက် အဝေးပြေးလမ်းမကြီးပေါ်တွင် ၎င်းတို့အား ချုံခိုတိုက်ခိုက်သည့် အီရတ်၁၁ဦးကို သောကြာနေ့က ပစ်သတ်လိုက်ကြောင်း၊ ထိုဒေသရှိ အမေရိကန်တပ်စခန်းတစ်ခုကို အီရတ်တို့ကစိန်ပြောင်းများဖြင့် ပစ်ခတ်သဖြင့် အမေရိကန်စစ်သား၁၈ဦးဒဏ်ရာ ရပြီး နာရီပိုင်းအတွင်းတွင် အထက်ပါအတိုင်း အီရတ်၁၁ဦးကို ပစ်သတ်လိုက်ခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဘက်က ကြေညာသည်။

ဘဂ္ဂဒက်ပြတိုက်လုံခြုံရေး တာဝန်ယူနေသည့် အခြားသော အမေရိကန်စစ်သားတစ်ဦးလည်း ပစ်ခတ်သတ်ခံရကြောင်း အမေရိကန်စစ်ဘက်က သောကြာနေ့တွင် ကြေညာသည်။

ဘဂ္ဂဒက်မြို့တော် မြောက်ဘက်၅၅မိုင်အကွာရှိ ဘာလက်မြို့အနီး အမေရိကန် မော်တော်ယာဉ်တန်းကို အာရ်ပီဂျီဗုံးသီးများ၊ လက်နက်ငယ်များဖြင့် တိုက်ခိုက်သော လူ၁၁ဦးကို အမေရိကန်ကြည်းတပ် အမှတ်(၄)ခြေလျင်တပ်မတပ်သားများကပြန်ပစ်ခတ်သဖြင့် အီရတ်၁၁ဦးသေဆုံးသွားသည်ဆို၏။

အီရတ်တို့၏ တိုက်ခိုက်မှုများမှာ အသေအချာစီစဉ်ထားသည့် လက္ခဏာရှိကြောင်း ဘာလက်မှ သတင်းပေးပို့သည့် ဘီဘီစီသတင်းထောက် ရစ်ချက်အိန်ဂျယ်က ပြောကြားသည်။

လက်နက်ကိုင် ၄၀-၅၀ဦးဆောင်သည့် ချုံခိုက်တိုက်ခိုက်မှုသုံးခုကို ၎င်းတို့ တုံ့ပြန်တိုက်ခိုက်ရကြောင်း၊ အမေရိကန်စစ်သားများက ပြောဆိုသည်။ ဘာလက်မြို့မြောက်ဘက် အမှတ်(၁) အဝေးပြေးလမ်းမကြီးတစ်လျှောက်တွင် ချုံခိုတိုက်ခိုက်မှုများမှာ ရှစ်နာရီမျှကြာသည်ဟု စစ်ဘက်တာဝန်ရှိသူများက ပြောဆိုသည်။

အင်တာနက်။

နိုင်ငံခြားသတင်းများ

မိုးရေချိန်စံချိန်တင်

တရုတ်ပြည်အရှေ့ပိုင်း ကျင်စုပြည်နယ် မြို့တော် နန်ကင်းတွင် နှစ်ပေါင်း ၂၀ကာလအတွင်း စံချိန်တင်မိုးရေမှတ်အထိ ဇူလိုင်၅ရက်က မိုးရွာသွန်းခဲ့ရာ လမ်းများပေါ်တွင် မော်တော်ယာဉ်များ ပိတ်မိလျက်ရှိစဉ်။ (ဓာတ်ပုံ-ဆင်ဟွာ)

အီရတ်မှအမေရိကန်ဦးဆောင်သည့် အာဏာပိုင်အဖွဲ့ ပြည်သူ့ကျန်းမာရေးလျစ်လျူရှုကာ ဂျီနီဗာကွန်ဗင်းရှင်းချိုးဖောက်နေ

ဘဂ္ဂဒက် ဇူလိုင် ၅

အီရတ်မှ အမေရိကန်ဦးဆောင်သည့် အာဏာပိုင်များသည် ဘဂ္ဂဒက်မြို့အနီးရှိ နျူကလီးယားစက်ရုံမှ ရေဒီယိုသတ္တိကြွပစ္စည်းများ အန္တရာယ်နှင့်စပ်လျဉ်း၍ ကုလသမဂ္ဂကျွမ်းကျင်သူများကို ဝင်ခွင့်မပေးဘဲ နိုင်ငံတကာဥပဒေကို ချိုးဖောက်နေကြောင်းဖြင့် ဂရင်းပိစ်ပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့က စွပ်စွဲလိုက်သည်။

ဘဂ္ဂဒက်မြို့တော် အရှေ့ဘက် ၁၂မိုင်ခန့်အကွာရှိ တူဝေသာနျူကလီးယားစက်ရုံပတ်ဝန်းကျင်မှ စာသင်ကျောင်းများနှင့် လူနေအိမ်များတွင် ရေဒီယိုသတ္တိကြွပစ္စည်းများ စိုးရိမ်စရာကောင်းလောက်အောင် ပျံ့နေသည်ကို ဂရင်းပိစ်အဖွဲ့က တွေ့ထားကြောင်း ကြေညာသည်။ သို့သော် အမေရိကန်ဦးဆောင်သည့် ညွှန့်ပေါင်းအာဏာပိုင်အဖွဲ့က ထိုပြဿနာကို အသိအမှတ်ပြုရန် ငြင်းဆိုနေသည်။

အမေရိကန်ဦးဆောင်သည့် အီရတ်အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့သည် အီရတ်ပြည်သူများ၏ ပြည်သူ့ကျန်းမာရေးကို တာဝန်ယူရန်ပျက်ကွက်ကာ ဂျီနီဗာကွန်ဗင်းရှင်းကို ချိုးဖောက်နေကြောင်းဖြင့် ဂရင်းပိစ်အဖွဲ့၏ အီရတ်စုံစမ်းရေးအဖွဲ့ခေါင်းဆောင် မိုက်တောင်းစလီက ပြောကြားသည်။

စစ်အုပ်ချုပ်ရေးနှင့်တကွ အကျဉ်းသားသုံ့ပန်းများအား ဆက်ဆံထားရှိမှုနှင့်ပတ်သက်၍ နယ်မြေသိမ်းပိုက်သူ အာဏာပိုင်များ၏ ဥပဒေနှင့်အညီတာဝန်ရှိမှုတို့ကို ဂျီနီဗာကွန်ဗင်းရှင်းက ပြဋ္ဌာန်းကြေညာထားသည်။

ရေဒီယိုသတ္တိကြွပစ္စည်းများ ကြောက်ခမန်းလိလိပျံ့နှံ့နေမှုကြောင့် ပြည်သူတို့၏ ကျန်းမာရေး အကျပ်အတည်းဆိုက်နေသည်ကို အီရတ်မှ အမေရိကန်ဦးဆောင်သည့်အာဏာပိုင်များက လျစ်လျူပြုထားသည်ဟု တောင်းစလီက ပြောဆိုသည်။

အင်တာနက်။

စောင့်ကြပ်

မြို့တော်ဘဂ္ဂဒက်ရှိ အမျိုးသားပြတိုက်ကို စောင့်ကြပ်နေသည့် အေဘရမ်အမျိုးအစား အမေရိကန် တင့်ကားတစ်စီးကို ဇူလိုင် ၄ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကျိုတိုစာချုပ် ရုရှားနိုင်ငံ၏ အကျိုးစီးပွားကိုမထိခိုက်

မော်စကို ဇူလိုင် ၅

ကျိုတိုစာချုပ်သည် ရုရှားနိုင်ငံ၏အကျိုးစီးပွားကို မထိခိုက်ကြောင်း၊ အထင်ကရ သဘာဝပတ်ဝန်းကျင်စာချုပ်အား လက်မှတ်ရေးထိုးအတည်ပြုခြင်းသည် ရုရှားအစိုးရ၏ခွင့်ပြုမိန့်ကို စောင့်ဆိုင်းလျက်ရှိသော နိုင်ငံရေးမေးခွန်းတစ်ရပ်ပင် ဖြစ်ကြောင်းဖြင့် ရုရှားစီးပွားရေးဝန်ကြီးဌာနကသောကြာနေ့တွင်ပြောကြားလိုက်သည်။

ရာသီဥတု အပြောင်းအလဲဖြစ်စေသည့် ဓာတ်ငွေ့များကမ္ဘာတစ်ဝန်းတွင် ထုတ်လွှတ်နေမှုကို လျှော့ပါးစေရန် ရည်ရွယ်သောအဆိုပါစာချုပ်ကိုသမ္မတ ဗလာဒီမာပူတင်က အတည်ပြုမည်ဖြစ်သည်ဟု ဒူးမားအောက်လွှတ်တော်အဖွဲ့ဝင် အမတ်များကပြောကြားသည်။

ကျိုတိုစာချုပ်အား အတည်ပြုလက်မှတ်ရေးထိုးခြင်းသည် ရုရှားဖက်ဒရေးရှင်းအတွက် မည်သည့်အန္တရာယ်မှ မကြုံတွေ့နိုင်ကြောင်း၊ မိမိတို့ကငင်းစာချုပ်ကို မဆန့်ကျင်ကြောင်းဖြင့်ဂေဟာစနစ်ဆိုင်ရာပြဿနာများနှင့်ပတ်သက်၍ တာဝန်ရှိသူဒုတိယစီးပွားရေးဌာနဝန်ကြီး စီကာနော့ဗ်က ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

ဒူးမား အောက်လွှတ်တော်က ၎င်းစာချုပ်ကို လက်မှတ်ရေးထိုးအတည်မပြုခဲ့ပါက အန္တရာယ်အမှန် ကြုံတွေ့နိုင်ကြောင်း စီကာနော့ဗ်က သတင်းထောက်များနှင့်တွေ့ဆုံမေးမြန်းရာတွင် ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်တောင်ပိုင်းတွင် မူးယစ်ဆေးများဖမ်းမိ မသင်္ကာသူသုံးဦးကို အီရတ်ရဲတပ်ဖွဲ့သို့လွှဲအပ်

ဘာဆရာ ဇူလိုင် ၅

ဗြိတိသျှတပ်သားများက အီရတ်နိုင်ငံတောင်ပိုင်းရှိ အိမ်တစ်အိမ်အတွင်းသို့ ဝင်ရောက်ရှာဖွေရာတွင် မူးယစ်ဆေးဝါး ရောင်းဝယ်သူများဟု သင်္ကာမကင်းသူသုံးဦးကို ဖမ်းဆီးလိုက်ပြီး ငွေသား၊ ငွေအတုလုပ်စက်ကိရိယာ တန်ဆာပလာများနှင့် မူးယစ်ဆေးဝါးများကို ဖမ်းဆီးရမိကြောင်းဖြင့်စစ်ဘက်ကပြောကြားသည်။

အမှတ်(၄၀) တော်ဝင်အမြောက်တပ်ရင်းမှ စစ်သားများက ဒေသခံသတင်းရပ်ကွက်၏ သတင်းပေးမှု အရ ဘာဆရာပြည်နယ်တောင်ပိုင်း ခေါ်အက်ဇ်ဇူဘေယာမြို့အတွင်း ညပိုင်းတွင် ဝင်ရောက်ရှာဖွေခဲ့ကြောင်း အမေရိကန်စစ်ဌာနချုပ်ကပြောကြားသည်။

ဗြိတိသျှစစ်သားများက အီရတ်နိုင်ငံသုံးဒိုင်နာ ၃၃သန်း(အမေရိကန်ဒေါ်လာ၁၁၀၀၀)တန်ဖိုးရှိ ဆေးခြောက်ဟုယူဆသည့် မူးယစ်ဆေးဝါးများကို ဖမ်းဆီးရမိသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ညီအစ်ကိုသုံးဦးကို အီရတ်ရဲတပ်ဖွဲ့သို့လွှဲပြောင်းပေးအပ်လိုက်သည်ဟု ပင်တဂွန်စစ်ဌာနချုပ်ကပြောကြားသည်။

ယင်းစစ်ဆင်ရေးလုပ်ငန်းကရာဇဝတ်ပြစ်မှုနှင့် ဥပဒေမဲ့ ဆောင်ရွက်နေမှုများအား သုတ်သင်ရှင်းလင်းရန်အတွက် ဗြိတိသျှစစ်သားများနှင့် ရောင်းရင်းတပ်သားများက အီရတ်ပြည်သူ လူထုနှင့်လက်တွဲ၍ တာဝန်ပိုယူ ဆောင်ရွက်ခြင်းကို ထုတ်ဖော်ပြသလိုက်ခြင်းပင်ဖြစ်ကြောင်း ဗြိတိသျှတပ်မှူး ဒုတိယဗိုလ်မှူးကြီး ရစ်ချတ်နူဂီကပြောကြားသည်။

အမေရိကန်နှင့်ဗြိတိသျှတပ်သားများက ဆက်ဒမ်ဟူစိန်အား လွှန်ခဲ့သည့်သုံးလနီးပါးအတွင်း ရာထူးမှဖယ်ရှားလိုက်ပြီးနောက် အီရတ်နိုင်ငံသူ၊ နိုင်ငံသားများသည် ရာဇဝတ်ပြစ်မှုနှင့် အလုပ်လက်မဲ့နှုန်း မြင့်မားမှုနှင့် ကြုံတွေ့နေရသည်။

ဆက်ဒမ်ဟူစိန်၏ လက်ထက်ကရှိခဲ့သည့် သံမဏိစည်းမျဉ်းအရ တရားမဝင်မူးယစ်ဆေးဝါး အသုံးပြုမှုသည် အဓိကလူမှုရေးပြဿနာ မဟုတ်ခဲ့သော်လည်း ယခုအခါအီရတ်နိုင်ငံတွင် စိုးရိမ်စိတ်မြင့်မားလာခဲ့ရသည့် ပြဿနာအဖြစ် ပေါ်ပေါက်လျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

ဥရောပ ပါလီမန်ကို ဘာလူစကွန်နီ တောင်းပန်ရန် တိုက်တွန်း

စထရာဘိုး ဇူလိုင် ၅

ဥရောပပါလီမန်ရှိ ဂျာမန်လူမျိုးအမတ်တစ်ဦးကို နာဇီတပ်ဖွဲ့ဝင်တစ်ဦးနှင့် နှိုင်းယှဉ်ပြောကြားခဲ့မှုနှင့်ပတ်သက်၍ အီတလီဝန်ကြီးချုပ် ဆီလ်ဗီယိုဘာလူစကွန်နီအား ဥရောပပါလီမန်ကို ဝန်ချတောင်းပန်ရန် ယင်းပါလီမန်၏ဥက္ကဋ္ဌ ပတ်ကော့စ်က ဇူလိုင်၄ရက်တွင် တိုက်တွန်းလိုက်သည်။

ပွက်လောရိုက်

ဝန်ကြီးချုပ်ဘာလူစကွန်နီသည် ဇူလိုင်၂ရက်က ဥရောပပါလီမန်၌ မိန့်ခွန်းပြောကြားခဲ့ရာတွင် ယင်းပါလီမန်ရှိ ဂျာမန်လူမျိုးအမတ်တစ်ဦးဖြစ်သူ မာတင်ရှူးလ်ဇ်အား နာဇီအကျဉ်းစခန်းမှ အစောင့်တပ်ဖွဲ့ဝင်တစ်ဦးနှင့် နှိုင်းယှဉ်ပြောကြားခဲ့ရာမှ ပါလီမန်တွင် ပွက်လောရိုက်ခဲ့ရသည်။ ပြင်သစ်နိုင်ငံ စထရာဘိုးမြို့ရှိ ဥရောပပါလီမန်တွင် ဥရောပသမဂ္ဂ၏ ဥက္ကဋ္ဌအဖြစ် ခြောက်လကြာတာဝန်ယူမည့် ဘာလူစကွန်နီက ၎င်း၏ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မိန့်ခွန်းတစ်ရပ်ပြောကြားစဉ်အတွင်း နောက်ပြောင်သည့်အနေဖြင့် ယင်းကဲ့သို့ပြောကြားခဲ့ရာ အငြင်းပွားစရာများ ဖြစ်ပေါ်ခဲ့ရသည်။

ဝမ်းနည်းမိ

ဘာလူစကွန်နီ သည် ဂျာမန်ပါလီမန်အမတ်အား လှောင်ပြောင်ခဲ့မှုအတွက် ဝမ်းနည်းမိပါသည်ဟု ဂျာမန်ဝန်ကြီးချုပ် ဂါဟက်ရှရိုးဒါးထံ တယ်လီဖုန်းဆက်ပြောကြားခဲ့သည်။ အီတလီဝန်ကြီးချုပ်၏ ပြက်ရယ်ပြုကာ ပြောဆိုခဲ့သည့်အမှု ပိတ်သိမ်းနိုင်ရန် ၎င်းအနေဖြင့် ဥရောပပါလီမန်ကိုဝန်ချတောင်းပန်သင့်ကြောင်း ပါလီမန်ဥက္ကဋ္ဌက ပြောကြားသည်။

အင်တာနက်။

နိုင်ငံတကာ သတင်းများ

လွတ်လပ်ရေးကို ချစ်မြတ်နိုးသူတိုင်း၊ နယ်ချဲ့ကျူးကျော်မှုကို ဆန့်ကျင်သူတိုင်း ကျူးကျော်ဝင်ရောက်လာသူများကို ဆန့်ကျင်တိုက်ခိုက်ရာတွင် ပါဝင်ရမည်

နယူးယောက် ဇူလိုင် ၅

အမေရိကန် ဦးဆောင်တိုက်ခိုက်ခဲ့သော အီရတ်စစ်ပွဲနှင့် ပတ်သက်၍ မိမိတို့၏ ထင်မြင်ယူဆချက်များကို စီအင်အန်အင်န်သတင်းဌာန အိုးပင်းဖိုရမ်အစီအစဉ်သို့ ဆက်လက်ပေးပို့လျက်ရှိကြရာ အီရတ်နိုင်ငံမှ ရှုမြင်သုံးသပ်သူတစ်ဦးက ရေးသားပေးပို့လိုက်ရာတွင် အမေရိကန်နှင့် ဗြိတိသျှနယ်ချဲ့ကျူးကျော်တိုက်ခိုက်သူများအား အီရတ်နိုင်ငံ၌ နေ့စဉ် သတ်ဖြတ်ခံနေရခြင်းကို သိရှိရ၍ မိမိ ကျေနပ်မိကြောင်း၊ လွတ်လပ်ရေးကို ချစ်မြတ်နိုးသူတိုင်း၊ နယ်ချဲ့ကျူးကျော်မှုကို ဆန့်ကျင်သူတိုင်းက ကျူးကျော်ဝင်ရောက်လာသူများကို ဆန့်ကျင်တိုက်ခိုက်ရာတွင် ပါဝင်ရမည်ဖြစ်ကြောင်း၊ အမေရိကန်နှင့် ဗြိတိသျှတပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံမှ တိုက်ထုတ်ခံရသည့်အချိန်အထိ ၎င်းတို့နေ့စဉ်နှင့်အမျှ တိုး၍ သတ်ဖြတ်ခံရမည်ဖြစ်ကြောင်း ရေးသားဖော်ပြထားသည်။

ရူးသွပ်သူများဖြစ်

အခြား ရှုမြင်သုံးသပ်သူတစ်ဦးက ရေးသားပေးပို့ရာတွင် အမေရိကန်နှင့် ဗြိတိသျှတပ်ဖွဲ့များသည် တကယ်တမ်းတွင် ပြောသည့်အတိုင်း မဆောင်ရွက်နိုင်ဘဲ စိတ်ပျက်မျှော်လင့်ချက်မဲ့စရာများသာ ဖြစ်လာကြောင်း၊ အီရတ်နိုင်ငံ၌ ဆက်ဒမ်ဟူစိန် မရှိအောင် ပြုလုပ်ပေးခြင်းသည် အီရတ်လူမျိုးများကို ကယ်တင်ရာရောက်သည်ဟု ထင်မှတ်စရာရှိသော်လည်း အမှန်တွင် ယင်းကဲ့သို့မဟုတ်ကြောင်း၊ အမေရိကန်တို့၏ ယုံကြည်ချက်သည် ရူးသွပ်မှုများသာဖြစ်ပြီး ယင်းအတွက် ဒဏ်ခတ်ခံရမည်ဖြစ်ကြောင်း ရေးသားဖော်ပြထားသည်။ ***စီအင်န်အင်န်။***

အီရတ်နိုင်ငံ ဘာလက်မြို့တွင် အမေရိကန်တပ်ဖွဲ့၏ ထောက်ပို့စခန်း တည်ရှိရာ နေရာကို ဇူလိုင် ၄ ရက်က စိန်ပြောင်းဖြင့် ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီးနောက် စခန်းလုံခြုံရေးအတွက် သံဆူးကြိုးများ ကာရံလျက်ရှိစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဂျာမန်နက္ခတ္တဗေဒပညာရှင်များ ကြာသပတေးဂြိုဟ်နှင့် ဆင်တူသည့် ဂြိုဟ်တစ်လုံးကို ရှာဖွေတွေ့ရှိ

ဘာလင် ဇူလိုင် ၅

ဂျာမနီနိုင်ငံမှ နက္ခတ္တဗေဒပညာရှင်များက ကြာသပတေးဂြိုဟ်နှင့် ဆင်တူပြီး နေကဲ့သို့သော ကြယ်တစ်လုံးကို လှည့်ပတ်နေသည့် ဂြိုဟ်တစ်လုံးကို ရှာဖွေတွေ့ရှိခဲ့သည်။ ၎င်းဂြိုဟ်၏ ဆိုလာစနစ်သည် ကမ္ဘာဂြိုဟ်တည်ရှိရာ ဆိုလာစနစ်နှင့် တူညီနိုင်ခြင်းကြောင့် အဆိုပါဂြိုဟ်တွင် ရေသာမက သက်ရှိများပင် ရှိနိုင်ကြောင်း သိရသည်။ ၎င်းဂြိုဟ်သည် ကမ္ဘာဂြိုဟ်မှ အလင်းနှစ်ပေါင်း သန်း၉၀ အကွာတွင် တည်ရှိနေပြီး အိပ်ချ်ဒီ-၇(၀၆၄၂)ဟု အမည်ပေးထားသည်။ ***စီအင်န်အင်န်။***

အီရတ်တို့၏ ခုခံမှုများ ပိုမိုစနစ်တကျ ရှိလာ စိတ်ဓာတ်ကျနေသည့် အမေရိကန်တပ်ဖွဲ့များကို အစားထိုးရန် လိုအပ်ဟု အမေရိကန်အမတ်များ ပြောကြား

ဘဂ္ဂဒက် ဇူလိုင် ၅

အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များအား ဆန့်ကျင်တိုက်ခိုက်မှုများ အဆက်မပြတ် ဖြစ်ပွားနေပြီး နေ့ခင်းကြောင်တောင် ဘဂ္ဂဒက်မြို့အတွင်း၌ တိုက်ခိုက်မှုများပြောင်ပြောင်တင်းတင်း ပြုလုပ်လာကြသည့်အတွက် စိုးရိမ်ပူပန်မှုများ ပေါ်ပေါက်လျက်ရှိသည်။

အချိန်မရှိ

အီရတ်ကို သုံးရက်ကြာ သွားရောက်လည်ပတ်ခဲ့သည့်အမေရိကန်လွှတ်တော်အမတ်များက ပင်တဂွန်စစ်ဌာနချုပ်အနေဖြင့် ပြဿနာရပ်များကို ဖြေရှင်းရန် အချိန်မရှိတော့ကြောင်း ပြောကြားခဲ့သည်။

ယခုလို ခုခံတိုက်ခိုက်မှုများသည် ဆက်ဒမ်ဟူစိန်သက်ရှိထင်ရှားရှိနေသည် ဆိုသည့်အချက်ကြောင့် ပြောက်ကျားစစ်ကို အားဖြည့်ပေးသကဲ့သို့ဖြစ်နေသည်ဟု အမေရိကန်တို့က ယူဆသည့်အတွက် ဆက်ဒမ်နှင့် သားနှစ်ဦးအကြောင်း သတင်းပေးပါက ဆုငွေများ ပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

လိုအပ်

အီရတ်ရှိ အမေရိကန်တပ်မှူးက ပြောက်ကျားစစ်ကို တုံ့ပြန်ရန် တပ်ကူမလိုကြောင်း ပြောကြားသော်လည်း စစ်ကြောင့် စိတ်ဓာတ်ကျဆင်းနေသည့် တပ်ဖွဲ့များအား အစားထိုးရန် လိုအပ်ကြောင်း၊ အမေရိကန်တို့ အနေဖြင့် ရုရှား၊ ပြင်သစ် စသောနိုင်ငံများနှင့် ကုလသမဂ္ဂသို့ အကူအညီတောင်းခံရန် လိုအပ်လာပြီဖြစ်ကြောင်း လွှတ်တော်အမတ်များက ပြောကြားခဲ့သည်။

နှိမ်နင်းရန်ခက်ခဲ

လွှတ်တော်အမတ်များက အီရတ်တို့၏ ခုခံမှုများသည် ပိုမိုစနစ်တကျ ရှိလာပြီး ဗဟိုစုစည်းမှုရှိသည့် ခုခံမှုပုံသဏ္ဌာန်ဖြစ်ကာ ၎င်းတို့ကို နှိမ်နင်းရန် ခက်ခဲမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ***စီအင်န်အင်န်။***

ပြည်ပရောက် အီရတ်ဒုက္ခသည် လေးသိန်း ဌာနေပြန်ရေး နိုင်ငံအတွင်း လုံခြုံမှု မရှိခြင်းက အဟန့်အတားဖြစ်နေ

ဘဂ္ဂဒက် ဇူလိုင် ၅

ပြည်ပနိုင်ငံများတွင် ရောက်ရှိနေသော အီရတ်ဒုက္ခသည် ၄၀၀၀၀၀ သည် အမိမြေ အီရတ်နိုင်ငံသို့ ရက်သတ္တပတ် အနည်းငယ်အတွင်း နည်းနည်းချင်း စတင်ပြန်လာနိုင်ဖွယ်ရှိကြောင်း၊ သို့ရာတွင် အီရတ်နိုင်ငံအနေဖြင့် အုံလိုက်၊ ကျင်းလိုက် ပြန်လာသူများအား လက်ခံရန် အဆင်သင့် မရှိသေးကြောင်းဖြင့် အီရတ်ရှိ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (ယူအင်အိပ်ချ်စီအာ)က သောကြာနေ့တွင် ပြောကြားလိုက်သည်။

အဟန့်အတားဖြစ်

အီရတ်နိုင်ငံတွင် လုံခြုံမှုမရှိခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ အားနည်းနေမှုတို့ကြောင့် အီရတ်နိုင်ငံ ပြင်ပရှိ ဒုက္ခသည်များ ဌာနေပြန်လာရေးကို အဟန့်အတားဖြစ်စေကြောင်း အီရတ်ဆိုင်ရာ ယူအင်အိပ်ချ်စီအာ အထူးသံတမန် ဒေးဗစ်မက္ကနာမရာက ပြောကြားသည်။

အီရတ်ဒုက္ခသည်များနှင့် တကွဲတပြားစီဖြစ်နေသူများ အီရတ်နိုင်ငံသို့ ပြန်လာကြမှုသည် ငြိမ်းချမ်းရေး ရရှိသည့် လက္ခဏာတစ်ရပ်ပင်ဖြစ်သလို ငြိမ်းချမ်းရေးအတွက် အထောက်အကူပေးသည့် အချက်လည်းဖြစ်ကြောင်း၊ အီရတ်စစ်ပွဲပြီးသည့်နောက် အီရတ်ပြည်သူလူထု တည်ငြိမ်မှုရှိစေရန် မဆောင်ရွက်နိုင်ပါက ဧကန်အားဖြင့် အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်နိုင်မည် မဟုတ်ကြောင်း မက္ကနာမရာက သတင်းထောက်များအား ပြောကြားလိုက်သည်။

အိုးပစ်အိမ်ပစ်

မြေနေရာ အငြင်းပွားမှုများသည်လည်း အဓိက အတားအဆီးပြဿနာ ဖြစ်နေကြောင်း၊ အထူးသဖြင့် အီရတ်နိုင်ငံ မြောက်ပိုင်းတွင် ဆက်ဒမ်ဟူစိန်၏ အာရပ်နိုင်ငံသားသွတ်သွင်းရေး မူဝါဒကြောင့် ကာ့ဒ်လူမျိုးစု ထောင်ချီ၍ အိုးပစ်အိမ်ပစ်အခြေဆိုက်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

အီရတ်နိုင်ငံအတွင်း ကာ့ဒ်လူမျိုး ၈၀၀၀၀၀ အပါအဝင် အိမ်ခြေရာခြေမဲ့ အီရတ်နိုင်ငံသား တစ်သန်းခန့်သည် အီရတ်နိုင်ငံသို့ ၂၀၀၄ ခုနှစ် မတိုင်မီအထိ ပြန်လာနိုင်ဖွယ် မရှိသေးကြောင်း မက္ကနာမရာက ဆက်လက်ပြောကြားသည်။

ရပ်ဆိုင်းထားရန်

အီရတ်ဒုက္ခသည်များအား လက်ခံထားပြီး ၎င်းတို့တောင်းခံသည့် ခိုလှုံမှုကို ငြင်းဆိုထားသည့် နိုင်ငံများအနေဖြင့် အီရတ်ဒုက္ခသည်များအား တစ်လထက်မနည်း ဌာနေသို့ပြန်မပို့ဘဲ ရပ်ဆိုင်းထားပါရန် ယူအင်အိပ်ချ်စီအာ၏ ပြောရေးဆိုခွင့်ရှိသူ ရွှန်းရက်ဒ်မွန်က ပြောကြားသည်။

ပြန်လည်သုံးသပ်

အမေရိကန်နှင့် ဗြိတိသျှတပ်သားများက အီရတ်နိုင်ငံအား ကျူးကျော်တိုက်ခိုက်ပြီးနောက် ဖော်ပြပါ ကိစ္စနှင့်စပ်လျဉ်း၍ ယာယီအားဖြင့် သုံးလကြာ ရပ်ဆိုင်းထားရန် မတ်လအတွင်းက သဘောတူထားချက်သည် သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သည်။ သို့ရာတွင် ယူအင်အိပ်ချ်စီအာက ၎င်းပြဿနာကို ပြန်လည်သုံးသပ်လျက်ရှိသည်။

ဆက်ဒမ်ဟူစိန် ရာထူးမှ အဖယ်ရှားခံရပြီးသည့်နောက် အီရတ်နိုင်ငံသား ၂၀၀၀၀ ခန့်သည် ကုလသမဂ္ဂ အကူအညီမယူဘဲနှင့် ရှော်ဒန်မှသော်လည်းကောင်း၊ ထောင်ချီသော အီရတ်နိုင်ငံသားများသည် လက်ဘနွန်နှင့် အီရန်နိုင်ငံတို့မှ အီရတ်နိုင်ငံသို့ ပြန်လာနေကြကြောင်း မက္ကနာမရာက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

သရက်သီးပွဲတော်

အိန္ဒိယနိုင်ငံ မြို့တော်နယူးဒေလီတွင် ဇူလိုင်၅ရက်က (၁၅)ကြိမ်မြောက် သရက်သီးပွဲတော် ဖွင့်ပွဲအခမ်းအနားတစ်ရပ်တွင် အမျိုးသမီးနှစ်ဦးက ဧည့်သည်များအား သရက်သီးလက်ဆောင်ပေးစဉ်။

(ဓာတ်ပုံ-ဆင်ဟွာ)

နိုင်ငံတကာ မုန့်ဖိုနှင့် ကုန်တိုက်ဆိုင်ရာ ကုန်စည်ပြပွဲ ရှန်ဟိုင်း၌ ကျင်းပ

ရှန်ဟိုင်း ဇူလိုင် ၅

နိုင်ငံတကာမုန့်ဖိုနှင့် ကုန်တိုက်ဆိုင်ရာ ဆဋ္ဌမအကြိမ်မြောက် ကုန်စည်ပြပွဲတစ်ရပ်ကို တရုတ်ပြည် ရှန်ဟိုင်းတွင် ကြာသပတေးနေ့ကကျင်းပရာ နိုင်ငံပေါင်း ၂၀ခန့်မှ စီးပွားရေးလုပ်ငန်း ၃၀၀ ကျော်တို့ ဝင်ရောက်ပြသကြသည်။ တရုတ်ပြည်တွင် ကူးစက်မြန်ပြင်းထန် အဆုတ်ရောင်ရောဂါ(ဆားစ်)ဖြစ်ပွားပြီးခဲ့သည့်နောက် ရှန်ဟိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် နိုင်ငံတကာ ကုန်စည်ပြပွဲကို ကျင်းပခြင်းဖြစ်သည်။

လတ်ဆတ်သော ပေါင်မုန့်များ၊ ကိတ်မုန့်များနှင့် လမုန့်များ၊ မုန့်ဖုတ်သည့် ပုံစံများ၊ မုန့်ဖုတ်မီးဖိုနှင့် မုန့်လှီးဖြတ်သည့် ဓားများကိုလည်း ပြပွဲခန်းမဆောင်တွင် ပြသထားသည်။ ဂျာမန်အခြေစိုက် ဝက်တယ်ကုမ္ပဏီ၏ လုပ်ငန်း အင်ဂျင်နီယာ ဂျော့ဂျ်ချန်မစ်တလာ တီထွင်ထားသည့် မုန့်ဖုတ်မီးဖိုကိုလည်း ပြသထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

မြတ်သန္တာ စာသင်တိုက် ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၆

အင်းစိန်မြို့နယ် မြတ်သန္တာစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ(သ-စ-အ) ဓမ္မာစရိယ မိုးတား ဆရာတော်ကြီး ဘဒ္ဒန္တသူရိယာဘိဝံသ အမှူးရှိသော စာချ စာသင်အရှင်မြတ် ၇၅ပါးတို့အား အင်းစိန်မြို့နယ် ၁၀မိုင် န၀ဒေးလမ်းနေ ဦးဝင်းအောင်-ဒေါ်အေးအေးသန်း မိသားစုတို့က မတည်၍ အလှူရှင် တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့က ၁၃၆၅ခု ဝါဆိုလဆန်း ၁၀ရက် (ဇူလိုင် ၈ရက်) အင်္ဂါနေ့ မွန်းလွဲ ၂နာရီတွင် ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းမည်ဟု သိရသည်။ (က-ပ)

ပြိုးခြံချွေတာ၊ ထိန်းပါလေလွှင့်၊ ထုတ်ကုန်မြှင့်

အနာဂတ်အတွက် အားဆေးတစ်ခွက်

အာဘော်

အသက်(၁၈)နှစ်အောက် အာဆီယံဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်း အောင်မြင်မှုရရှိခဲ့သည့် မြင်ကွင်းသည် အလွန် ဝမ်းသာဂုဏ်ယူစရာကောင်းပါသည်။ ပရိသတ်၏ တစ်ခဲနက်အားပေးမှု၏အောက်တွင် လေ့ကျင့်ရည်ပြည့်ဝနေသော၊ အတွေ့အကြုံ ရင့်ကျက်နေသော ကြိုးစားအားထုတ်မှုအပြည့်အဝရှိသော မြန်မာလူငယ်အသင်းသည် အနိုင်မခံအရှုံးမပေးသည့်စိတ်ဓာတ်၊ လေ့ခွက်ချည်းကျန် အလံမလှဲသည့် စိတ်ဓာတ်တို့ဖြင့် အစွမ်းကုန်ကြိုးစားခဲ့ကြ၍ ဤကဲ့သို့နိုင်ငံ့အတွက် ဂုဏ်ယူစရာအောင်ပွဲ ဆင်နိုင်ခဲ့ခြင်းသာ ဖြစ်ပါသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် ကိုယ်တိုင် ကွင်းအတွင်းသို့ရောက်ရှိပြီး အောင်ပွဲရ လူငယ်များကို တစ်ဦးချင်း နှုတ်ဆက်ဂုဏ်ပြုခြင်း၊ ထိုအောင်မြင်မှုအပေါ် တစ်နည်းဆိုရသော် နိုင်ငံတော်၏ အောင်မြင်မှုအပေါ်တွင် ဝမ်းသာပီတိ ကျေနပ်မှုဖြစ်ကြရသည်များကို တွေ့မြင်ရသည့်အတွက် ဂုဏ်ယူမိရပါသည်။

ဤကဲ့သို့ အောင်မြင်မှုမျိုး ရရှိရန်အတွက်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်မှ တာဝန်ယူဆောင်ရွက်နေသော နိုင်ငံတော်အကြီးအကဲ၏ မျှော်မှန်းကြပ်မတ် အကောင်အထည်ဖော် ဆောင်ရွက်မှု၊ တိုင်းသူပြည်သားများ၏ ဝိုင်းဝန်းအားပေးကူညီမှု၊ ဘောလုံးအသင်းတွင် ပါဝင်ကြသော မြန်မာ့လက်ရွေးစင်ဟောင်း နည်းပြကြီးများမှအစ အသင်းသားတစ်ဦးစီက မလျှော့သော ဇွဲ၊ လုံ့လတို့ဖြင့် ကြိုးစားမှုများကြောင့် ယခုလို အောင်မြင်မှု ရရှိခဲ့ခြင်းသာဖြစ်ပါသည်။

ပရိသတ်ဖြစ်သော ပြည်သူလူထုက မြန်မာအသင်းကိုသာ နိုင်စေချင်သည်။ သို့သော် အားပေးမှုသည် စည်းကမ်းမရှိ၍ မရပါ။ လွန်ကဲသော အားပေးမှုဖြစ်ပါက တစ်ဖက်အသင်းက ကန့်ကွက်လျှင် ပွဲပျက်သွားနိုင်ပါသည်။ ပွဲပျက်မည်ဆိုပါက ယခုကဲ့သို့ အောင်မြင်မှုမရနိုင်သည့်အပြင် နိုင်ငံတော်အတွက် ဂုဏ်သိက္ခာကျစရာဖြစ်သွားနိုင်ပါသည်။ ထို့ကြောင့် တာဝန်ရှိသူများက ဘောလုံးပွဲကြည့်ပရိသတ် စည်းကမ်းရှိအောင် ပညာပေးစည်းရုံးရပါသည်။ ကြပ်မတ်ရပါသည်။ ပရိသတ်ကလည်း နားလည်သဘောပေါက်လိုက်နာကြသည့်အတွက်နိုင်ငံတော်အတွက် ဂုဏ်ယူစရာကောင်းသည့် ရလဒ်ရရှိခဲ့ခြင်းဖြစ်ပါသည်။

အမျိုးသား စည်းလုံးညီညွတ်မှု ပျက်ပြားနေခဲ့စဉ်က နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်စေရန်အတွက် လမ်းများ၊ တံတားများမဆောင်ရွက်နိုင်ခဲ့ပါ။ ပညာရေး၊ ကျန်းမာရေးတို့အတွက် ကျောင်းများ၊ ဆေးရုံများ တိုးချဲ့ဆောက်လုပ်ပေးနိုင်ခဲ့ခြင်း မရှိခဲ့ပါ။ စိုက်ပျိုးရေးအတွက်ဆည်၊ တမံများ တည်ဆောက်မပေးနိုင်ခဲ့ပါ။ လျှပ်စစ်စွမ်းအား အရင်းအမြစ်များ တိုးတက်အောင် မဆောင်ရွက်နိုင်ခဲ့ပါ။

ယခုအချိန်တွင်မူ နိုင်ငံတော်အစိုးရက တာဝန်ယူကြပ်မတ်ဆောင်ရွက်ခဲ့သည့်အတွက် လမ်းတံတား၊ ဆေးရုံ၊ ကျောင်း၊ ဆည်၊ တမံ၊ စိုက်ပျိုးမွေးမြူရေး များစွာဖွံ့ဖြိုးတိုးတက်နေသည်မှာ ကိန်းဂဏန်း များဖော်ပြရန်ပင် မလိုတော့ပါ။

အချုပ်ဆိုရသော် အောင်မြင်မှုရရှိရန်အတွက် ရည်မှန်းချက်ကို ချမှတ်၍ စီမံလုပ်ဆောင်ရပါသည်။ ဆောင်ရွက်မှုများ စနစ်တကျရှိရေးတို့အတွက် ကြပ်မတ်ထိန်းသိမ်းရပါသည်။ ယင်းတာဝန်များသည် နိုင်ငံတော်အစိုးရ၏ တာဝန်များဖြစ်ပါသည်။ ဆောင်ရွက်ကြိုးပမ်းနေသူများသည် မိမိတို့အကျိုးအတွက် ဆောင်ရွက်နေခြင်းမဟုတ်ပါ။ တိုင်းပြည်၏အနာဂတ် ကောင်းစားရေးအတွက်သာ ဖြစ်ကြောင်း နားလည်သဘောပေါက်မိပါသည်။ **မြန်မာနိုင်ငံ အနာဂတ် ကောင်းစားရေးအတွက် အားဆေးတစ်ခွက်**ဟူ၍ ထင်မြင်ယူဆတင်ပြလိုက်ပါသည်။ ။

ရွှေကျင်ကျောင်းတိုက် ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၆

ကျေးဇူးတော်ရှင် အဘိဓဇမဟာရဋ္ဌဂုရု၊ နိုင်ငံတော် သြဝါဒါစရိယ၊ တွဲဖက်ရွှေကျင်သာသနာပိုင်၊ ကျမ်းပြုအကျော် ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ သီတင်းသုံးတော်မူခဲ့သော ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက်၌ ဝါဆိုဝါကပ်တော်မူမည့် ကျောင်းတိုက် စာချစာသင် သံဃာတော်အရှင်သူမြတ်များအား ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲကို ၁၃၆၅ခု ဝါဆိုလပြည့်နေ့ ဇူလိုင် ၁၃ရက် (တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် အဆိုပါ ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

ဝါတွင်း သီတင်းနေ့တိုင်း၌လည်း မွန်းလွဲ ၁နာရီတွင် တရားပွဲများ ကျင်းပမည်ဖြစ်၍ မည်သူမဆို လာရောက်တရားနာယူနိုင်ကြောင်း သိရသည်။ (က-ပ)

၃၆ လမ်းဓမ္မာရုံ ဝါဆိုသင်္ကန်းကပ်လှူ

ရန်ကုန် ဇူလိုင် ၆

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် (၃၆)လမ်း ဝေယျာဝစ္စဓမ္မာရုံ၏ အကြိမ်(၃၀)မြောက် ဝါဆိုသင်္ကန်း ကပ်လှူပွဲကို ယနေ့နံနက် ၁၀ နာရီက အဆိုပါ ဓမ္မာရုံ၌ ပြုလုပ်သည်။ ဝါဆိုသင်္ကန်း ကပ်လှူပွဲတွင် သိမ်ဖြူလမ်း ပညာရာမိက (A)ကျောင်းမှ ဆရာတော် ၁၂ပါးတို့အား ကပ်လှူပူဇော်ကြသည်။ **(က-ပ)**

ပြည်သူ့စွမ်းအား ငှက်ဖျားကာကွယ်

* ငှက်ဖျားတွင်ခြား	ချမ်းတုန်ဖျား၍
သွေးအားနည်းပါ	ထိုရောဂါသည်
မှန်စွာမသွေ	ဖက်ဆွတ်ရေသောက်
စမ်းရေသောက်၍	ငှက်ပျောသီးစား
စဉ်ဖြစ်ပွားဟု	ယုံမှားသံသယမစွဲရာ၊
* အနော့ဖလီးစ်	အပြီးတွင်ပ
ထိုခြင်မ,က	မုချကိုက်ကာ
ရောဂါရှိသူ	သွေးစုပ်ယူ ပြီး
ကိုက်မှု ဖန်ဖန်	ကူးစေပြန်သည်
ဧကန်ငှက်ဖျား	တုန်ဖျားတစ်ဖန်အပူပြန်၊
* ငှက်ဖျားနှိမ်ခြား	အမျိုးသားဆင့်
ပြတ်သားတိုက်ဖျက်	ရက်သတ္တပတ်
စ,လတ်နှစ်ပေါက်	တောက်လျှောက်မှန်ပင်
သန့်စင်အိမ်တွင်း	သန့်ရှင်းဝန်းကျင်
ခြင်မကိုက်ရေး	ဆောင်ရွက်ပေးလို့ကာကွယ်စို့။ ။

(စတုတ္ထအကြိမ်မြောက် အမျိုးသားအဆင့် ငှက်ဖျားရောဂါကာကွယ် နှိမ်နင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်ကို ဂုဏ်ပြုကြိုဆိုလျက်-)

ဒေါက်တာသန်းဦး

လေအေးပေးစက် သင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၆

ပြည်တွင်း၊ ပြည်ပ လုပ်ငန်းအသီးသီးတွင် အင်ဂျင်နီယာတာဝန်များ ထမ်းဆောင်နိုင်ရန် နေဝန်းစက်မှုကုန်ထုတ်အသင်းမှ City & Guilds 6161 Series ၏ သင်ရိုးညွှန်းတမ်းများဖြင့် အသုံးချရေခဲသေတ္တာနှင့် လေအေးစက် Diploma in Refrigeration & Air Conditioning အင်ဂျင်နီယာဖြစ် သင်တန်းအမှတ်စဉ်(၁၉)ကို ဇူလိုင် ၂၂ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။

လျှောက်ထားနိုင်

ယင်းသင်တန်းတွင် Certificateအဆင့် Module (I)အတွက် နှစ်လနှင့် Diploma အဆင့် Module(II) အတွက် နှစ်လ စုစုပေါင်း လေးလကြာ သင်တန်းပို့ချပြီး C&G Visiting Verifier လာရောက်စစ်ဆေးပြီး NVQ Level (3) အဆင့်ရှိ အင်ဂျင်နီယာ ဒီပလိုမာအောင်လက်မှတ် ရရှိမည်ဖြစ်သည်။ သင်တန်းတက်ရောက်ခွင့် ရရှိသူများသည် Electrical Installationဘာသာရပ်ကိုပါ စာတွေ့လက်တွေ့ အခမဲ့တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။ ယင်းသင်တန်းတွင် သင်တန်းသား ၂၀ဦးသာ လက်ခံမည်ဖြစ်သည်။ သင်တန်းဝင်ခွင့်ကို ယနေ့မှစ၍ Novel Win Engineering Centreအမှတ်(၇) ဝတ်ကျောင်းလမ်း ရေကျော် ပုဇွန်တောင်မြို့နယ်သို့ တိုက်ရိုက်ဆက်သွယ်လျှောက်ထားနိုင်ကြောင်း သိရသည်။ **(က-ပ)**

ပလက်ဝမြို့နယ် ဗုဒ္ဓဘာသာကလျာဏအသင်း ပထမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၆

ပလက်ဝမြို့နယ် ဗုဒ္ဓဘာသာကလျာဏအသင်း(ရန်ကုန်)၏ ပထမအကြိမ် ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲကို ဇူလိုင် ၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်း သိမ်ကုန်းကျောင်းတိုက်ဝင်းအတွင်းရှိ ပညာလင်္ကာရ(ပလက်ဝ) ဘုန်းတော်ကြီးကျောင်း၌ ကျင်းပမည်ဖြစ်သည်။

လှူဒါန်းနိုင်

အသင်းသားများနှင့် မြို့နယ်သူ၊ မြို့နယ်သားများ စေတနာရှင် အလှူရှင်များ လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို အမျိုးသမီးများ ဆင့်ပွားသင်တန်းကျောင်းဝင်း၌ ဇူလိုင် ၃ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းစိုးက သစ်ဆိမ့်ပင်စိုက်ပျိုးပြီး ရေလောင်းပေးစဉ်။ (က-ပ)

လျှပ်စစ်အန္တရာယ် သတိပြုဖွယ်

၁။ **မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ဗို့အားမြင့် မဟာဓာတ်အားလိုင်းများအနီးယာဉ်ကြီးများ ရပ်နား၍ ပစ္စည်းအတင်အချပြုလုပ်ခြင်း၊ ပျော်ပွဲရွှင်ပွဲများကျင်းပ၍ မီးပုံးပျံလွှတ်တင်ခြင်း၊ စွန်လွှတ်ကစားခြင်း တို့ကြောင့် လျှပ်စစ်ဓာတ်အားလိုင်းများမှ တစ်ဆင့် မတော်တဆ ထိခိုက်ဒဏ်ရာရမှု/အသက်ဆုံးရှုံးရမှုများ မကြာခဏ ဖြစ်ပေါ်လျက်ရှိနေပါသည်။**

၂။ **သို့ပါ၍ မဟာဓာတ်အားလိုင်းများ အနီးတစ်ဝိုက်တွင် ယာဉ်ကြီးများရပ်နားခြင်း၊ မီးပုံးပျံလွှတ်တင်ခြင်း၊ စွန်လွှတ်ကစားခြင်းများကို ရှောင်ကြဉ်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။**

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၇-၇-၂၀၀၃ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြပဟန်ဂီတသံ
၄:၂၅ ၅။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄:၃၅ ၆။ မျိုးချစ်တပ်မတော်
၄:၄၅ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
(က)ဒုတိယနှစ် (ဝါဏိဇ္ဇဗေဒ)
(ခ)ဒုတိယနှစ် (သမိုင်း)
၅:၃၀ ၉။ မြဝတီမင်္ဂလာဇင်းကဏ္ဍ
၅:၄၀ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ မြန်မာ့ရှုခင်း
၆:၃၅ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၆:၄၅ ၁၆။ မြန်မာ့လက်သီး
၇:၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အဏ္ဏဝါချစ်သူ" (အပိုင်း-၄)**
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရှောင်လင်ခုနစ်ဆင့် သိုင်းသမား" (အပိုင်း-၃၆)**
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၅၁)ရပ်ကွက် မြဝတီမင်းကြီး(၁)လမ်းရှိ ဒဂုံမြို့ဦးကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ညာဏောဒယအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

➪ ရွှေကျင်ဆရာတော်မှ

အစိုးရအဖွဲ့ - အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဝတ်အဖွဲ့ဝင်များ၊ ရိပ်သာယောဂီများနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို ဆရာတော်၊ သံဃာတော်များနှင့် ပရိသတ်များက နမောတဿသုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြသည်။

ထို့နောက် နိုင်ငံတော် ဩဝါဒါစရိယ ရွှေကျင်နိကာယ တွဲဖက်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု သီရိမန္တစံကျောင်း ဆရာတော် ဘဒ္ဒန္တ ရာဇိန္ဒာဘိဝံသထံမှ ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ထို့နောက် အပူဇော်ခံ နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများဖြစ်တော်မူကြသော ရွှေကျင်နိကာယ တွဲဖက်သာသနာပိုင် ဆရာတော်ကြီးနှစ်ပါးတို့အား အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးများနှင့် ရန်ကုန်မြို့တော်ဝန်တို့က ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ကျောင်းဒါယကာ သီရိသုဓမ္မဇောတဓရ ဦးစိန်လှဝင်းက ဂုဏ်ပြုပူဇော်ပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ တင်ပြလျှောက်ထားသည်။

ယင်းနောက် နိုင်ငံကျော် ဓမ္မကထိက တွံတေး အရှင်ဣန္ဒကက ဂုဏပူဇာဂါထာများဖြင့် ဖတ်ကြားပူဇော်ပြီး မန္တလေးသိန်းဇော်က ဂုဏပူဇာမင်္ဂလာဧကပိုဒ်ရတုဖြင့်လည်းကောင်း၊ တေးသံရှင် ဦးထွန်းရွှေက ဂုဏပူဇာ မင်္ဂလာ တေးထပ်ဖြင့် လည်းကောင်း သီဆိုပူဇော်ကြသည်။

ထို့နောက် အခမ်းအနားမှူး ရန်ကုန်တိုင်း သာသနာရေးမှူး ဦးစံသင်းလှိုင်က အလှူငွေစာရင်း အကျဉ်းချုပ်ကို တင်ပြလျှောက်ထားသည်။

အမျှပေးဝေ

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ တိပိဋက မဟာဂန္ဓာရုံဆရာတော် ဒေါက်တာ ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရက အနုမောဒနာတရား ဟောကြားချီးမြှင့်တော်မူရာ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်၊ တိုင်းမှူးနှင့် ဝန်ကြီးများ၊ မြို့တော်ဝန်နှင့် ပရိသတ်များက လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆို ဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနား အပြီးတွင် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အလှူတော်မင်္ဂလာ အခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရွှေမိုး၊ ငွေမိုး ရွာသွန်းဖြိုးပေးသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၅၁)ရပ်ကွက် မြဝတီမင်းကြီး(၁)လမ်းရှိ ဒဂုံမြို့ဦးကျောင်းသို့ ရောက်ရှိပြီး ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ညာဏောဒယအားဖူးမြော်ကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း အမှတ်(၁) အပြီးသတ် တည်ဆောက်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင် စရိတ်များ ပေးအပ်လှူဒါန်းသည်။

(သတင်းစဉ်)

ဆွမ်းလောင်းအသင်းအတွက် ငွေပဒေသာပင်စိုက်ထူ

ရန်ကုန် ဇူလိုင် ၆

မကွေးမြို့ နေ့စဉ် သံဃာ့ဒါန ဆွမ်းလောင်းအသင်းအတွက် အလှူငွေ ပေးအပ်ပွဲကို ယမန်နေ့ နံနက် ၅နာရီက သဃ်န်းကျွန်းမြို့နယ်၊ ၁၆/၁ရပ်ကွက် သုမင်္ဂလာလမ်း အမှတ်(၁၀၃၀)ရှိ ထွန်းမိသားစုသစ်ခွဲစက်တွင် ကျင်းပသည်။ ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယက အကျိုးတော်ဆောင် မကွေးဆရာတော် ဘဒ္ဒန္တကုမာရ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက) ဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက်ဆရာတော် သံဃာတော်များကို ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပြီး(**အပေါ်ပုံ**) ဦးကြည်မောင်-ဒေါ်အေးမြင့် (ထွန်းသစ်စက်)မိသားစုက မကွေးမြို့ နေ့စဉ် သံဃာ့ဒါန ဆွမ်းလောင်းအသင်းအတွက် ကျပ်နှစ်သိန်း၊ မကွေးမြို့ မဟာဝိသုတာရာမ စာသင်တိုက်အတွက် ကျပ်တစ်သိန်း ငွေပဒေသာပင် စိုက်ထူလှူဒါန်းရာ မကွေးမြို့ နေ့စဉ် သံဃာ့ဒါနဆွမ်းလောင်းအသင်း ဦးလှဆန်းက လက်ခံယူသည်။

(က-ပ)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၅၁)ရပ်ကွက် မြဝတီမင်းကြီး(၁)လမ်းရှိ ဒဂုံမြို့ဦးကျောင်း ဘုန်းတော်ကြီးသင် ပညာရေးကျောင်း အမှတ်(၁)မှ ကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင်စရိတ်များ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

မြန်မာ့ဆောက်လုပ်ရေး သမဝါယမ နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဇူလိုင် ၆

မရမ်းကုန်းမြို့နယ် မြန်မာ့ဆောက်လုပ်ရေးနှင့် အထွေထွေထုတ်လုပ်ရောင်းဝယ်ရေး သမဝါယမအသင်း လီမိတက်၏ ၂၀၀၂-၂၀၀၃ ဘဏ္ဍာရေးနှစ် သတ္တမအကြိမ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့ နံနက် ၁၀နာရီက မရမ်းကုန်းမြို့နယ် အမှတ်(၈)ရပ်ကွက် မြစပါယ်လမ်း အမှတ်-၁၄၆/က အသင်းရုံးခန်းမ၌ကျင်းပရာ သဘာပတိ အုပ်ချုပ်မှု ဒါရိုက်တာ ဦးမောင်မောင်သန်းနှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မျိုးဆွေတို့က အမှာစကား ပြောကြားပြီး ဒါရိုက်တာအဖွဲ့ အစီရင်ခံစာနှင့် အသင်းသား စာရင်းစစ်အဖွဲ့ အစီရင်ခံစာတို့ကို ဖတ်ကြားအတည်ပြုချက် ရယူသည်။

ကတိသစ္စာပြု

ဆက်လက်၍ တက်ရောက်လာကြသော အသင်းသားများက ဥက္ကဋ္ဌ ဦးမောင်မောင်သန်း၊ အုပ်ချုပ်မှုဒါရိုက်တာ ဦးခင်လှိုင်(ချစ်မိုးညို)တို့ ပါဝင်သော ဒါရိုက်တာအဖွဲ့နှင့် အသင်းသား စာရင်းစစ်အဖွဲ့တို့ကို ရွေးချယ်တင်မြှောက်၍ သဘာပတိရှေ့မှောက်တွင် ကတိသစ္စာပြုကြသည်။

(၂၉)

တစ်ချက်တည်းဖြင့် ကျင်းဝင်

ရန်ကုန် ဇူလိုင် ၆

ဦးသိန်းစိုးမြင့်သည် ဇွန် ၂၂ရက် ညနေတွင် သန်လျင် ဂေါက်ကလပ်၌ ကစားဖော်များဖြစ်ကြသော ဦးသိန်းထွန်း၊ ဗိုလ်ကြီးနိုင်ဦး၊ ဦးနေဝင်းတို့နှင့် အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၁၇)သို့ ၉၂ကိုက်အကွာမှ Top Flight XL No.(2) ဘောလုံးကို Bridge Stone Iron No.(9) တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။

(သတင်းစဉ်)

ဇူလိုင် ၄ရက်က Lucky 7 လက်ဖက်ရည်ဆိုင်ပိုင်ရှင် ဦးကျော်စိုး-ဒေါ်ခင်စောမွန်၊ ကိုကျော်နိုင်ဦး-ဒေါ်ခင်မိမိ၊သား မောင်ကောင်းထက်ယံဝေ၊ ဒေါက်တာမောင်မောင်သန်းမိသားစုတို့က နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ အလှူငွေကျပ် နှစ်သိန်းရှစ်သောင်းကို အသင်း ဥက္ကဋ္ဌ ဦးကျော်သူထံ လှူဒါန်းစဉ်။

(က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၇-၇-၂၀၀၃ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိကဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇:၅၅ ၅။ ချစ်စရာ့အရွယ်ကကြိုးသွယ်

၈:၁၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ

၈:၂၀ ၇။ စွန်ချောင်းရေလှောင်တမံ

၈:၃၀ ၈။ International News.

၈:၄၅ ၉။ English for everyday Uses.

၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ Demonstration Exercises For Correct Pronounciation.

၄:၄၀ ၄။ တေးဂီတအစီအစဉ်

၄:၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ (က)ဒုတိယနှစ် (အထူးပြုအားလုံး) (မြန်မာစာ)

၅:၁၅ ၆။ အကပဒေသာ

၅:၂၀ ၇။ အဆိုပြိုင်ပွဲ

၅:၃၀ ၈။ မြန်မာ့ရိုးရာတောခလေ့ ကျေးလက်တေးသံများ

၅:၄၀ ၉။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)

၅:၅၅ ၁၀။ လက်ဆင့်ကမ်းပေးဂီတတေး

၆:၀၅ ၁၁။ ကြံ့ခိုင်ကျန်းမာပြည်မြန်မာ

၆:၁၅ ၁၂။ Discovery.

၆:၃၀ ၁၃။ ညနေခင်းသတင်း

၇:၀၀ ၁၄။ မိုးလေဝသအခြေအနေ

၇:၀၅ ၁၅။ သားငါးဖွံ့ဖြိုး ပြည့်အကျိုး

၇:၂၀ ၁၆။ တေးဂီတအစီအစဉ်

၇:၃၅ ၁၇။ မူးယစ်ဟူကတိုက်ဖျက်ကြ (အပိုင်း-၁)

၈:၀၀ ၁၈။ ပြည်တွင်းသတင်း

၁၉။ နိုင်ငံတကာသတင်းများ

၂၀။ မိုးလေဝသအခြေအနေ

၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ သစ္စာ (အပိုင်း-၄)**

၂၂။ နောက်တစ်နေ့အစီအစဉ်

၂၃။ အစီအစဉ်ပြီး၏။

အမျိုးသားငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု

(၅-၇-၂၀၀၃ မှ ၁၁-၇-၂၀၀၃) ထိ

ငှက်ဖျားရောဂါသည် ပုံမှန်အားဖြင့် တောတောင်ထူထပ်သောဒေသနှင့် ကမ်းရိုးတန်းဒေသများတွင် ပိုမိုဖြစ်ပွားလေ့ရှိပါသည်။ သို့ရာတွင် ငှက်ဖျားရောဂါ ဖြစ်ပွားမှုနည်းပါးသော မြေပြန့်ဒေသများတွင် ငှက်ဖျားပိုးသယ်ဆောင်သည့် ခြင်ပေါက်ပွားပါက ယင်းဒေသတွင် ကပ်ရောဂါအသွင် ကူးစက်ပြန့်ပွား၍ ပြင်းထန်သော ငှက်ဖျားရောဂါဖြစ်ပွားကာ အသက်သေဆုံးနိုင်ပါသည်။

ထို့ကြောင့် ငှက်ဖျားရောဂါဖြစ်ပွားသည်ဟု သံသယရှိပါက နီးစပ်ရာ ကျန်းမာရေးဌာနများသို့ အမြန်ဆုံးသွားရောက်ကုသမှု ခံယူပါ။ **ကျန်းမာရေးဝန်ကြီးဌာန။**

ဒေါ်စုကြည်၊ အင်န်အယ်လ်ဒီပါတီနှင့် ကျွန်တော်တို့၏ မျှော်လင့်ချက်ရောင်နီ(၃)

မောင်ရင်မှိုင်း

ရန်လိုတော့ ရန်ပိုတယ်

"အန်တီစု"ခေါင်းဆောင်တဲ့ ကျွန်တော်တို့ "အင်န်အယ်လ်ဒီ" နောက်လိုက်နောက်ပါတစ်သိုက်ရဲ့ မြို့ရွာအနှံ့ခြေဆန့်တဲ့ စည်းရုံးရေး ခရီးစဉ် သွင်ပြင်လက္ခဏာတွေဟာ တဖြည်းဖြည်း မူမမှန်တော့ဘဲ ပုံစံပြောင်းလာမှုကိုရိပ်စားမိတဲ့ ကျွန်တော့်စိတ်ထဲ စိုးရိမ်မကင်းဖြစ်မှုတွေက အစီအရီ။

အထူးသဖြင့် "အန်တီစု"ရဲ့ ခရီးစဉ်တွေနဲ့ပတ်သက်ပြီး ပြည်ပအသံလွှင့်ဌာနတွေက တစ်ဖက်စောင်းနင်း ထုတ်လွှင့်ပြောကြားချက်တွေဟာ အစိုးရကို စွပ်စွဲပုတ်ခတ် ထိုးနှက်တိုက်ခိုက်တာမှန်ပေမယ့် ကျွန်တော်တို့ပါတီ အပေါ်ကိုလည်း တစ်စုံတစ်ရာသော ဆိုးကျိုးသက်ရောက်မှုတွေ ဖြစ်ပေါ်စေခဲ့တာပါပဲ။

ပြည်ပအသံလွှင့်ဌာနတွေရဲ့ မီးလောင်ရာလေပင့် မဟုတ်မမှန် မတော်မတရား ယိုးစွပ်ပုတ်ခတ်မှုတွေကြောင့် ကျွန်တော်တို့ပါတီနဲ့ အစိုးရတို့အကြား အချိန်ယူတည်ဆောက်ထားခဲ့ရတဲ့ အပြန်အလှန်နားလည်ယုံကြည်မှု အခြေအနေ အလားအလာကောင်းတွေမှာ အက်သံပေး အက်ကြောင်းထင်လာတာဟာ နှမြောစရာကောင်းတဲ့ ဆုံးရှုံးမှုတစ်ခု ဖြစ်သွားပါပြီ။

မေလ ၆ ရက်နေ့မှာ စတင်မယ့် စစ်ကိုင်းတိုင်း၊ ကချင်ပြည်နယ်နဲ့ မန္တလေးတိုင်းခရီးစဉ်တွေအတွက် ရင်လေးနေမိတဲ့ ကျွန်တော့်အဖို့ အဲဒီခရီးစဉ်တွေကို လိုက်ပါဖို့အရေး ဝန်လေးနေမိပါတယ်။ ခရီးထွက်ဖို့ ပြင်ကြဆင်ကြ လုပ်နေစဉ်ကတည်းက ပြဿနာကို ရှေ့တန်းတင်နေကြပြီ။ မြို့နယ်တွေမှာ ပါတီရုံး ဆိုင်းဘုတ်တင်မယ့်ကိစ္စတွေကို အကြောင်းပြုပြီး ပြဿနာရှာမယ်ဆိုတဲ့ ကြိမ်းဝါးသံတွေကလည်း ကျယ်ကျယ်လောင်လောင်နဲ့။

ကျွန်တော်သိရသလောက် ခရီးမထွက်ခင် လေးငါးရက်လောက် အလိုမှာ ကျွန်တော်တို့ ပါတီရဲ့ ပြောရေးဆိုခွင့်ရှိသူ ဘဘဦးလွင်နဲ့

စဉ့်ကူးမြို့၊ အမှတ်(၂) ရပ်ကွက် မြို့နယ်ဒုဥက္ကဋ္ဌ ဦးစိန်ထွန်း၏ မိခင် ဒေါ်လှပု၏ နေအိမ်တွင် ဤသို့ခုံထည်စွာ ချိတ်ဆွဲထားသော မြို့နယ်ဆိုင်းဘုတ်ရှိသော်လည်း ခရီးထွက်ခါနီးမှ ဆိုင်းဘုတ်တင်ရန် ထပ်မံ ခွင့်တောင်းခြင်းသည် အစိုးရအပေါ် အကျပ်အတည်းဖြစ်စေရန် ဆောင်ရွက်ချက် တစ်ခုဖြစ်ခဲ့၏။

ဗိုလ်မှူးချုပ်သန်းထွန်းတို့ တွေ့ဆုံခဲ့ပါတယ်။ အဲဒီတွေ့ဆုံမှုမှာ ဘဘဦးလွင်က "အန်တီစု"ရဲ့ ခရီးစဉ်အတွင်း ပခုက္ကူ၊ ရွှေဘို၊ မိုးညှင်း၊ မိုးကောင်း၊ တနိုင်း၊ ဝိုင်းမော်၊ ဗန်းမော်၊ ရွှေကူ၊ ဖားကန့်၊ မြစ်ကြီးနားနဲ့ ကချင်ပြည်နယ်ရုံးတွေမှာ ဆိုင်းဘုတ်တင်လိုတဲ့အတွက် ခွင့်ပြုပေးဖို့ ဆက်လက်တင်ပြနိုင်ရေးကို ညှိနှိုင်းခဲ့ပါတယ်။

တစ်ရက်လောက်ပဲကြာပါတယ်။ဗိုလ်မှူးချုပ်သန်းထွန်းနဲ့ ဘဘဦးလွင်တို့ ထပ်မံတွေ့ဆုံပြီး ပခုက္ကူ၊ ဝိုင်းမော်၊ ဗန်းမော်၊ ရွှေကူ၊ မြစ်ကြီးနား မြို့နယ်ရုံးတွေနဲ့ ကချင်ပြည်နယ်ရုံးတို့မှာ ပါတီဆိုင်းဘုတ်တင်ဖို့ကိစ္စကို နိုင်ငံတော်အကြီးအကဲများက ခွင့်ပြုတဲ့အကြောင်း ပြန်ကြားလာပါတယ်။ အဲဒီမှာတင် ဘဘဦးလွင်က ပထမစာရင်းအပြင် နောက်တိုးစာရင်းအဖြစ် မန္တလေးတိုင်းအတွင်းက သပိတ်ကျင်း၊ စဉ့်ကူး၊ မကွေးတိုင်းအတွင်းက ဆိပ်ဖြူ၊ စစ်ကိုင်းတိုင်းအတွင်းက ကောလင်း၊ ကန့်ဘလူ၊ ဝန်းသို၊ မြင်းမူ၊ ဘုတလင်၊ ဒီပဲယင်း၊ ရေဦး၊ တန့်ဆည်၊ ခင်ဦး၊ အရာတော်၊ ရှမ်းပြည်နယ်အတွင်းက မိုးမိတ်နဲ့ မဘိန်းမြို့နယ်တွေမှာလည်း ပါတီဆိုင်းဘုတ်တင်လိုသေးတဲ့အကြောင်း ပြောရင်း စာရင်း ထပ်ပေးလိုက်ပြန်တယ်။

အဲဒီစာရင်းပေးပြီး နောက်တစ်ရက် (ခရီးထွက်ဖို့ တစ်ရက်အလို) မှာ ဗိုလ်မှူးချုပ်သန်းထွန်းနဲ့ "အန်တီစု"တို့ တွေ့ဆုံဖြစ်ကြတယ်။ ကျွန်တော့်အထင်ပြောရရင် ဗိုလ်မှူးချုပ်သန်းထွန်းဆီမှာ မနေ့က ဘဘဦးလွင်ပေးလိုက်တဲ့ ဆိုင်းဘုတ်တင်ဖို့ နောက်တိုးစာရင်းအတွက် ခွင့်ပြုကြောင်းပြန်ကြားချက် ပါလာပုံမရဘူး။

ဘာဖြစ်လို့လဲဆိုတော့"အန်တီစု"က သက်ဆိုင်ရာအနေနဲ့ ခွင့်ပြုပြု၊ မပြုပြု သူကတော့တင်မှာပဲလို့ ဇွတ်ကြီးပြောနေပြီလေ။ ဇွတ်မှတကယ့်ဇွတ်၊ အဲဒီမှာတင် ဗိုလ်မှူးချုပ်သန်းထွန်းက နှစ်ဦးနှစ်ဖက် သဘောတူမှ ဆိုင်းဘုတ်တင်ရန် သဘောတူညီချက်များ ရှိထားတဲ့အကြောင်း၊ အဲဒါကြောင့် ဇွတ်တရွတ် မလုပ်သင့်ကြောင်း၊ မသင့်လည်း မသင့်လျော်တဲ့အကြောင်းတွေ ပြောလာတယ်။

တစ်ဆက်တည်းဆိုသလိုပဲ ဗိုလ်မှူးချုပ်သန်းထွန်းက ဘဘဦးလွင်ပေးတဲ့စာရင်းမှာ ဆိုင်းဘုတ်တင်ဖို့အတွက် သက်ဆိုင်ရာကို မြို့နယ်ပြန်လည်ဖွဲ့စည်းမှု စာရင်းတောင် ပေးထားတာမရှိတဲ့အကြောင်း၊ ဘယ်လိုပဲဖြစ်ဖြစ် ခွင့်ပြုချက် တစ်စုံတစ်ရာမရရှိဘဲ ပါတီရုံးဆိုင်းဘုတ်တွေမတင်ဖို့ အပါအဝင် ခွင့်ပြုချက်ရရှိရေးအတွက်လည်း ဆက်လက်တင်ပြပေးမယ့်အကြောင်း ပြောသံတွေ ကြားခဲ့ရတယ်။

အဲဒီမှာ စဉ်းစားစရာ အချက်တစ်ချက်က ကျွန်တော်တို့ရုံးအဖွဲ့ကပဲ မသေချာတာလား၊ဒါမှမဟုတ် တမင်ရှုပ်အောင်လုပ်တာလားတော့ မပြောတတ်ဘူး။ ဖြစ်ပုံတွေကဒီလို၊ ဘဘဦးလွင် ဒုတိယအကြိမ် နောက်တိုးစာရင်းအဖြစ် ပေးလိုက်တဲ့အထဲမှာ အရာတော်မြို့နယ်နဲ့ စဉ့်ကူးမြို့နယ်ဆိုတာပါတယ်။ တကယ်ကျတော့ အဲဒီမြို့နယ်တွေမှာ ပါတီဆိုင်းဘုတ်တွေက တင်ပြီးသား။

ဒီနေရာမှာ ကျွန်တော့်အမြင်ကို သမာသမတ်ကျကျပြောရရင် မြို့နယ်ရုံးတွေ ဆိုင်းဘုတ်တင်မယ့်ကိစ္စကို ကြိုကြိုတင်တင် စောစောစီးစီး လုပ်ထားသင့်တယ်။ နီးမှကပ်ပြော၊ ကပ်တောင်းတာအပြင် ဆိုင်းဘုတ်တင်ပြီးသား မြို့နယ်တွေကိုပါ ထပ်မံတောင်းဆိုတာမျိုးကတော့ မဖြစ်သင့် မလုပ်သင့်တဲ့ ကိစ္စတွေ။ တစ်ထိုင်တည်း ချက်ချင်းဆုံးဖြတ်ချက်ပေးဖို့ မလွယ်တဲ့ ဒီကိစ္စမျိုးတွေကို ဖုတ်ပူမီးတိုက်လုပ်ပြီး တောင်းဆိုတယ်ဆိုတာဟာ ရှင်းရှင်းပြောရရင် ဒါကျူးသွင်းခွင်ဆင်တာပဲ။ အစိုးရဘက်က ခွင့်ပြုဖို့ တစ်စုံတစ်ရာ နှောင့်နှေးကြန့်ကြာတာနဲ့ ဘာတွေ ဘယ်လို အော်မလဲဆိုတာ ကျွန်တော်တို့မှာ စာစီထားပြီးသား။ အကျပ်ကိုင်တာလား၊ နောက်ကျောကို ဓားနဲ့ထိုးတာလား တစ်ခုခုတော့ တစ်ခုခုပဲ။

သို့ပေမယ့်

အစိုးရပိုင်းက ကျွန်တော်တို့ ပါတီရဲ့ ပထမအကြိမ် ခွင့်ပြုချက်တောင်းခံတဲ့ မြို့နယ်အားလုံးကို ခွင့်ပြုပေးဖို့၊ခွင့်ပြုပေးခဲ့သလိုထပ်တိုးစာရင်းနဲ့တောင်းခံတဲ့ မြို့နယ်တွေထဲကလည်း မုံရွာ၊ ဘုတလင်၊ ဒီပဲယင်း၊ ရေဦးနဲ့ တန့်ဆည်မြို့တွေမှာ ဆိုင်းဘုတ်တင်ခွင့်ပြုတဲ့အကြောင်းကို ကျွန်တော်တို့အဖွဲ့ ခရီးစဉ်လှုပ်ရှားနေချိန်မှာ ထပ်မံခွင့်ပြုပေးခဲ့ပါတယ်။ ဒီကိစ္စတွေနဲ့ ပတ်သက်ပြီး အစိုးရဘက်က မေလ ၃၁ ရက်နေ့ သတင်းစာရှင်းလင်းပွဲမှာ အခုလို ထုတ်ဖော်ရှင်းလင်းတင်ပြသွားခဲ့ပါတယ်။

"မေလ ၆ ရက်နေ့မှာ ဒေါ်စုကြည်နဲ့အဖွဲ့ ကချင်ပြည်နယ်ကို ခရီးထွက်ရန်ရှိကြောင်းနဲ့ ခရီးစဉ်သွားရင်း မြို့နယ်အချို့ကို ဆိုင်းဘုတ်တင်သွားလိုကြောင်း၊ ကျွန်တော်တို့ဘက်ကို မေ ၂ ရက်နေ့မှာ အသိပေးပြောကြားလာပါတယ်။ ဒါနဲ့ ၄ ရက်နေ့မှာ ဆိုင်းဘုတ်တင်နိုင်သော မြို့နယ်အချို့ကို ခွင့်ပြုကြောင်း ပြန်ကြားပါတယ်။

အဲဒီအခါမှာ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနဲ့ ရှမ်းပြည်နယ်ထဲက နောက်ထပ် ၁၆ မြို့နယ် ထပ်မံခွင့်ပြုချက်တောင်းပါတယ်။ ဒီအထဲမှာ ဆိုင်းဘုတ်ရှိပြီးသား မြို့နယ်အချို့ပါနေတာကို တွေ့ရပါတယ်။ ဒီမြို့နယ်တွေ ခွင့်ပြုချက်ကို ဘယ်လိုနည်းနဲ့မှ အချိန်မီ ခွင့်ပြုချက်ရအောင် လုပ်လို့မရပါဘူး။ ကျွန်တော်တို့ဘက်မှာလည်း အခက်အခဲတွေ ရှိပါတယ်။ ရုံးပိတ်ရက်ခံနေတာတွေလည်းရှိပါတယ်။ တာဝန်ရှိသူ အကြီးအကဲများ ခရီးထွက်သွားတာလည်း ရှိပါတယ်။

"အင်န်အယ်လ်ဒီ"ဘက်ကပေးတဲ့ စာရင်းဆိုတာကလည်း မြို့နယ်အမည်ပဲ ပါရှိပါတယ်။ ဘယ်နေရာမှာတင်မယ်၊ ဘယ်သူ့အိမ်ဖြစ်တယ်ဆိုတဲ့ လိပ်စာတွေ၊ အချက်အလက်တွေလည်း မပါရှိပါ။ နိုင်ငံရေးပါတီဆိုင်းဘုတ်တင်မယ့်နေရာ၊ အဆောက်အအုံတစ်ခုဟာ ကင်းကင်းရှင်းရှင်း ဖြစ်သင့်ပါတယ်။

သာသနာ့မြေ၊ အစိုး[…]
လယ်/ယာမြေ၊ အမွေပိုင်[…]
အဆောက်အအုံအစရှိတဲ့[…]
ပါဘူး။ ဒါတွေရှိ၊ မရှိ လေ့[…]
မတင်ပါနဲ့ဦးလို့ပြောရင်[…]
ပိတ်ပင်နေပါတယ်လို့ ဆိုဦ[…]
တောင်းဆိုထားတဲ့ စစ်ကိ[…]
ဆိုင်းဘုတ်များ တင်နိုင်အေ[…]
ပေးခဲ့ပါတယ်။"

သတင်းစာရှင်းလင်း[…]
တစ်စုံတစ်ရာ ယုံမှားသံသ[…]
တစ်ခုပါပဲ။

ဘာပဲဖြစ်ဖြစ်ပါ။

ဖြစ်ခဲ့တဲ့[…]
"အန်တီစု"အ[…]
ကျယ်ကျယ်[…]
ပါတီအပေါ် မ[…]
ထင်မြင်ယူဆ[…]
ပြဿနာတွေ[…]
ချက်ရှိရှိလုပ်ခဲ့[…]

အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး မျက်နှာစာသစ် နိဒါန်းအဖွင့်

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အမှူးပြုသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် “အင်န်အယ်လ်ဒီ” ပါတီခေါင်းဆောင်များ ရင်းရင်းနှီးနှီး မျက်နှာချင်းဆိုင် တွေ့ဆုံမှုသည် အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးအတွက် မျက်နှာစာသစ် နိဒါန်းအဖွင့်လည်း ဖြစ်၏။

သာသနာ့မြေ၊ အစိုးရပိုင်အဆောက်အအုံ၊ စည်ပင်သာယာပိုင်မြေ၊ လယ်/ယာမြေ၊ အမွေပိုင်အငြင်းပွားတဲ့အိမ်၊ မိသားစုသဘောမတူတဲ့ အဆောက်အအုံအစရှိတဲ့ မလိုလားအပ်တဲ့ ရှုပ်ထွေးမှုတွေ မရှိသင့်ပါဘူး။ ဒါတွေရှိ၊ မရှိ လေ့လာရန် လိုပါတယ်။ ဒီလိုအခက်အခဲတွေရှိလို့ မတင်ပါနဲ့ဦးလို့ပြောရင် အစိုးရက ဆိုင်းဘုတ်တင်ရန်ကိစ္စတွေကို ပိတ်ပင်နေပါတယ်လို့ ဆိုဦးမှာဖြစ်ပါတယ်။ ကျွန်တော်တို့ဘက်ကတော့ တောင်းဆိုထားတဲ့ စစ်ကိုင်းတိုင်းထဲက မြို့နယ်တွေကိုပါ အချိန်မီ ဆိုင်းဘုတ်များ တင်နိုင်အောင် ခရီးစဉ်ကာလအတွင်းမှာပဲ ဆောင်ရွက်ပေးခဲ့ပါတယ်။”

သတင်းစာရှင်းလင်းပွဲပါ အဲဒီရှင်းလင်းချက်အပေါ် ကျွန်တော် တစ်စုံတစ်ရာ ယုံမှားသံသယ မဖြစ်မိပါ။ ရိုးရိုးရှင်းရှင်း တင်ပြချက်တစ်ခုပါပဲ။

ဘာပဲဖြစ်ဖြစ်ပါ။

နာမ်သာရှိပြီး ရုပ်မရှိတဲ့ အခြေအနေမျိုး ကပ်ဆိုက်နေတဲ့ ကျွန်တော်တို့ “အင်န်အယ်လ်ဒီ” ပါတီအနေနဲ့ စစ်အစိုးရရဲ့ကောင်းမှုကြောင့် ၂၀၀၁ခုနှစ်ကစပြီး ဒီကနေ့အချိန်အထိ တစ်ပြည်လုံး အတိုင်းအတာနဲ့ “အင်န်အယ်လ်ဒီ” မြို့နယ်ရုံးပေါင်း ၆၈ ရုံးမှာ ဆိုင်းဘုတ်တွေတင်နိုင်ခဲ့ပါပြီ။

မြို့နယ်ရုံးတွေမှာ ပါတီရုံးဆိုင်းဘုတ်တင်မယ့် ကိစ္စတွေကို အကြောင်းပြုပြီး ပြဿနာရှာမယ်လို့ ကြွေးကြော်ခဲ့ကြတဲ့အတိုင်း တကယ်လည်းပြဿနာရှာခဲ့ကြပါတယ်။ ဖြစ်ခဲ့တဲ့ ဖြစ်ရပ်ဖြစ်စဉ်တွေကို ယထာဘူတကျကျ သုံးသပ်ကြည့်မယ်ဆိုရင် “အန်တီစု”အနေနဲ့ ခရီးစဉ်နဲ့ပတ်သက်ပြီး ပြည်တွင်း၊ပြည်ပမှာ အထိတ်တလန့်နဲ့ အသံတွေ ကျယ်ကျယ်လောင်လောင် ထွက်ပေါ်လာစေဖို့၊ အစိုးရအပိုင်းက “အင်န်အယ်လ်ဒီ”ပါတီအပေါ် မတရားဖိနှိပ် ချုပ်ချယ်မှုတွေ ပြနေသယောင်၊ နိုင်ငံတကာ အသိုက်အဝန်းက ထင်မြင် ယူဆသွားအောင်၊ တည်ငြိမ်အေးချမ်းနေရာက ထိပ်တိုက်ရင်ဆိုင်ရတဲ့ ပြဿနာတွေ ပေါ်ပေါက်လာအောင် ကြိုတင်အစီအမံ အခင်းအကျင်းတွေနဲ့ ရည်ရွယ်ချက်ရှိရှိ လုပ်ခဲ့တာမျိုးဟုတ်၊ မဟုတ်ဆိုတာကိုတော့ “အန်တီစု” ပဲအသိဆုံး ဖြစ်ပါလိမ့်မယ်။

ဖြစ်ခဲ့တဲ့ ဖြစ်ရပ်ဖြစ်စဉ်တွေကို ယထာဘူတကျကျ သုံးသပ်ကြည့်မယ်ဆိုရင် “အန်တီစု”အနေနဲ့ ခရီးစဉ်နဲ့ပတ်သက်ပြီး ပြည်တွင်း၊ပြည်ပမှာ အထိတ်တလန့်နဲ့ အသံတွေ ကျယ်ကျယ်လောင်လောင် ထွက်ပေါ်လာစေဖို့၊ အစိုးရအပိုင်းက “အင်န်အယ်လ်ဒီ” ပါတီအပေါ် မတရားဖိနှိပ် ချုပ်ချယ်မှုတွေ ပြနေ သယောင်၊ နိုင်ငံတကာ အသိုက်အဝန်းက ထင်မြင်ယူဆသွားအောင်၊ တည်ငြိမ်အေးချမ်းနေရာက ထိပ်တိုက်ရင်ဆိုင်ရတဲ့ ပြဿနာတွေ ပေါ်ပေါက်လာအောင် ကြိုတင်အစီအမံ အခင်းအကျင်းတွေနဲ့ ရည်ရွယ်ချက်ရှိရှိ လုပ်ခဲ့တာမျိုးဟုတ်၊ မဟုတ်ဆိုတာကိုတော့ “အန်တီစု” ပဲအသိဆုံး ဖြစ်ပါလိမ့်မယ်။

ဒီနေရာမှာ အများပြည်သူတွေ သိသင့်တဲ့ကိစ္စတစ်ခုကို ကျွန်တော် အမှန်အတိုင်း ဖွင့်ပြောပါ့မယ်။ ဘယ်သူမှရိုက်မစစ်ဘဲနဲ့ ဖော်ကောင်ဘည္သန့်လုပ်တာမဟုတ်ပါဘူး။ အဖြစ်မှန်ကို သိစေချင်မှုသက်သက်ပါ။ “အန်တီစု”ခေါင်းဆောင်ပြီး သွားရောက်မယ့် စစ်ကိုင်းတိုင်းနဲ့ ကချင်ပြည်နယ် ခရီးစဉ်တွေအတွက် ပြင်ကြဆင်ကြပြီ။ သွားရောက်မယ့် မော်တော်ယာဉ် အရေအတွက်က သုံးစီး၊ ဒိုင်နာအဖြူရောင် တစ်စီး၊ “အန်တီစု”စီးမယ့် 4 x 4 နှစ်ခန်းတွဲ အနက်ရောင် ပစ်ကပ်တစ်စီး၊ ဘာဘဦးတင်ဦးစီးမယ့် ခဲရောင်တောင်းအေ့စ်တစ်စီး။

ခရီးစဉ်တစ်လျှောက် လုံခြုံရေး၊ မှတ်တမ်းတင် ဗီဒီယိုရိုက်ကူးရေး၊ မှတ်တမ်းဓာတ်ပုံရိုက်ကူးရေး၊ ဟောပြောချက် အသံသွင်းယူရေးကိစ္စ ဆောင်ရွက်မယ့် ပါတီကလူငယ်တွေကို မေလ ၅ရက်နေ့ ညနေပိုင်းအရောက် ခြံထဲကိုလာခဲ့ဖို့ ဆင့်ခေါ်လိုက်တယ်။ ညပိုင်းလူငယ်တွေ စုပြီဆိုတော့ ခရီးစဉ်အမှတ်တရအဖြစ် တူညီဝတ်စုံသဘောနဲ့ အဝါရောင်မိုးကာအင်္ကျီတစ်ထည်စီနဲ့ ချည်အနွေးအင်္ကျီ တစ်ထည်စီ ထုတ်ပေးလေရဲ့။

ထူးခြားတဲ့ ညွှန်ကြားချက်က ကျွန်တော်တို့အဖွဲ့ ချင်းပြည်နယ် ခရီးစဉ်အတွင်း ဆောမြို့မှာ ဖြစ်ပွားခဲ့တဲ့ဖြစ်စဉ်ကို အကြောင်းပြုပြီး လိုအပ်သလို အသုံးပြုနိုင်ဖို့အတွက် တုတ်နဲ့ လိုအပ်တဲ့တိုက်ခိုက်ရေး လက်နက်တွေယူလာရမယ်တဲ့။ အဲဒီမှာတင်“အင်န်အယ်လ်ဒီ”လူငယ် အဖွဲ့ဝင်တွေဖြစ်တဲ့ သိန်းစိုးနဲ့ ခင်ဦးတို့က လူရိုက်ဖို့အတွက် 2"x1" တုတ်ချောင်းခြောက်ချောင်း၊ခုနစ်ချောင်း၊လေးခွတစ်လက်နဲ့ ကျောက်စရစ်ခဲတွေကို ကားပေါ်တင်တော့တာပဲ။ အဲဒီ လူရိုက်ဖို့ တုတ်ချောင်းတွေကို မြွေအရေခွံအိတ်နဲ့ပတ်ပြီး ခင်ဦးရဲ့ ထိုင်ခုံအောက်မှာထားတယ်။ ခင်ဦးက ဘယ်ကားမှာ စီးတဲ့ကောင်လဲဆိုတော့ “အန်တီစု”ရဲ့ ကားမှာ စီးတဲ့ကောင်။

ကချင်ပြည်နယ် ခရီးစဉ်ဆက်ထွက်ကြတော့ ကောလင်းမြို့အရောက်မှာ ကျွန်တော်တို့နဲ့အတူပါလာတဲ့ လူငယ်အဖွဲ့ဝင် သိန်းစိုးက ခိုင်းလို့ဆိုပြီး စစ်ကိုင်းတိုင်း “အင်န်အယ်လ်ဒီ” မိမိကြီးက 2"x1" တုတ်ချောင်းတွေကို ကားပေါ်ထပ် တင်ပေးလိုက်ပြန်တယ်။ ရန်ကုန်က ပါလာတဲ့ တုတ်တွေနဲ့ ကောလင်းက ထပ်ဆောင်းဖြည့်တင်းပေးလိုက်တဲ့ တုတ်တွေအားလုံး “အန်တီစု”ရဲ့ ကားပေါ်မှာချည်းပဲ။ ခရီးစဉ်တစ်လျှောက် ပြဿနာ တစ်စုံတစ်ရာပေါ်ပေါက်လာခဲ့ရင်ညှိနှိုင်းဖြေရှင်းဖို့၊ဥပဒေစည်းမျဉ်းစည်းကမ်းအရ ဆောင်ရွက်ဖို့ဆိုတဲ့ စိတ်ကူးထက် ရိုက်ဖို့နှက်ဖို့၊ ထုဖို့ထောင်းဖို့၊ ထိုးဖို့ကြိတ်ဖို့၊ ပစ်ဖို့ပေါက်ဖို့သာ အားသန်နေတဲ့ “အင်န်အယ်လ်ဒီ” လူငယ်အဖွဲ့ဝင်တွေကို “အန်တီစု”အနေနဲ့ တစ်စုံတစ်ရာ ပိတ်ပင်တားမြစ် သွန်သင်ဆုံးမမှု မရှိဘူးလားလို့ မေးလာမယ်ဆိုရင်တော့ ကျွန်တော် မကြားမိပါလို့ ဖြေတာဟာ အကောင်းဆုံး ဖြစ်လိမ့်မယ်ထင်တယ်။

ရန်လိုမှုတွေ တစ်ပွေ့တစ်ပိုက်ကြီးနဲ့ လူရိုက်မယ့် တုတ်တွေ၊ ပစ်ဖို့ လေးခွတွေ၊ ကျောက်စရစ်ခဲတွေ ကားပေါ်တင်ထွက်လာခဲ့ကြတဲ့ ကျွန်တော်တို့ အဖွဲ့ရဲ့ ရည်ရွယ်ချက်နဲ့ပတ်သက်လို့ နိုင်ငံရေးအရ စည်းရုံးရေးဆင်းတယ်ပဲပြောပြော၊ ဒီမိုကရေစီတရား လှည့်ဟောတာပဲဆိုဆို အဲဒါတွေအားလုံးဟာ အနှစ်သာရမဟုတ်ခဲ့ဘူး။ ဟန်ရေးပြမှုသက်သက်။

ဟုတ်တယ်လေ။

ခရီးစဉ်တစ်လျှောက်အခြေအနေတွေ ရှုပ်ထွေးအောင်လုပ်ဖို့၊ ရှုပ်ထွေးလာမှ အခြေအနေပေါ်မူတည်ပြီး ထိန်းမနိုင် သိမ်းမရ ဝရုန်းသုန်းကားတွေ ဖြစ်စေဖို့၊ အဲဒီအခြေအနေကို နောက်ခံထားပြီး သက်ဆိုင်ရာ အာဏာပိုင်တွေရဲ့ ကာကွယ်တားဆီးဟန့်တားမှုတွေကို “နှိပ်ကွပ်”မှုတွေအဖြစ်နိုင်ငံရေးအရ အမြတ်ထုတ်ဖို့ကိစ္စဟာ အဓိကဖြစ်နေတယ်။အဲဒီတော့ ပြဿနာမဖြစ်ဘဲနေတော့မှာတဲ့လား။ ။

(ဆက်လက်ဖော်ပြပါမည်)

အရာတော်မြို့၊ အမှတ်(၃) ရပ်ကွက် ဦးထွန်းငွေ နေအိမ်တွင် ဤသို့ချိတ်ဆွဲထားသော မြို့နယ်ဆိုင်းဘုတ် ရှိပြီးဖြစ်သော်လည်း ဆိုင်းဘုတ်တင်ရန် ထပ်မံ တောင်းဆိုခြင်းသည် မရိုးသားမှု၊ ရှုပ်ထွေးအောင် ဖန်တီးမှုတစ်ခု ဖြစ်ခဲ့သည်။

သားငါးဖွံ့ဖြိုး မြည့်အကျိုး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်း ဧရာဝတီတိုင်း ကန်ကြီးထောင့်မြို့နယ်ရှိ ဒါးကမြစ်ကူး ဒါးကတံတားဖွင့်ပွဲသို့ တက်ရောက်၍ နှုတ်ဆက်စကား ပြောကြားစဉ်။

(သတင်းစဉ်)

○မြန်မာနိုင်ငံ၏အဓိကမြစ်ကြီးများမှ ကန်ကြီးထောင့်၊ ကျောင်းကုန်းမြို့နယ်တို့မှ ဒေသခံပြည်သူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအဖွဲ့အစည်းများမှ အဖွဲ့ဝင်များ၊ ဘင်ခရာ၊ ပန်းဖွား၊ စည်တော်အဖွဲ့များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ဒါးကတံတား ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာ၌ ယနေ့ ဖွင့်လှစ်လိုက်သည့် ဒါးကတံတားသည် ရန်ကုန်–ပုသိမ် လမ်းမကြီးပေါ်တွင် တည်ရှိသည့် ဒါးကမြစ်ကူး မော်တော်ကား တံတားသစ်ကြီးဖြစ်ကြောင်း၊ ဒါးကတံတားဟောင်းသည် လွန်ခဲ့သည့် နှစ် ၅၀ကျော်က တည်ဆောက်ထားခဲ့သော ရထားလမ်းကူးတံတားဖြစ်ပြီး ၁၉၈၃ခုနှစ်တွင် ရထားရော၊ မော်တော်ကားပါ ယှဉ်တွဲသုံးစွဲခဲ့သည့် တံတားဖြစ်ကြောင်း၊ မော်တော်ယာဉ် အသွားအလာ အလွန်နည်းပါးသည့် ယခင်ကာလများနှင့်မတူ ယနေ့ မိမိတို့ တပ်မတော်အစိုးရလက်ထက် ရန်ကုန်–ပုသိမ် အမြန်လမ်းမကြီး ပေါ်ထွက်လာသည့်အခါ ဥဒဟိုသွားလာသည့် မော်တော်ကားများသည် ကျဉ်းမြောင်းလှသည့် ဒါးကတံတားကို ဖြတ်သန်းနိုင်ရန် အချိန်ပေးစောင့်ဆိုင်းရသည့်အတွက် မော်တော်ယာဉ်အသွားအလာ ပိတ်ဆို့မှုများ မကြာခဏဖြစ်ပေါ်လာရကြောင်း၊ တံတားအမျိုးအစားသည်လည်း ကားများသွားလာ ဖြတ်သန်းရန် တည်ဆောက်ထားသည့် တံတားအမျိုးအစား မဟုတ်သည့်အပြင် တံတားသက်တမ်းသည်လည်း ရှည်ကြာလာခဲ့ပြီဖြစ်ကြောင်း။

အမြန်ဆုံးတည်ဆောက်

ထို့ကြောင့် နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်မှုအရ ဒါးကတံတားဟောင်းနှင့်ယှဉ်ပြီး ယခုကဲ့သို့ သီးခြားခေတ်မီသော တံတားသစ်ကြီးကို အမြန်ဆုံး တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ဒါးကတံတားသစ်ကြီးကို အသုံးပြုပြီး ရန်ကုန်–ပုသိမ်လမ်းကြောင်း၊ ပုသိမ်–ရေကြည်–ဟင်္သာတ လမ်းကြောင်းအတိုင်း မော်တော်ယာဉ်များသည် နှောင့်နှေးကြန့်ကြာမှုမရှိ၊ မြန်မြန်ဆန်ဆန် သွားလာနိုင်ပြီဖြစ်ကြောင်း။

ဒါးကမြစ်သည် ဧရာဝတီတိုင်းတွင် ရေကြောင်း သွားလာရေးအတွက် အထောက်အကူပြုလျက်ရှိသော်လည်း တစ်ဖက်ကလည်း ကုန်းလမ်းသွားလာမှုကို သဘာဝအရ အဟန့်အတား ဖြစ်စေခဲ့ကြောင်း၊ ထို့ကြောင့် ဒါးကမြစ်တစ်လျှောက်၌ ကားတံတားများအဖြစ် ယခု ဖွင့်လှစ်သည့် ဒါးကတံတား မတိုင်မီတွင် ခဲပေါင်တံတားနှင့် ကျောင်းကုန်းတံတားကို တည်ဆောက်ခဲ့ပြီးဖြစ်ကြောင်း။

မြစ်၊ ချောင်း များပြားလှသည့် ဧရာဝတီတိုင်း၌ ရေကြောင်းခရီးကိုသာ အဓိက အားထားသွားလာ ဆက်သွယ်နေရသည့် အစဉ်အလာဟောင်းကို ယနေ့ တော်လှန်ပြောင်းလဲပြီး ကုန်းလမ်းခရီးစဉ်များဖြင့် အစားထိုးလာနိုင်ပြီဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၏ ဦးစီးဦးဆောင် တာဝန်ခံဆောင်ရွက်ပေးမှု၊ ဧရာဝတီတိုင်းသားများ၏ တက်ညီလက်ညီ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ဧရာဝတီတိုင်းတွင်း၌ ယနေ့ အချိန်အခါတွင် မြို့နယ်ချင်းဆက်သည့် မော်တော်ကားလမ်းများနှင့် တံတားများသည် ကွန်ရက်သဖွယ် ပေါ်ထွက်၍ နယ်မြေအနှံ့ ဥဒဟိုသွားလာနေကြပြီဖြစ်ကြောင်း။

ဧရာဝတီတိုင်း၏ ရေသယံဇာတ၊ မြေသယံဇာတများကို အပြည့်အဝ ဖော်ထုတ်အသုံးချပြီး ထုတ်လုပ်ရရှိသည့် ကုန်ပစ္စည်းများကို ဈေးကွက်ကို အမြန်ရောက်အောင် တင်ပို့နိုင်ရေးအတွက် လမ်းပန်းဆက်သွယ်မှု မကောင်းလျှင် ကုန်ထုတ်လုပ်မှုရော၊ ကုန်စည်ရောင်းဝယ်ဖောက်ကားမှုပါ ဖြစ်ထွန်းအောင်မြင်ရန် အလှမ်းဝေးခဲ့ရကြောင်း၊ ဧရာဝတီတိုင်းသားများ ကိုယ်တွေ့ ခံစားခဲ့ရပြီးဖြစ်ကြောင်း၊ လမ်းပန်း ဆက်သွယ်ရေးကလည်း မကောင်း၊ နယ်မြေဒေသသည်လည်း သောင်းကျန်းသူများကြောင့် တည်ငြိမ်အေးချမ်းမှုမရှိ ကျီးလန့်စာစား ဖြစ်ခဲ့ရဖူးသည့် ဧရာဝတီတိုင်းသည် ဖွံ့ဖြိုးမှုများ တုံ့ဆိုင်းလျက် ဘယ်၍ဘယ်မျှ အတုပ်အနှောင်ခံခဲ့ရသည့် အတိတ်သမိုင်းသည် ဧရာဝတီတိုင်းအတွက် ခါးသီးဖွယ်ရာ အတွေ့အကြုံများအဖြစ် သက်သေထူခဲ့ပြီးဖြစ်ကြောင်း။

အားထုတ်ကြိုးပမ်းခဲ့

ထို့ကြောင့် ပြည်သူအများ လိုလားတောင့်တသည့် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုများ ဖြစ်ပေါ်လာအောင် တပ်မတော်အစိုးရသည် တိုင်းပြည်၏ တာဝန် စတင်ယူချိန်မှစပြီး ပြည်သူများ၏ ပူးပေါင်းမှုစွမ်းအားဖြင့် တစိုက်မတ်မတ် အားထုတ်ကြိုးပမ်း တည်ဆောက်ခဲ့ကြောင်း၊ ယနေ့ ဧရာဝတီတိုင်းသည် သောင်းကျန်းမှု ကင်းစင်သော တည်ငြိမ်အေးချမ်းသည့် နယ်မြေအဖြစ်သာမက လမ်းပန်းဆက်သွယ်မှု ကောင်းမွန်သော ဒေသအဖြစ် ပြောင်းလဲ ရောက်ရှိလာနေပြီဖြစ်ကြောင်း။

နိုင်ငံတော်အတွင်း လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့ရေးနှင့် တိုးတက်ကောင်းမွန်ရေးသည် နိုင်ငံတော်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးအတွက် မရှိမဖြစ် လိုအပ်လျက်ရှိကြောင်း၊ ငွေလုံးငွေရင်းပမာဏ ကြီးမားစွာဖြင့် ကွန်ရက်ယှက်သွယ် တည်ဆောက်ခဲ့သည့် လမ်းများ၊ တံတားများသည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော အခြေခံအဆောက်အအုံများ ဖြစ်သကဲ့သို့ တိုင်းရင်းသားများအတွက် ဒေသတစ်ခုမှ တစ်ခုသို့ အလွယ်တကူ ကူးလူးဆက်ဆံနိုင်မည့် လူမှုစီးပွားရေး အဆောက်အအုံများလည်းဖြစ်ကြောင်း၊ ယခင်က မြန်မာနိုင်ငံ အထက်ပိုင်းနှင့် အောက်ပိုင်း၏ ဆက်သွယ်ရေး လမ်းကြောင်းသည် အဓိကအားဖြင့် ဧရာဝတီမြစ်၏ အရှေ့ဘက်ခြမ်းမှာသာ တောင်နှင့်မြောက် သွယ်တန်းလျက်ရှိကြောင်း၊ ယခုအခါ မြန်မာနိုင်ငံ၏ အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက် ပြည်ထောင်စုတစ်ဝန်းလုံးကို ပေါင်းစည်းဆက်သွယ်မိအောင် မော်တော်ကားလမ်း၊ ရထားလမ်းများကို တိုးချဲ့ဖောက်လုပ်ခဲ့ကြောင်း၊ ယခုကဲ့သို့ လမ်းများတိုးချဲ့ဖောက်လုပ်ရာတွင် လိုအပ်သည့်နေရာတိုင်း၌ မြစ်ကူးတံတားကြီးများကိုပါ တည်ဆောက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ၌ အဓိကမြစ်ကြီးများဖြစ်သည့် ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်းမြစ်များ၌ ၁၉၈၈ခုနှစ်မတိုင်ခင်က တံတားကြီး လေးစင်းသာရှိခဲ့ပြီး ၁၉၈၈ခုနှစ်မှ ယနေ့အထိ မြစ်ကူးတံတားကြီးပေါင်း ၁၃စင်းကို အသစ်ထပ်မံ တည်ဆောက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

တည်ဆောက်ပြီးစီးခဲ့

ပြည်ထောင်စုတစ်ဝန်းလုံး၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တည်ဆောက်ပြီးစီးခဲ့သည့် တံတားကြီးပေါင်းသည် ယခု ဒါးကတံတား အပါအဝင် တံတားပေါင်း ၁၅၇စင်း ရှိပြီဖြစ်ကြောင်း။

ရထားပို့ဆောင်ရေး ဝန်ကြီးဌာနက တည်ဆောက်သည့် တံတားကြီး ငါးစင်း၊ ကာကွယ်ရေးဝန်ကြီးဌာနက တည်ဆောက်သည့် တံတားကြီးသုံးစင်းနှင့် ပေါင်းစပ်လျှင် တံတားကြီးပေါင်း ၁၆၅စင်း တည်ဆောက်ခဲ့ပြီးဖြစ်ကြောင်း၊ ဤအထဲတွင် ဒါးကတံတားကဲ့သို့ တံတားကြီးစာရင်းဝင် တံတားပေါင်း ၃၉စင်းကို ဧရာဝတီတိုင်းအတွင်း၌ တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ဖျာပုံမြစ်ကူးတံတား စီမံကိန်းကို စတင်နေပြီဖြစ်သကဲ့သို့ ငဝန်မြစ်ကူး(ပုသိမ်) တံတားကြီးကိုလည်း တစ်ဆက်တည်းတည်ဆောက်သွားတော့မှာဖြစ်ကြောင်း၊ ထို့ကြောင့် ယခုဆိုလျှင် ဧရာဝတီတိုင်း၏ မော်တော်ကားလမ်း ကွန်ရက်စနစ်သည် ရာနှုန်းပြည့်နီးပါးခန့် အကောင်အထည်ပေါ်နေပြီဖြစ်ကြောင်း။

ယခုလည်း နိုင်ငံတော်က တည်ဆောက်ပေးခဲ့သည့် မဲဇလီတံတား၊ ဗိုလ်မြတ်ထွန်းတံတား၊ ပသွယ်တံတား၊ ကျောင်းကုန်းတံတား၊ ဒါးကတံတား စသည့် တံတားများကြောင့် ရန်ကုန်–ပုသိမ်လမ်းကြောင်း ဖြောင့်ဖြူးစွာ ပေါ်ထွက်လာခဲ့ပြီးဖြစ်ကြောင်း။

လမ်းအသစ်များပေါ်ထွက်

ထို့အတူ ပန်းတနော်တံတား၊ ဇောမိတံတား၊ ကျုံကနောင်တံတား၊ ရွှေလောင်းတံတား၊ ဝါးခယ်မတံတား၊ လမ်းသမိုင် တံတားများကြောင့် ပန်းတနော်–ရွှေလောင်း–ဝါးခယ်မ–ကျုံမငေးလမ်းကြောင်း၊ ပင်လယ်လေးတံတား၊ မြောင်းမြတံတား၊ အိမ်မဲတံတားများ၏ အကျိုးပြုမှုကြောင့် လပွတ္တာ–မြောင်းမြ–အိမ်မဲမှတစ်ဆင့် ပုသိမ်–ရန်ကုန် လမ်းမကြီးကိုဝင်သည့် လမ်းကြောင်း၊ ဂုညင်းတံတား၊ သလိပ်ကြီးတံတား၊ သလိပ်လေးတံတား၊ ချောင်းတွင်းတံတား၊ နတ်ချောင်း တံတားများနှင့်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ●

ရန်ကုန်–ပုသိမ်ကားလမ်းပေါ်ရှိ ဒါးကတံတားသစ်ကြီးကို ဖွင့်ပွဲအပြီး ညနေခင်း ဆည်းဆာချိန်တွင် ရောင်စုံမီးများဖြင့် ဤသို့ လှပဝင့်ထည်စွာ တွေ့ရသည်။

(ဓာတ်ပုံ–လှိုင်မိုး၊ ရွှေအင်းသား)

✳ ခြောက်တိုင်းလည်း မကြောက်နဲ့

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း ဧရာဝတီတိုင်း ကန်ကြီးထောင့်မြို့နယ်ရှိ ဒါးကမြစ်ကူး ဒါးကတံတားဖွင့်ပွဲတွင် ဒါးကတံတား ကမ္ပည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

● စာမျက်နှာ ၁၀ မှ

ဆက်ထားသည့် ကျိုက်လတ်-ဖျာပုံ-ဘိုကလေးလမ်းကြောင်း၊ ဥယျာဉ်ချောင်း တံတားကြောင့် ကျိုက်လတ်-မအူပင်လမ်းကြောင်း၊ မအူပင်တံတားနှင့်အတူ မအူပင်-ဆားမလောက်လမ်းကြောင်း၊ ဒေးဒရဲတံတား၏ အကျိုးပြုမှုကြောင့် ဖျာပုံ-ဒေးဒရဲ-ကွမ်းခြံကုန်း-ဒလလမ်းကြောင်း စသည့် ဧရာဝတီတိုင်းအတွက် ကုန်းလမ်းကြောင်းအသစ်များ ထူးခြားစွာ ပေါ်ထွက်လာခဲ့ပြီးဖြစ်ကြောင်း၊ ဤလမ်းကြောင်းများအတိုင်း ရန်ကုန်မှရော ပုသိမ်မှပါ လပွတ္တာ၊ မြောင်းမြ၊ မော်လမြိုင်ကျွန်း၊ ကျုံမငေး၊ ဝါးခယ်မ၊ ဘိုကလေး၊ ဖျာပုံ၊ ကျိုက်လတ်၊ ဒေးဒရဲ စသည့် ဧရာဝတီတိုင်းအောက်ပိုင်း ဒေသတို့တွင် လွယ်ကူလျင်မြန်စွာ သွားလာနေကြပြီဖြစ်ကြောင်း။

ဧရာဝတီတိုင်း၏ အပေါ်ပိုင်းတွင်လည်း ပုသိမ်-ရေကြည်-ဟင်္သာတကားလမ်း၊ ရေကြည်-ငါးသိုင်းချောင်း-ဂွကားလမ်း၊ ကြံခင်း-မြန်အောင်-အင်္ဂပူ-ဟင်္သာတ-ဇလွန်-ဓနုဖြူ-ညောင်တုန်းကားလမ်းတို့ကို ရာသီမရွေး သွားလာနိုင်သည့် လမ်းများအဖြစ် ခရီးသွားပြည်သူများ သုံးစွဲနေကြပြီဖြစ်ကြောင်း။

ဖွံ့ဖြိုးမှုအရှိန်ရ

ဧရာဝတီတိုင်း၌ ရပ်ရွာဒေသ တည်ငြိမ်အေးချမ်းပြီး လမ်းပန်းဆက်သွယ်မှု တိုးတက် ကောင်းမွန်လာသည်နှင့်အမျှ ရေခံမြေခံ၊ အခြေခံကောင်းများရှိသော ဒေသဖြစ်သည့်အတွက် အချိန်တိုကာလအတွင်း ဖွံ့ဖြိုးတိုးတက်မှု အရှိန်ရနေသော တိုင်းဖြစ်ကြောင်း၊ ရှေ့သို့လည်း ဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများရှိနေကြောင်း၊ နိုင်ငံတော်အတွက် စိုက်ပျိုးရေး ကုန်ထုတ်လုပ်မှုအရရော သားငါး မွေးမြူထုတ်လုပ်မှုအရပါ အားကိုးရသည့် တိုင်းတစ်တိုင်းဖြစ်ကြောင်း။

ထို့ကြောင့်လည်း နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပြီးခဲ့သည့် ဇွန်လအတွင်း ဧရာဝတီတိုင်းကို ရောက်ရှိစဉ် တာဝန်ရှိသူများအား မှာကြားရာ၌ "ဧရာဝတီတိုင်းအတွင်းမှာ စိုက်ပျိုးရေးကဏ္ဍနဲ့ မွေးမြူရေးကဏ္ဍ မြင့်မားတိုးတက်အောင် ဆောင်ကြဉ်းပေးနိုင်တဲ့ အခြေခံ အလားအလာကောင်းတွေရှိပြီး ဖြစ်တဲ့အတွက် ဒီကဏ္ဍတွေတစ်ဆင့် မြင့်မားတိုးတက်အောင် ဖိဖိစီးစီး လုပ်ကိုင်ဆောင်ရွက်ဖို့ လိုအပ်တယ်"

"နိုင်ငံတော်မှာရှိတဲ့ စပါးစိုက်ဧရိယာရဲ့ လေးပုံတစ်ပုံကျော်ကို စိုက်ပျိုးနေတဲ့အပြင် မြေဆီမြေလွှာကောင်းတဲ့အတွက် ဧရာဝတီတိုင်းရဲ့ စပါးတစ်ဧက အထွက်နှုန်းကို သိသိသာသာ တိုးတက်အောင် ကြိုးစားလိုက်မယ်ဆိုရင် နိုင်ငံတော်က ရည်မှန်းချက်ပေးထားတဲ့ စပါးတင်းသန်း ၁၂၀၀ ထွက်ရှိရေးကို ထိရောက်စွာ အထောက်အကူပြုမှာဖြစ်တယ်"

"မွေးမြူရေးကဏ္ဍမှာလည်း ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းကို အားပေးမြှင့်တင် ဆောင်ရွက်ပြီး ခေတ်မီပုစွန်ကန်များကို တိုးချဲ့နိုင်အောင် စီမံကြရမှာဖြစ်တယ်"

ဟု လမ်းညွှန်ခဲ့ကြောင်း။

ဤလမ်းညွှန်ချက်များကို ဧရာဝတီတိုင်းအနေဖြင့် အလေးအနက် လိုက်နာအကောင်အထည် ဖော်သွားကြရမှာဖြစ်ကြောင်း၊ အကောင်အထည်ဖော်နိုင်ရေးအတွက် တိုင်းအတွင်း၌ လိုအပ်သည့် လမ်းပန်းဆက်သွယ်မှု အခြေခံများကို နိုင်ငံတော်က တည်ဆောက်ပေးခဲ့ပြီး ဖြစ်ရာကဲ့သို့ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရေလောင်တမံများ၊ မြစ်ရေတင်လုပ်ငန်းများ၊ ရေထိန်းတံခါးများနှင့် ရေနုတ်မြောင်းများကိုလည်း အတိုင်းအတာတစ်ရပ်အထိ တည်ဆောက်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ ကွန်ချောင်းဆည်၊ မမြဆည်၊ ကညင်ဆည် စသည့် တည်ဆောက်နေဆဲ ရေလှောင်တမံ စီမံကိန်းများကိုလည်း အမြန်ပြီးစီးအောင် တွန်းအားပေး ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဧရာဝတီတိုင်း ကန်ကြီးထောင့်မြို့နယ်ရှိ ဒါးကမြစ်ကူးဒါးကတံတားဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရက တည်ဆောက်ပေးထားသည့် အခြေခံကောင်းများအပေါ် မှီပြီး ဧရာဝတီတိုင်းသည် မိုးစပါးရော နွေစပါးပါ အများဆုံး တိုးချဲ့စိုက်ပျိုးသော တိုင်းဖြစ်လာသည့်အတွက် နိုင်ငံတော်၏ စပါးကျီအဖြစ် ခိုင်မာစွာ ဆက်လက်ရှင်သန် ရပ်တည်လျက်ရှိကြောင်း၊ ထို့အပြင် ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံများနှင့် ဂုန်လျှော်ကိုလည်း တစ်နှစ်ထက်တစ်နှစ် အားရဖွယ် တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း။

စိုက်ပျိုးရေးကဏ္ဍ တိုးတက်မှုနှင့်အတူ မွေးမြူရေးကဏ္ဍတွင်လည်း ငါးကန်ဧက ၆၀၀၀၀ကျော်၊ ပုစွန်ကန်ဧက ၃၅၀၀၀ကျော် တိုးတက်ဖြစ်ပေါ်နေပြီး ဘဲ၊ ဝက်၊ ဒေသန္တရ ကြက်အများဆုံး မွေးမြူနေသည့် နယ်မြေအဖြစ်လည်း ရပ်တည်နေပြီဖြစ်သည့်အတွက် ဧရာဝတီတိုင်းသည် နိုင်ငံတော်အတွက် အားထားရသော စိုက်ပျိုးရေး/မွေးမြူရေး အထူးဇုန်သဖွယ် တည်ရှိနေပြီဖြစ်ကြောင်း။

တစ်ဆင့်မြင့်တက်

ဤကဲ့သို့ တိုးတက်နေသည့် အခြေအနေကောင်းများအပေါ်တွင် ဧရာဝတီတိုင်းသားများက ထပ်ဆင့်အားထည့်လိုက်မယ်ဆိုလျှင် ဧရာဝတီတိုင်း၏ တိုးတက်မှုသည် အရှိန်အဟုန်ဖြင့် တစ်ဆင့်မြင့်တက်သွားမှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ဧရာဝတီတိုင်းသာမက ပြည်ထောင်စုကြီးတစ်ရပ်လုံး၊ ပြည်နယ်၊ တိုင်းအားလုံး ကွက်ပြည့်ဖွံ့ဖြိုးလာအောင် ကျယ်ကျယ်ပြန့်ပြန့် ကြည့်ရှုလေ့လာသုံးသပ်ပြီး စီမံချက်များ ချမှတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့်လည်း ယခင်က တိုးတက်မှုနှေးကွေးနေသည့် ဒေသများရော ဖွံ့ဖြိုးမှု နောက်ကျကျန်ရစ်ခဲ့သည့် ဒေသများပါ ယခုအခါတွင် အရှိန်အဟုန်ရှိရှိ တိုးတက်လာနေပြီဖြစ်ကြောင်း။

ကိန်းဂဏန်းစာရင်းများအရရော ရပ်ပိုင်းဆိုင်ရာ လက်တွေ့ဖြစ်ပေါ်နေမှုများအရပါ တိုးတက်ဖွံ့ဖြိုးမှုနှင့် တည်ငြိမ်အေးချမ်းမှုတို့ကို နိုင်ငံတော်တစ်ဝန်း၌ မှတ်ကျောက်တင်နိုင်နေပြီဖြစ်ကြောင်း။

စည်းလုံးမှုစွမ်းအား

ဤကဲ့သို့ မှတ်ကျောက်တင်နိုင်ခြင်းသည်လည်း နယ်စပ်ဒေသများ အပါအဝင် ပြည်နယ်၊တိုင်း အားလုံး၌ အေးအတူပူအမျှ အတူတကွ နေထိုင်နေကြသည့် တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှု စွမ်းအားကြောင့်ပင်ဖြစ်ကြောင်း၊ တိုင်းရင်းသားအချင်းချင်း အပြန်အလှန်နားလည်စာနာမှု၊ထောက်ထားမှု၊ ရပ်ရွာဒေသ ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မှု စသည့် ညီညွတ်မှုအင်အား၏ အကျိုးရလဒ်များသည် ငြိမ်းချမ်းမှု၊ လုံခြုံမှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ ချစ်ကြည်ရင်းနှီးမှုပင် ဖြစ်ကြောင်း၊ တစ်ဦးနှင့်တစ်ဦး သံသယပွားနေရမှု၊ ထိပ်တိုက်ရင်ဆိုင် ပဋိပက္ခဖြစ်ပွားနေရမှုတို့ လွှမ်းခြုံခဲ့ရသည့် အတိတ်သမိုင်း၏ ဆိုးကျိုးများသည် ငြိမ်းချမ်းမှုနှင့် ဖွံ့ဖြိုးမှုတို့၏ ဆန့်ကျင်ဘက်လူမှုအနိဋ္ဌာရုံများပင်ဖြစ်ကြောင်း။

မျက်မြင်တွေ့ရှိ

ပြည်သူအားလုံးသည် တစ်ဦးချင်းအရ မိမိဘဝဖွံ့ဖြိုးရေးနှင့် လုံခြုံရေးကို တပ်မက်မြတ်နိုးသလို မိမိနိုင်ငံ၊ မိမိဒေသ၊ မိမိလူမျိုးအတွက် ငြိမ်းချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို လိုလားကြစမြဲဖြစ်ကြောင်း၊ ပြည်သူများ၏ ဆန္ဒနှင့် လိုက်လျောညီထွေစွာ ယနေ့ပြည်ထောင်စုတစ်ဝန်း၌ နိုင်ငံတော်အစိုးရရော ပြည်သူများပါ ညီညီညွတ်ညွတ်ပူးပေါင်းပြီး ကိုယ့်ခွန်ကိုယ့်အားဖြင့် တည်ဆောက်နိုင်ခဲ့သည့်အတွက် ဖွံ့ဖြိုးတိုးတက်မှု၊ တည်ငြိမ်အေးချမ်းမှုနှင့် သာယာမှုများ မျက်မြင်တွေ့ရှိခံစားနေရပြီဖြစ်ကြောင်း။

ပြည်ပအကူအညီအပေါ် မမှီခိုဘဲ ရှန်းကန်တည်ဆောက်ထားသည့် ဖွံ့ဖြိုးတိုးတက်မှု၊ တည်ငြိမ်အေးချမ်းမှုနှင့် သာယာမှုများသည် ပြည်ပလောင်းရိပ်ကင်းသော ကိုယ်ပိုင်အသီးအပွင့်ရတနာများပဲ ဖြစ်ကြောင်း၊ မိမိတို့၏

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❍



ဒါးကတံတားသစ်

ဇူလိုင် ၆ရက်က ဧရာဝတီတိုင်း ကန်ကြီးထောင့်မြို့နယ် ရန်ကုန်-ပုသိမ် ကားလမ်းမပေါ်တွင် ဒါးကမြစ်ကို ဖြတ်ကူးတည်ဆောက်ထားသည့် ဒါးကတံတားသစ်ကို ခံ့ညားထည်ဝါစွာ တွေ့ရစဉ်။ (သတင်းစဉ်)

*** ချော့တိုင်းလည်း မပျော့နဲ့**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ဌေးဦးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့ ဧရာဝတီတိုင်း ကန်ကြီးထောင့်မြို့နယ်ရှိ ဒါးကမြစ်ကူး ဒါးကတံတားဖွင့်ပွဲတွင် တံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

❍ စာမျက်နှာ ၁၁ မှ

ကိုယ်ပိုင်အင်အား၊ ကိုယ်ပိုင်အတွေးအခေါ်၊ ကိုယ်ပိုင်ခံယူချက်များဖြင့် ကြိုးစားပမ်းစား ဖန်တီးပျိုးထောင်ထားမှုများပင်ဖြစ်ကြောင်း။

ရှင်းရှင်းလင်းလင်းရှုမြင်

အပြုတရားနှင့် အဖျက်တရား၊ အကောင်းနှင့်အဆိုး၊ တိုးတက်မှုနှင့် ဆုတ်ယုတ်မှုတို့ကို လက်တွေ့ ကွဲကွဲပြားပြား ရှင်းရှင်းလင်းလင်း သုံးသပ်ရှုမြင်ပြီး မိမိတို့ အပင်ပန်းခံပြီး ဖန်တီးထားသည့် တိုးတက်မှု အသီးအပွင့်များကို ဝိုင်းဝန်းထိန်းသိမ်းကာကွယ်ကြရမှာဖြစ်ကြောင်း၊ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ပြီး ကမ္ဘာ့အလယ်တွင် ဝံ့ဝံ့ကြွားကြွား အခွန့်ရှည်စွာ ရပ်တည်နိုင်ရေး၊ ပြည်သူတစ်ရပ်လုံး လူနေမှုဘဝအဆင့်အတန်း ပြည့်စုံ မြင့်မားရေးစသည့် တစ်မျိုးသားလုံးနှင့် သက်ဆိုင်သော ရည်မှန်းချက်များကိုလည်း မဖြစ်မနေ ဆက်လက်ဝိုင်းဝန်း တည်ဆောက်ဖော်ဆောင်သွားကြရမှာ ဖြစ်ကြောင်း။

နိဂုံးချုပ်အားဖြင့် ဒါးကတံတားကို တာဝန်ယူ တည်ဆောက်ပေးသည့် တာဝန်ခံအဆင့်ဆင့်နှင့် ဝန်ထမ်းများအားလည်းကောင်း၊ အားပေးအထောက်အကူပြုခဲ့သည့် ဒေသခံများအားလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်းနှင့် ကိုယ့်ခွန်ကိုယ့်အား ကိုယ်ပိုင်အရင်းအနှီးများဖြင့် တည်ဆောက်ခဲ့ရသည့် ဒါးကတံတားအပါအဝင် ဧရာဝတီတိုင်းရှိ တံတားများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းစောင့်ရှောက်ထိန်းသိမ်းကြရန် တိုက်တွန်းကြောင်းဖြင့် ပြောကြားသည်။

အမှာစကားပြောကြား

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက အမှာစကားပြောကြားရာ၌ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ခြင်းသည် တိုင်းပြည်တစ်ပြည်၏ ဖွံ့ဖြိုးတိုးတက်မှု၊ သာယာဝပြောမှုကို တိုးတက်ဖြစ်ပေါ်စေကြောင်း၊ ထို့ပြင် တိုင်းရင်းသားအချင်းချင်း ထိတွေ့မှုများလာပြီး တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကိုလည်း ဖြစ်ပေါ်စေမှာဖြစ်ကြောင်း၊ ယနေ့ဆိုလျှင် နိုင်ငံတော်အနေဖြင့် ငွေကျပ်သန်းပေါင်း ၇၉၃၉၄နှင့် အမေရိကန်ဒေါ်လာ ၁၄၇ဒသမ၉၀၇ သန်း အကုန်အကျခံပြီး တစ်နိုင်ငံလုံး၌ လမ်းနှင့်တံတားများ တည်ဆောက်ပေးခဲ့ကြောင်း၊ လမ်းဆိုလျှင်လည်း တစ်နိုင်ငံလုံး ၁၉၈၈ခုနှစ်မတိုင်မီက လမ်းမိုင် ၁၃၆၃၅မိုင်ရှိပြီး ၁၉၈၈ နောက်ပိုင်း ယနေ့ထိ လမ်းမိုင် စုစုပေါင်း ၄၄၇၇ မိုင် တိုးတက်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဧရာဝတီတိုင်းအတွင်း မြေလမ်းမှ ကတ္တရာလမ်းအထိ ယခင်မိုင် ၄၄၀ သာ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ယခု ၁၃၂၈ မိုင်ထိ ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ၈၈၇မိုင် တိုးတက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ တံတားအနေဖြင့် ပြည်နယ်နှင့်တိုင်း အားလုံး၌ ပေ ၁၈၀အထက် တံတားပေါင်း ၁၅၇စင်း တည်ဆောက်ပြီး ဖြစ်ကြောင်း။

ဧရာဝတီတိုင်းအတွင်း တည်ဆောက်ပေးပြီးဖြစ်သည့် တံတား ၃၉ စင်းအတွက် သုံးစွဲခဲ့ရသည့် ငွေကြေးသည် ငွေကျပ်သန်း ၁၉၄၂၀ ကျော်နှင့် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာသန်း ၂၀ ကျော်ဖြစ်ကြောင်းနှင့် ဤ ဒါးကတံတားကြီး သက်တမ်းပြည့် အသုံးပြုသွားနိုင်အောင် ဝိုင်းဝန်းစောင့်ရှောက်သွားကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။

တိုးတက်မှုများရရှိ

ဆက်လက်၍ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဌေးဦးက အမှာစကားပြောကြားရာ၌ နိုင်ငံတော်အနေဖြင့် လမ်းတံတားများ တည်ဆောက်ပေးလျက်ရှိသဖြင့် ဒေသအသီးသီး၏ လူမှုရေးနှင့် စီးပွားရေးဘဝ တိုးတက်မှုများရရှိနေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ မိမိတို့ ဧရာဝတီတိုင်းသည်လည်း ဤအကျိုးကျေးဇူးများကို ခံစားနေရပြီဖြစ်ကြောင်း။

လမ်းများ တိုးချဲ့ဖောက်လုပ်ပြီးသည်နှင့်အညီ တံတားကြီးများကိုလည်း တိုးတက်တည်ဆောက်ပေးလျက် ရှိကြောင်း၊ ယခုဖွင့်လှစ်သည့် ဒါးကတံတားသည် တိုင်းအတွင်း ပေ ၁၈၀ အထက် တံတားကြီးများအနက် ၃၉ စင်းမြောက် ဖွင့်လှစ်ခြင်း ဖြစ်ကြောင်း၊ ဖျာပုံမြစ်ကူး ဖျာပုံတံတားကိုလည်း နှစ်နှစ်ကာလအတွင်း တည်ဆောက်ပြီးစီး ဖွင့်လှစ်နိုင်မှာဖြစ်ကြောင်း၊ အခြားမြစ်ကူး ချောင်းကူးတံတားကြီးများဖြစ်သည့် အိမ်မဲမြို့နယ် ကျွန်းကုန်းတံတား၊ ကန်ကြီးထောင့်မြို့နယ် မြင်းကဆိပ်တံတား၊ ဝဲန်မြစ်ကူး မြို့ကွင်းတံတားနှင့် ငဝန်မြစ်ကူး ပုသိမ်တံတားများကိုလည်း တစ်စင်းပြီးတစ်စင်း ဆက်လက်တည်ဆောက်သွားမှာ ဖြစ်ကြောင်း။

ဒါးကတံတားမတည်ဆောက်ခင်က ကန်ကြီးထောင့်၊ ကျောင်းကုန်းဒေသရှိ ပြည်သူများသည် မီးရထားနှင့် ရေလမ်းကိုသာ အားထားခဲ့ရကြောင်း၊ ယခု တံတား တည်ဆောက်ပြီးသည့်အတွက် ကန်ကြီးထောင့်မြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်ကို အလွယ်တကူ ဆက်သွယ်နိုင်ပြီဖြစ်ကြောင်း၊ ပုသိမ်-ရန်ကုန်လမ်းအတိုင်း ရန်ကုန်မြို့ကို သုံးနာရီ သုံးနာရီခွဲအရောက် အလွယ်တကူ သွားနိုင်တော့မှာဖြစ်သကဲ့သို့ ပုသိမ်-ဟင်္သာတ၊ ပုသိမ်-မအူပင်-ဖျာပုံမြို့များကိုလည်း အချိန်တိုတိုအတွင်းတွင် သွားလာနိုင်မှာဖြစ်ကြောင်း၊ ထို့ပြင် ရန်ကုန်မှ ပုသိမ်၊ ငွေဆောင်၊ ချောင်းသာ အပန်းဖြေစခန်းများကို နေ့ဝက်ခရီးဖြင့် သွားလာနိုင်သကဲ့သို့ နေ့ချင်းပြန်ခရီးဖြင့်လည်း သွားလာနိုင်မှာ ဖြစ်သည့်အတွက် အပန်းဖြေစခန်းများသည် ပိုမိုဖွံ့ဖြိုးတိုးတက်ပြီး အပန်းဖြေလာရောက်သူများ စိတ်ချမ်းမြေ့စွာဖြင့် အလွယ်တကူ သွားလာနိုင်တော့မှာဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည်နှင့်အမျှ ဒေသခံပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ စီမံခန့်ခွဲရေးကအစ ဘက်စုံဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း။

အမှာစကားပြောကြား

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ဌေးဦး ဧရာဝတီတိုင်း ကန်ကြီးထောင့် မြို့နယ်ရှိ ဒါးက မြစ်ကူး ဒါးကတံတား ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

တာဝန်ကြီး

ဧရာဝတီတိုင်းသည် နိုင်ငံတော်၏ စီးပွားရေးကဏ္ဍတွင် ငါးပုံတစ်ပုံ တာဝန်ယူ အကောင်အထည်ဖော်ဆောင်ရွက်နေရပြီး နိုင်ငံတော်၏ စီးပွားရေးကို တာဝန်ခံ ဆောင်ရွက်ပေးနေသည့် အဓိကတိုင်းကြီး ခြောက်တိုင်းအနက် ရှေ့တန်းက တာဝန်ယူနေရသည့် တိုင်းဖြစ်ကြောင်း၊ ဤအတွက် ဧရာဝတီတိုင်းသားများအနေဖြင့် ဂုဏ်ယူစရာကောင်းသကဲ့သို့ အင်မတန်မှ တာဝန်လည်းကြီးကြောင်း၊ ဤတာဝန်ကြီးကို အောင်မြင်အောင် ဝမ်းမြောက်ဂုဏ်ယူစွာ ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း။

ဧရာဝတီတိုင်းသည် ရှေးယခင်ကာလက **"နိုင်ငံတော်ရဲ့ စပါးကျီ"** နိုင်ငံတော်ရဲ့ ထမင်းအိုးကြီးဟု တင်စားခေါ်ဝေါ်ခဲ့ရာမှ ယခုအခါ စပါးကျီသာမက မွေးမြူရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းလာသည့်အတွက် **"ဟင်းအိုးကြီး"** ဖြစ်သည်ဟုလည်း ခေါ်ဆိုနိုင်ပြီဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် တင်ပြလိုသည်မှာ နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်အောင် ဦးဆောင်၍ စေတနာထားဆောင်ရွက်ပေးနေသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် နိုင်ငံတော်အစိုးရအား ဧရာဝတီတိုင်းသားများကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့ ဧရာဝတီတိုင်းသားများအနေဖြင့်လည်း **"ရိုးသားကြိုးစား ဧရာဝတီသား"** ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်၏ ကျေးဇူးကိုဆပ်သည့်အနေဖြင့် တံတားကြီးကို ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်ပြီး နိုင်ငံတော်က ပေးအပ်သည့် တာဝန်များကိုလည်း ပိုမိုတိုးတက်အောင်မြင်အောင် ရိုးသားကြိုးစားဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားသွားသည်။

ထို့နောက် ဒါးကတံတား တည်ဆောက်ပြီးစီး၍ လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်လာခြင်းနှင့် ဒေသပိုမိုဖွံ့ဖြိုးတိုးတက်လာမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ဒေသခံပြည်သူများကိုယ်စား ဒေသခံပြည်သူတစ်ဦး ဖြစ်သည့် ဦးဉာဏ်လင်းက ကျေးဇူးတင်စကား ပြောကြားသည်။

နှုတ်ဆက်စကားပြောကြား

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းက နှုတ်ဆက်စကား ပြောကြားရာ၌ တံတားဖွင့်ပွဲ အခမ်းအနား အစီအစဉ်အရ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက နိုင်ငံတော်၏ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး ဖြစ်ပေါ်မှုအခြေအနေများကို ထင်ဟပ်ပြီး ဧရာဝတီတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် တိုင်းမှူး ဗိုလ်ချုပ်ဌေးဦးတို့ကလည်း မိမိတို့ ဝန်ကြီးဌာနအလိုက် တိုင်းနယ်မြေအလိုက် အစီအမံရှိရှိ လုပ်ကိုင် ဆောင်ရွက်နေမှုနှင့် တိုးတက်မှုအခြေအနေများကိုလည်းကောင်း၊ ဧရာဝတီတိုင်းမှ ဒေသခံပြည်သူတစ်ဦးကလည်း ဒါးကတံတား တည်ဆောက်မှုအပါအဝင် နိုင်ငံတော်အစိုးရ၏ လုပ်ကိုင်ဆောင်ရွက်ပေးမှုများအပေါ် ကျေးဇူးတင်ရှိကြောင်းကိုလည်းကောင်း ရှင်းလင်းပြောကြားသွားကြပြီးဖြစ်ကြောင်း။

ဆောက်လုပ်ရေးဝန်ကြီး ဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်း ဧရာဝတီတိုင်း ကန်ကြီးထောင့် မြို့နယ်ရှိ ဒါးကမြစ်ကူးဒါးကတံတား ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ဂုဏ်ယူဝမ်းမြောက်

ယခုကဲ့သို့ မင်္ဂလာရှိသည့် တံတားတည်ဆောက်ဖွင့်လှစ်သော အခမ်းအနားနှင့် နိုင်ငံတော်အတွင်း တံတားကြီးများ တစ်စင်းပြီးတစ်စင်း ဆောက်လုပ်ပြီးစီးနေသည့် တိုင်းကျိုးပြည်ပြုလုပ်ငန်းများအပေါ် နိုင်ငံတော်ကို ချစ်မြတ်နိုးသူတိုင်းနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို လိုလားသူတိုင်းသည် မိမိတို့နှင့်အတူ ဂုဏ်ယူဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြမှာဖြစ်ကြောင်း။

နိုင်ငံတော်ကြီးကို ဘက်စုံက ဖွံ့ဖြိုးတိုးတက်အောင် ယခုကဲ့သို့ ကြိုးစားပမ်းစား တည်ဆောက်လုပ်ကိုင်နေချိန်ကာလ၌ အလေးအနက် သုံးသပ်ခံယူရမည့် အပိုင်းများရှိပါကြောင်း။

နိုင်ငံတော်ကို ပြောင်းလဲတည်ဆောက်ပြီး ပြည်သူများ၏ လူနေမှုဘဝ အဆင့်အတန်း ပြည့်စုံမြင့်မားလာအောင် လုပ်ကိုင်ဆောင်ရွက်ရာ၌ ထက်မြက်သော ဦးစီးဦးဆောင်ပြုနိုင်မှု၊ ကျယ်ကျယ်ပြန့်ပြန့် မြော်မြင်တွေးဆနိုင်မှု၊အလုပ်ကို ဖိဖိစီးစီး မနားမနေ လုပ်ကိုင်နိုင်မှုတို့နှင့် ပြည့်စုံသည့် နိုင်ငံခေါင်းဆောင်မှုအပိုင်း လိုအပ်သကဲ့သို့ နိုင်ငံသားပြည်သူများ၏ တက်တက်ကြွကြွ အလုပ်လုပ်မှုသည်လည်း လိုအပ်ပါကြောင်း။

နားလည်မှုရှိရှိ

နိုင်ငံတော်နှင့်ပြည်သူ တက်ညီလက်ညီ နားလည်မှုရှိရှိ ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်နိုင်သည်နှင့်အမျှ အေးချမ်းသာယာသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ပေါ်ရေးဆိုသည့် မိမိတို့အမျိုးသား ရည်မှန်းချက်ကို မလွဲမသွေ အမြန်ရောက်ရှိမှာဖြစ်ကြောင်း။

ယခုအခါ မိမိတို့နိုင်ငံ၏ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍတို့သည် အရှိန်အဟုန်ရှိရှိ တိုးတက်မြင့်မားနေချိန်၌ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို ပျက်စီးအောင် ကြံစည်လုပ်ကိုင် ဆောင်ရွက်နေကြသည့် အဖျက်သမားများရှိနေသည်မှာ ဝမ်းနည်းစရာကောင်းကြောင်း။

ယင်းအဖျက်သမားများ၏ ကြံစည်လုပ်ကိုင်မှုများသည် နိုင်ငံတော်၏ အကျိုးစီးပွား၊ ပြည်သူ၏ အကျိုးစီးပွားနှင့်ယှဉ်၍ ကြည့်ပါက နိုင်ငံတော်၏ အန္တရာယ်၊ ပြည်သူများ၏ အန္တရာယ်များပင်ဖြစ်ကြောင်း။

အပြုနှင့်အဖျက်ခွဲခြား

တာဝန်သိသူနှင့် တာဝန်မဲ့သူ၊ သစ္စာရှိသူနှင့် သစ္စာမဲ့သူ၊ မိတ်ဆွေနှင့်ရန်သူ၊ အပြုနှင့်အဖျက် ခွဲခွဲခြားခြား ရှုမြင်သုံးသပ် သိမြင်ကြပြီး မိမိတို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ကမ္ဘာ့အလယ်၌ ထည်ထည်ဝါဝါ ရပ်တည်နိုင်အောင်၊ ဖွံ့ဖြိုးတိုးတက်သည်ထက် တိုးတက်အောင် ဆက်လက်ကြိုးပမ်းအားထုတ် လုပ်ကိုင်သွားကြရမှာဖြစ်ကြောင်း။

နိုင်ငံခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဦးဆောင်မှုအောက်၌ နိုင်ငံတော်အစိုးရနှင့် ပြည်သူအားလုံးသည် မိမိတို့၏ တက်ညီလက်ညီ လက်တွဲပူးပေါင်း ဆောင်ရွက်နေမှုကို မြင့်တင်ပြီး အဖျက်သမားများ၏ အန္တရာယ်ကို သတိထားဖယ်ရှားရင်း ရပ်ရွာအကျိုး၊ ဒေသအကျိုး၊ နိုင်ငံတော်အကျိုးကို ဆက်လက် သယ်ပိုးသွားကြရမှာ ဖြစ်ကြောင်း။

ထို့ပြင် အချို့အနောက်နိုင်ငံကြီးများက ၎င်းတို့၏ အကျိုးစီးပွားကို ရှေ့တန်းတင်ပြီး နိုင်ငံငယ်များကို လွှမ်းမိုးခြယ်လှယ်နိုင်အောင် ကြိုးပမ်းနေမှုများရှိသည်ကိုလည်း သတိထားရန်လိုကြောင်း၊ အခြားနိုင်ငံများ၏ ကောင်းစားရေးကို လိုလားသယောင် အကူအညီ အထောက်အပံ့များ ပေးတော့မယောင်၊ ပြန်ကြားရေးမီဒီယာများမှ တစ်ဆင့် အသံကောင်းဟစ်လျက်ရှိကြောင်း။

ယင်းနိုင်ငံကြီးများ၏ ပရိယာယ်ကို နားလည်သိရှိပြီး မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွား၊ မိမိနိုင်ငံ၏ ကိုယ်ပိုင်အမျိုးသားရပ်တည်ချက်များကို ကာကွယ်သွားကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် တံတားဖွင့်လှစ်မည့် တံတားထိပ်မုခ်ဦး၌ နေရာယူကြသည်။

ဖွင့်လှစ်ပေး

မင်္ဂလာအချိန် ကျရောက်သည်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဌေးဦးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့က ဖဲကြိုးဖြတ်၍ ဒါးကတံတားကို ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် တံတားဆောက်လုပ်ရေး စီမံကိန်းမှ တာဝန်ရှိသူများ၊ ဒေသခံများနှင့်အတူ ဖွင့်ပွဲ အခမ်းအနားကျင်းပသည့် မုခ်ဦးရှေ့၌ မှတ်တမ်းတင် စုပေါင်းဓာတ်ပုံ ရိုက်ကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းသည်

စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ❀

ပိဋကတ်၊ မနာပ၊ ဂရု၊ ဘာဝနီယပုဂ္ဂိုလ်များဖြစ်အောင် သတိသမ္ပဇဉ် အမြဲယှဉ်နေတော်မူကြရန်လိုအပ်

ရန်ကုန် ဇူလိုင် ၆

ပဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အဌမအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော ဥက္ကဋ္ဌအဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မြင်းခြံဆရာတော်ကြီး ဘဒ္ဒန္တ သောဘိတမဟာထေရ်မြတ်၏ သာရဏီယဩဝါဒကထာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

ပဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အဌမအစည်းအဝေးသို့ ကာယသာမဂ္ဂီ၊ စိတ္တသာမဂ္ဂီပေးကာ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်အရှင်မြတ်တို့ဘုရား–

ဆရာတော်အရှင်မြတ်တို့ ကိုယ်ကျန်းမာ စိတ်ချမ်းသာစွာဖြင့် သာသနာတော်အရေးကို အလေးဂရုပြုကာ ကြွရောက်တော်မူလာကြသည်ကို တွေ့မြင်ရသည့်အတွက် နှစ်သက်ရွှင်လန်းဝမ်းမြောက်ကြည်နူးလျက် သာသနာတော်အတွက် အားတက်မိပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား၊ ဘုရားတပည့်တော်တို့၏ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးသည် နိုင်ငံတော်တစ်ဝန်းလုံးရှိ သာသနာရေးကိစ္စဟူသမျှတို့ကို ဖြေရှင်းဆောင်ရွက်ပေးနေရသော သံဃာ့အဖွဲ့အစည်းကြီး ဖြစ်ပါသည်။ သို့ဖြစ်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့သည် နိုင်ငံတော်တစ်ဝန်းလုံးရှိ ရဟန်းရှင်လူ ပြည်သူအများစု၏ ချစ်ခင်ထိုက်၊ မြတ်နိုးထိုက်၊ အလေးဂရုပြုထိုက်၊ ချီးမွမ်းထိုက်သော ပိယ၊ မနာပ၊ ဂရု၊ ဘာဝနီယ ပုဂ္ဂိုလ်များဖြစ်အောင် သတိသမ္ပဇဉ်အမြဲ ယှဉ်နေတော်မူကြရန် လိုအပ်လှပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား၊ သီတင်းသုံးဖော်တို့ မချစ်ခင်ထိုက်၊ မမြတ်နိုးထိုက်၊ အလေးဂရုမပြုထိုက်၊ မချီးမွမ်းထိုက်သော အပ္ပိယ၊ အမနာပ၊ အဂရု၊ အဘာဝနီယဖြစ်သော ပုဂ္ဂိုလ်နှင့် သီတင်းသုံးဖော်တို့ ချစ်ထိုက်၊ မြတ်နိုးထိုက်၊ အလေးဂရုပြုထိုက်၊ ချီးမွမ်းထိုက်သော ပိယ၊ မနာပ၊ ဂရု၊ ဘာဝနီယဖြစ်သော ပုဂ္ဂိုလ်နှစ်မျိုးနှစ်စားကိုခွဲခြား၍ မြတ်စွာဘုရားဟောကြားတော်မူအပ်သော ပဌမပိယသုတ်၊ ဒုတိယပိယသုတ် ဒေသနာတော်များကို အရှင်မဟာကဿပထေရ်အမှူးရှိသော သင်္ဂါယနာတင် ရဟန္တာမထေရ်တို့က အင်္ဂုတ္တရနိကာယ၊ သတ္တကနိပါတ်၌ သင်္ဂါယနာ တင်တော်မူခဲ့ကြပါသည်ဘုရား။

ထိုဒေသနာတော်လာ ပုဂ္ဂိုလ်နှစ်မျိုးတို့တွင် ဤသာသနာတော်၌ (၁)ပစ္စည်းလာဘ်ကိုလိုလားမှု = လာဘကာမ (၂)အရိုအသေပြုခြင်း = ပူဇော်သက္ကာရကို လိုလားမှု = သက္ကာရကာမ (၃)သူတစ်ပါးတို့ အထင်သေးမခံရခြင်း = အထင်ကြီးခံရခြင်း = ကျော်ကြားခြင်းကို လိုလားမှု = အနဝညတ္တိကာမ (၄)ဒုစရိုက်ကိုမစက်ဆုပ်မှု = မရှက်မှု = အဟိရိက (၅)ဒုစရိုက်ကြောင့် မကြောက်လန့်မှု = အနောတ္တပ္ပီ (၆)ယုတ်မာသော အလိုရမ္မက်ရှိမှု = ပါပိစ္ဆ (၇)မှားယွင်းသော အယူရှိမှု = မိစ္ဆာဒိဋ္ဌိ = ဤတရားခုနစ်ပါးနှင့် ပြည့်စုံသော ရဟန်းသည် သီတင်းသုံးဖော်တို့၏ မချစ်ခင်ထိုက်၊ မမြတ်နိုးထိုက်၊ အလေးဂရုမပြုထိုက်၊ မချီးမွမ်းထိုက်သော အပ္ပိယ၊ အမနာပ၊ အဂရု၊ အဘာဝနီယပုဂ္ဂိုလ် ဖြစ်ပါသည်။

ဤသာသနာတော်၌ (၁)ပစ္စည်းလာဘ်ကို မလိုလားမှု = နလာဘကာမ (၂)အရိုအသေပြုခြင်း = ပူဇော်သက္ကာရကို မလိုလားမှု = နသက္ကာရကာမ (၃)သူတစ်ပါးတို့ အထင်သေးမခံရခြင်း = အထင်ကြီးခံရခြင်း = ကျော်ကြားခြင်းကို မလိုလားမှု = နအဝညတ္တိကာမ (၄)ဒုစရိုက်ကိုစက်ဆုပ်ခြင်း = ရှက်ခြင်းရှိမှု = ဟိရိမာ (၅)ဒုစရိုက်ကြောင့် ကြောက်လန့်ခြင်းရှိမှု = ဩတ္တပ္ပီ (၆)လိုချင်မက်မောခြင်းမရှိမှု = အပ္ပိစ္ဆ (၇)မှန်ကန်သော ဉာဏ်အမြင်ရှိမှု = သမ္မာဒိဋ္ဌိ = ဤတရားခုနစ်ပါးနှင့်ပြည့်စုံသော ရဟန်းသည် သီတင်းသုံးဖော်တို့ ချစ်ခင်ထိုက်၊ မြတ်နိုးထိုက်၊ အလေးဂရုပြုထိုက်၊ ချီးမွမ်းထိုက်သော ပိယ၊ မနာပ၊ ဂရု၊ ဘာဝနီယပုဂ္ဂိုလ် ဖြစ်ပါသည်။

ဒုတိယပိယသုတ်၌မူ = အပ္ပိယ, အမနာပ စသည် ဖြစ်ကြောင်း တရားခုနစ်ပါးတို့တွင် (၆)ပါပိစ္ဆ (၇)မိစ္ဆာဒိဋ္ဌိတို့အရာ၌ (၆)သူတစ်ပါးတို့ လာဘ်ပေါ်များခြင်း၊ တရိတသေပြုစုချီးမြှောက်ခံရခြင်း၊ ဂုဏ်သတင်းကျော်ကြားခြင်း စသည်တို့၌ ငြူစူမှု = ဣဿုကီ (၇) အာဝါသ၊ ကုလ စသည်တို့၌ ဝန်တိုမှု = မစ္ဆရီတို့ကိုလည်းကောင်း၊ ပိယ၊ မနာပ စသည်ဖြစ်ကြောင်းတရားခုနစ်ပါးတို့တွင် (၆)အပ္ပိစ္ဆ (၇)သမ္မာဒိဋ္ဌိတို့အရာ၌ (၆)သူတစ်ပါးတို့ လာဘ်ပေါ်များခြင်း၊ တရိတသေပြုစု ချီးမြှောက်ခံရခြင်း၊ ဂုဏ်သတင်းကျော်ကြားခြင်း စသည်တို့၌ မငြူစူမှု = အနိဿုကီ (၇)အာဝါသကုလစသည်တို့၌ ဝန်တိုမှု = အမစ္ဆရီ တို့ကိုလည်းကောင်း ထည့်သွင်း၍ ဟောကြားတော်မူခဲ့ပါသည်ဘုရား။

ဆရာတော် အရှင်မြတ်တို့ဘုရား၊ ဘုရားတပည့်တော်တို့၏ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့သည် နိုင်ငံတော်တစ်ဝန်းလုံးရှိ ရဟန်းရှင်လူ ပြည်သူအများစု၏ ချစ်ခင်ထိုက်သော ပိယပုဂ္ဂိုလ်၊ မြတ်နိုးထိုက်သော မနာပပုဂ္ဂိုလ်၊ ရိုသေလေးစားထိုက်သော ဂရုပုဂ္ဂိုလ်၊ ချီးမွမ်းထိုက်သော ဘာဝနီယပုဂ္ဂိုလ်များ ဖြစ်တော်မူကြမှသာ ဘုရားတပည့်တော်တို့ ဆောင်ရွက်အပ်သော သာသနာ့ကိစ္စဟူသမျှတို့ အောင်မြင်ပြီးမြောက်မည်ဖြစ်ပါသည်ဘုရား။

ထို့ကြောင့် ဘုရားတပည့်တော်တို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့သည် နိုင်ငံတော်တစ်ဝန်းလုံးရှိ ရဟန်းရှင်လူ ပြည်သူအများစု၏ ချစ်ခင်ထိုက်သော ပိယပုဂ္ဂိုလ်၊ မြတ်နိုးထိုက်သော မနာပပုဂ္ဂိုလ်၊ ရိုသေလေးစားထိုက်သော ဂရုပုဂ္ဂိုလ်၊ ချီးမွမ်းထိုက်သော ဘာဝနီယပုဂ္ဂိုလ်များဖြစ်အောင် လာဘ်ကိုမလိုလားမှု = နလာဘကာမ၊ အရိုအသေပြုခြင်း ပူဇော်သက္ကာရကို မလိုလားမှု = နသက္ကာရကာမ၊ သူတစ်ပါးတို့ အထင်သေးမခံရခြင်း = အထင်ကြီးခံရခြင်း = ကျော်ကြားခြင်းကို မလိုလားမှု = နအနဝညတ္တိကာမ၊ ဒုစရိုက်ကို စက်ဆုပ်ခြင်း = ရှက်ခြင်းရှိမှု = ဟိရိမာ၊ ဒုစရိုက်ကြောင့် ကြောက်လန့်ခြင်းရှိမှု = ဩတ္တပ္ပီ၊ လိုချင်မက်မောခြင်း မရှိမှု = အပ္ပိစ္ဆ၊ မှန်ကန်သောဉာဏ်အမြင်ရှိမှု = သမ္မာဒိဋ္ဌိ၊ သူတစ်ပါးတို့ လာဘ်ပေါ်များခြင်း = တရိတသေ ပြုစုချီးမြှောက်ခံရခြင်း၊ ဂုဏ်သတင်းကျော်ကြားခြင်း စသည်တို့၌ မငြူစူမှု = အနိဿုကီ၊ အာဝါသ၊ ကုလ စသည်တို့၌ ဝန်မတိုမှု = အမစ္ဆရီဟူသော တရားတို့နှင့် ပြည့်စုံအောင် ကျင့်ဆောင်တော်မူကြပါရန် တိုက်တွန်းလျက် ဘုရားတပည့်တော်၏ သာရဏီယဩဝါဒကထာကို နိဂုံးကမ္ပတ်အဆုံးသတ်ပါသည် ဆရာတော် အရှင်မြတ်တို့ဘုရား။ ။

နယ်စပ်စည်ပင်ဝန်ကြီးဌာန ဝါဆိုသင်္ကန်းဆက်ကပ်

ရန်ကုန် ဇူလိုင် ၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန၏ ဒသမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ စည်ပင်သာယာရေးဓမ္မာရုံ၌ ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက (မကွေးဆရာတော်)ဘဒ္ဒန္တကုမာရ အမှူးပြုသော သံဃာတော်အရှင်သူမြတ် ၁၉ပါး ကြွရောက်တော်မူ၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့်ဇနီး ဒေါ်ကျင်ခိုင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးကျော်တင်၏ဇနီး ဒေါ်စုစုနှင့် ဗိုလ်မှူးချုပ်သန်းထွန်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ မဟာအောင်မြေဘုံစံ ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရုဘဒ္ဒန္တ ပညိန္ဒာဘိဝံသထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်၍ သံဃာတော် အရှင်သူမြတ်တို့က ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်သည်။

ယင်းနောက် သံဃာတော် အရှင်သူမြတ်တို့အား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်နှင့်ဇနီး ဒေါ်ကျင်ခိုင်၊ ဒုတိယဝန်ကြီး ဦးကျော်တင်၏ ဇနီး ဒေါ်စုစု၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းမိသားစုများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

(ကြေးမုံ)

ပထမနေ့

ပဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အဌမအစည်းအဝေး ပထမနေ့ အစီအစဉ်များ ကျင်းပစဉ်။

(သတင်းစဉ်)

ပဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အဌမအစည်းအဝေး စတင်ကျင်းပ

ရန်ကုန် ဇူလိုင် ၆

ပဋ္ဌမအကြိမ်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ အဌမအစည်းအဝေးကို ယနေ့နံနက် ၇နာရီ ၄၅မိနစ်တွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာ ဓမ္မသဘင်၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သူရအောင်ကို၊ သာသနာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယ ပါမောက္ခချုပ်(စီမံ) ဒေါက်တာလှဖေ၊ သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်မျိုးနှင့် ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများ၊ ပြည်နယ်၊ တိုင်း၊ ခရိုင် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိ ဆရာတော်အဖြစ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗဟန်းမြို့နယ် အောင်မြေဘုံစံ ကျောင်းတိုက် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ ပညိန္ဒာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူး ဆရာတော်အဖြစ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကုဏ္ဍလဇောတိက ဆောင်ရွက်တော်မူသည်။

ရှေးဦးစွာ အခမ်းအနားမှူး ဆရာတော်က အစည်းအဝေး စတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားတော်မူပြီး အစည်းအဝေး ထမြောက်အောင်မြင်ကြောင်း ကြေညာတော်မူသည်။

ဩဝါဒကထာဖတ်ကြား

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက မြင်းခြံဆရာတော် ဘဒ္ဒန္တ သောဘိတ မိန့်ကြားတော်မူအပ်သော သာရဏီယ ဩဝါဒကထာကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တ ကုမာရက ဖတ်ကြားတော်မူသည်။

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ကိုယ်စားဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုက သာသနာရေးဆိုင်ရာများကိုလျှောက်ထားသည်။

တင်သွင်းလျှောက်ထား

ထို့နောက်ပဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(ပထမအဖွဲ့ခွဲ)၏ ဒုတိယအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာအကျဉ်းကို တာဝန်ကျ အဖွဲ့ခွဲကိုယ်စား နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ ကိတ္တိက တင်သွင်းလျှောက်ထားတော်မူသည်။

အစီရင်ခံစာတင်သွင်း

ဆက်လက်၍ ပဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ)၏ ဒုတိယအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာကို အဖွဲ့ဝင် ဆရာတော်များက သာသနာ့ရေးရာ၊ ဝိနိစ္ဆယရေးရာနှင့် ပညာရေးရာကဏ္ဍအလိုက် တင်သွင်းလျှောက်ထားတော်မူကြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

ထို့နောက် အစည်းအဝေးကို မွန်းလွဲ ၁နာရီတွင် ပြန်လည်ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများက သာသနာ့ရေးရာကဏ္ဍ၊ ဝိနိစ္ဆယရေးရာကဏ္ဍ၊ ပညာရေးရာကဏ္ဍနှင့် အထွေထွေရေးရာကဏ္ဍတို့ကို ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး ပထမနေ့ အစည်းအဝေးကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

ဆက်ကပ်လှူဒါန်း

ပဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အဌမအစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများအား ဇူလိုင် ၃ရက်တွင် ရွှေပေါက်ကံမြို့သစ် ဗိုလ်ချုပ်အောင်ဆန်းလမ်းနေ ဦးသန်းရွှေ–ဒေါ်နီနှင့် သမီး မနုနုဝေမိသားစုက လည်းကောင်း၊ ဇူလိုင် ၄ရက်တွင် ရန်ကုန်မြို့ လသာလမ်း အမှတ် ၂၁၂ နေ ဦးဝင်းသင်ကလည်းကောင်း၊ ဇူလိုင် ၅ရက်တွင် စမ်းချောင်းမြို့နယ် သီရိမင်္ဂလာလမ်းနေ ဒေါက်တာအေးကျော်က လည်းကောင်း၊ ယနေ့တွင် စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်း အမှတ် ၂၃နေ ဦးကြည်ညွှန့် [ဒုတိယဝန်ကြီး(ငြိမ်း)]– ဒေါ်အေးမြင့် မိသားစုကလည်းကောင်း၊ ဆွမ်းခဲဖွယ်ဘောဇဉ်များဖြင့် ဆက်ကပ်လှူဒါန်းကြသည်။

ပဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါး စုံညီ အဌမအစည်းအဝေး ဒုတိယနေ့ကို ဇူလိုင် ၇ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

တိပိဋကာလင်္ကာရစာသင်တိုက် ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၆

ရန်ကုန်တိုင်း သာကေတမြို့နယ် ၁၀/တောင် ၁၂ရပ်ကွက် သလ္လာဝတီလမ်း တိပိဋကာလင်္ကာရ ပရိယတ္တိစာသင်တိုက်နှင့် မဟာဂန္ဓာဝါစက ပဏ္ဍိတ ဘဒ္ဒန္တအဂ္ဂသာမိ (ဒွိပိဋက ဓရ) ဆရာတော် အမှူးပြုသော စာချစာသင် သံဃာတော် အရှင်သူမြတ် ၈၅ ပါးတို့အား ဇူလိုင် ၁၃ရက် (ဝါဆိုလပြည့်နေ့)တွင်ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်ဟုသိရသည်။ (က–ပ)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် ဇနီးဒေါ်ခင်သန်းဝင်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲတွင် ဆရာတော်အား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဘဏ္ဍာ/ အခွန်ဝန်ကြီးဌာနဝါဆိုသင်္ကန်းဆက်ကပ်

ရန်ကုန် ဇူလိုင် ၆

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် လှထွန်းနှင့်ဇနီး ဒေါ်ခင်သန်းဝင်းတို့အား အမှူးထား၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက် ၅နာရီခွဲတွင် ရန်ကင်းမြို့နယ် စက်မှု(၁) လမ်းရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် ဇနီး ဒေါ်ခင်သန်းဝင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သန်းထွန်းနှင့်ဇနီး၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် ဇနီး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အောက်ရှိဌာန၊လုပ်ငန်းများမှညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

ရွှေဦးစွာ သုဝဏ္ဏမြို့ မဟာသုဝဏ္ဏကျောင်းတိုက် ပဓာန နာယကဆရာတော် သာသနဓဇ ဓမ္မာစရိယ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဉာဏိဿရ အမှူးပြုသော သံဃာတော်များအား အရဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ဆရာတော်များထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များက ပရိတ်တရားတော်များရွတ်ဖတ်သရဇ္ဈာယ်ကြသည်။ ထို့နောက် ဝန်ကြီးနှင့် ဇနီး အမှူးပြုသော ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အကြီးအကဲများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။

(သတင်းစဉ်)

❀ စာမျက်နှာ ၁၂ မှ

ဒါးကတံတား ကမ္ပည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် တံတားကို ဖြတ်သန်းကြည့်ရှုစစ်ဆေးကြပြီး တံတားဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဒါးကတံတားကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၄)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအွန်ဇေပါ ဦးဆောင်သည့် အင်ဂျင်နီယာဝန်ထမ်းများ၊ ကျွမ်းကျင်ဝန်ထမ်းများက တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

လုပ်ငန်းပြီးစီး

တံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများကို (၂၄-၂-၂၀၀၁)ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး (၁၅-၅-၂၀၀၃)ရက်တွင် စီမံကိန်းလုပ်ငန်းများပြီးစီးခဲ့သည်။

တံတား၏ စုစုပေါင်းအရှည်မှာ ပေ ၁၄၀၀ရှိသည်။ တံတား၏ ယာဉ်သွားလမ်းအကျယ်မှာ ၂၈ပေရှိပြီး တစ်ဖက်လျှင် ငါးပေစီကျယ်သည့် လူသွားလမ်းတို့ပါရှိသည်။ တံတားအောက် ရေလမ်းကြောင်းလွတ်နယ်မှာ အကျယ် ၇၈ ပေရှိပြီး အမြင့် ၁၆ပေရှိသည်။

ဒါးကတံတားမှာ သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်ပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုတန် ၆၀ခံနိုင်ဝန်အားရှိ တံတားအဖြစ် တည်ဆောက်ထားခြင်းဖြစ်သည်။ (သတင်းစဉ်)

ဆေးခြောက်ဖမ်းဆီးရမိမှု ပြစ်ဒဏ်ချမှတ်

ရန်ကုန် ဇူလိုင် ၆

မွန်ပြည်နယ် ဘီးလင်းမြို့နယ် တောင်စွန်းရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ၂၀၀၂ ခုနှစ် မေ ၁၅ရက် ည ၁၀နာရီတွင် ကော့ကဒွတ်ကျေးရွာနေ ကိုနိုင်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ပိန်အိတ်ဖြင့်ထည့်ထားသော ဆေးခြောက် ၄ ဒသမ ၆၇၀၂ ကီလိုဖမ်းဆီးရမိခဲ့သည်။

အရေးယူ

ယင်းဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ ဘီးလင်းမြို့နယ် ကော့ကဒွတ်ကျေးရွာနေ ဦးထွန်းတင်၏သား ကိုနိုင် (ခ) နိုင်နိုင်ထွန်းနှင့် တစ်ရွာတည်းနေ ကွင်းဆက်တရားခံ မောင်ထွန်း၏သား တင်မြင့်တို့အား တောင်စွန်းရဲစခန်းမှ မူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက်အမှတ် ၁/၂၀၀၂၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅၊ ၁၆(ဂ)၊ ၁၉(က)အရ အမှုဖွင့်အရေးယူခဲ့သည်။

အမှုကို သထုံခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဧပြီ ၄ရက်တွင် တရားရုံးက တရားခံ ကိုနိုင်(ခ) နိုင်နိုင်ထွန်းအား မူးယစ်ဆေးဝါးသုံးစွဲမှု ပုဒ်မ၁၅အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ်ငါးနှစ်၊ မူးယစ်ဆေးဝါးရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိမှု ပုဒ်မ ၁၉(က)အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၂၅နှစ် ပြစ်ဒဏ်နှစ်ရပ်အပေါ် သီးခြားစီကျခံစေရန်နှင့် တရားခံ တင်မြင့်အား မူးယစ်ဆေးဝါးရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိမှုပုဒ်မ ၁၉(က)အရ ထောင်ဒဏ် ၂၅နှစ်ကျခံစေရန် ပြစ်ဒဏ်အသီးသီး ချမှတ်ခဲ့သည်။

(သတင်းစဉ်)

ကွန်ပျူတာသင်တန်းများဖွင့်လှစ်

ရန်ကုန် ဇူလိုင် ၆

SSi Computer Training Center တွင် အခြေခံပညာအထက်တန်းအောင်မြင်သူများ၊ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ၊ ဝန်ထမ်းများ၊ IT လုပ်ငန်း စိတ်ဝင်စားသူများသည် Office 2000 Course၊ Unix C, C++ Course, Impact(1 Year/ 2 Year) Course၊ E2 Com Course၊ Java @ SSi Courseနှင့် Oracle With Visual Basic Courseများ သင်ကြားပေးလျက်ရှိပြီး Special Promotion ကာလတွင် သင်တန်းကြေးသက်သာသော အထူးနှုန်းဖြင့် စီစဉ်ပေးသည်။ နိုင်ငံတကာ Certificate အခြေခံမှစ၍ အဆင့်မြင့်အထိ အိန္ဒိယနိုင်ငံ Cherrai (နိုင်ငံခြား)မှ သင်ရိုးညွှန်းတမ်းများအတိုင်း ဝါရင့်ဆရာ၊ ဆရာများက သင်ကြားပေးလျက်ရှိသည်။ လစဉ်လဆန်းတိုင်း သင်တန်းအသစ်များ ဖွင့်လှစ်ပေးသည်။အမှတ် (၂၂၆)၊ ဝိဇယပလာဇာ (ဒုတိယထပ်)၊ ဦးဝိစာရလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း-၂၄၁၂၀၈၊ ၂၄၈၁၀၉၂၊ ၂၄၈၁၀၉၃နှင့်၅၁၂၆၉၃တို့သို့ ဆက်သွယ်စာရင်းပေးသွင်း တက်ရောက်နိုင်ကြောင်းသိရသည်။ (က-ပ)

ဖြစ်ရပ်မှန်တစ်နှစ်မြောက် အထူးထုတ်စုံထောက်မဂ္ဂဇင်းဖြန့်ချိ

ရန်ကုန် ဇူလိုင် ၆

မှူခင်းတပ်ဖွဲ့(စီအိုင်ဒီ)မှ ထုတ်ဝေသော ဖြစ်ရပ်မှန်စုံထောက်မဂ္ဂဇင်းတစ်နှစ်ပြည့်အထူးထုတ်တွင် လူသတ်ပြီး အလောင်းကိုမီးရှို့ဖျောက်ဖျက်၍ ဒေါ်လာနှင့်ရွှေချောင်းများကိုယူဆောင်တိမ်းရှောင်သွားသော လူသတ်သမားနှင့် တရုတ်နိုင်ငံမှာ ငါးမိနစ်ကြာ၊ မန္တလေးမြို့၌ဖမ်းမိသော အက်ဖီဒရင်းအမှုန့် ၂၆၂ဒသမ ၃၀ကီလို၊ ကားခုနစ်စီး မူးယစ်ဆေးဝါးမှောင်ခိုသမား ၁၁ယောက်နှင့် သေနတ်တစ်လက်၊ ရန်ကုန်မြို့က နာမည်ကြီးဟိုတယ်တစ်ခု၏ Safe Boxထဲက ပျောက်ဆုံးသွားတဲ့ငွေသိန်းသုံးဆယ်အပါအဝင် ဆရာကြီးမင်းသိခ်၏ ဆားပုလင်းနှင်းမောင်နှင့် မြေလျှိုးမိုးပျံဒိဗ္ဗန် အခန်းဆက်ဝတ္ထုရှည်နှင့်အတူ အခြားစိတ်ဝင်စားဖွယ်အထူးကဏ္ဍ ဖြစ်ရပ်မှန်စုံထောက်သတင်းများ ဝေဝေဆာဆာဖြင့် ပြုံးပန်းတစ်ရာ စာပေ ဖုန်း-၂၄၅၃၆၀ နှင့် ၂၅၂၅၃၈ တို့က ဖြန့်ချိလိုက်သည်။ **(အပေါ်ပုံ)** (က-ပ)

ထိမ်းမြားမင်္ဂလာညစာခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၃၂)ထိုးချဲ့ရပ်ကွက်၊ ခိုင်သဇင်လမ်း၊ အမှတ်(၄၄)နေ ဒုတိယဗိုလ်မှူးကြီးမောင်မောင်(ငြိမ်း)-ဒေါ်ဝါဝါစိုးတို့၏ တစ်ဦးတည်းသောသား

မောင်မြတ်မင်းမောင် B.Tech (E.C), B.Sc (Physics)

Myat Media (Computerized Digital Video Editing)

နှင့်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ လျှော်ကားဓာတ်အားပေးစက်ရုံဝင်းနေ ဦးသန်းလွင်(လ/ထအင်ဂျင်နီယာချုပ်၊ စက်ရုံမှူး)-ဒေါ်မြမြဦး (အထက်တန်းကျောင်းအုပ်ဆရာမကြီး-ငြိမ်း) တို့၏သမီးငယ်

မခိုင်မာဝင်း B.Tech (E.C) 2nd Year (Maths)

လင်းလက်(ကွန်ပျူတာစာစီစာရိုက်လုပ်ငန်း)

တို့၏ ၂၉-၆-၂၀၀၃ရက်နေ့တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော တရားရုံးချုပ်တရားသူကြီး/ဒုတိယ စစ်ဥပဒေချုပ် ဗိုလ်မှူးကြီးတင်အုန်း(ငြိမ်း)နှင့်ဇနီး ဒေါ်တင်ငြိမ်းဝင်းတို့အားလည်းကောင်း၊ အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးသော အဆိုတော်/ရုပ်ရှင်သရုပ်ဆောင် ရန်ပိုင်စိုးအားလည်းကောင်း၊၆-၇-၂၀၀၃ရက်နေ့တွင် Traders Hotel၌ ကျင်းပပြုလုပ်သော မင်္ဂလာညစာခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးသော ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့်ဇနီး ဒေါ်တင်တင်နွယ်တို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ် ဆင်မြန်းချီးမြှင့်ပေးသော လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့်ဇနီး ဒေါ်တင်တင်မြင့်တို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ကြသော အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဇနီးများအားလည်းကောင်း၊ အနုပညာရှင်များအား လည်းကောင်း၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့်ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ အခမ်းအနားမှူး ဦးဝင်းတင်၊ မင်္ဂလာပန်းကြဲပေးသော ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင်ဆုပန်ထွာ၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဗန်း ကိုင်ဆောင်ပေးသော ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် ဖူးစုံ၊ မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးသောညီမငယ် တင်ဇာညီညီ၊ သတို့သားအရံများဖြစ်ကြသော မောင်မျိုးလွင်ဦးနှင့် မောင်စောရန်နောင်၊ သတို့သမီးအရံများဖြစ်ကြသော မအေးသန္တာဦးနှင့် မခင်စန္ဒီကိုကိုတို့အားလည်းကောင်း၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော တေးသံရှင် ဒေါ်ရီရီသန့်နှင့် မြန်မာမှုအဖွဲ့အားလည်းကောင်း၊ မိတ်ကပ်ဆံပင် အလှဖန်တီးရှင်အောင်အောင် (တောင်ကြီး)နှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံနိုင်နိုင်(သူ့အလှ)၊ ဗီဒီယိုမှတ်တမ်းတင်ပေးသော ကိုငယ်နှင့်အဖွဲ့၊ ဓာတ်ပုံကိုညိုဝင်းအောင်(တောင်ကြီး) နှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ရုပ်ဝေးရုပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ Traders Hotel မှ ဝန်ထမ်းများအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
မောင်မြတ်မင်းမောင်-မခိုင်မာဝင်း။

မြန်မာနိုင်ငံဆရာဝန်အသင်း၌ အရေးပေါ်ကုထုံးသင်တန်းဆင်း

ရန်ကုန် ဇူလိုင် ၆

မြန်မာနိုင်ငံ ဆရာဝန်အသင်း စဉ်ဆက်မပြတ် သင်ကြားရေးယူနစ်(C.M.E) က အထွေထွေရောဂါကုဆရာဝန်များအတွက် အရေးပေါ်ကုထုံး(Emergency Management for GPs)သင်တန်းဆင်းပွဲကို ယနေ့မွန်းလွဲ၁နာရီတွင် အသင်းခန်းမဆောင်၌ကျင်းပရာ မြန်မာနိုင်ငံ ဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးမြင့်က သင်တန်းဆင်းအမှာစကားပြောကြားပြီး အထွေထွေရောဂါကုဆရာဝန်များအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာတင်အေးက သင်တန်းဆင်းလက်မှတ်များကိုပေးအပ်သည်။ (သတင်းစဉ်)

ယနေ့ထုတ်စောင်ရေ

၂၂၃၉၁၁

❀❀ မင်္ဂလာဆုတောင်း ❀❀

၁၄-၆-၂၀၀၃ ရက်တွင် Sedona Hotel ၌ မင်္ဂလာညစာခံပွဲကျင်းပခဲ့သော **မောင်နိုင်ဇင်-မလဲ့လဲ့အေး**တို့၏ မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်း (၁၂၀)တိုင် ရွှေလက်တွဲ၍ ဘဝခရီးကို ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေ...။

ကိုဝင်းအေးမင်း၊ မသန္တာနှင့် သူငယ်ချင်းများ။

(၃၄)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲဆက်

ရန်ကုန် ဇူလိုင် ၆

၂၀၀၃ခုနှစ် (၃၄)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲကို ယနေ့နံနက်၉နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းမိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပသည်။

အမျိုးသားပြိုင်ပွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)က ဧရာဝတီတိုင်းကို ၉၄မှတ်၊ ၄၆မှတ်ဖြင့်နိုင်ပြီး ပဲခူးတိုင်းက ကရင်ပြည်နယ်ကို ၇၈မှတ်၊ ၃၆မှတ်ဖြင့် အနိုင်ရရှိသွားသည်။

အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းက မန္တလေးတိုင်းကို ၉၇မှတ်၊ ၁၃မှတ်ဖြင့်နိုင်ကာ မကွေးတိုင်းက မွန်ပြည်နယ်ကို ၆၃မှတ်၊ ၂၈မှတ်ဖြင့် အနိုင်ရရှိသွားသည်။

ယနေ့ပွဲများ

အမျိုးသားပွဲ

ရန်ကုန်တိုင်းနှင့်ရခိုင်ပြည်နယ်

အမျိုးသမီးပွဲ

ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့်
ရှမ်းပြည်နယ်(မြောက်ပိုင်း)

အမျိုးသားပွဲ

ဧရာဝတီတိုင်းနှင့် စစ်ကိုင်းတိုင်း။

အမျိုးသမီးပွဲ

ရန်ကုန်တိုင်းနှင့်
ရှမ်းပြည်နယ်(အရှေ့ပိုင်း)

အမျိုးသားပွဲ

ကချင်ပြည်နယ်နှင့်
ရှမ်းပြည်နယ်(မြောက်ပိုင်း)

(ကြေးမုံ)

ချင်းတွင်းမြစ်ရေ သတိပေးချက်ထုတ်ပြန်

ရန်ကုန် ဇူလိုင် ၆

ချင်းတွင်းမြစ်ရေသည် ယနေ့နံနက် ၀၆:၃၀နာရီ တိုင်းထွာချက်အရ မော်လိုက်မြို့တွင် (၁၁၉၂) စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ဆက်လက်တက်နေပြီး ယနေ့မွန်းတည့်မှနောက် (၄၈)နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် (၁၂၃၀)စင်တီမီတာသို့ ရောက်ရှိနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတိပေးချက် ထုတ်ပြန်သည်။

✻ မြောက်တိုင်းလည်း မမြောက်နဲ့

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား တာချီလိတ်တွင် ကျင်းပ

တာချီလိတ် ဇွန် ၃၀

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဇွန် ၂၆ ရက် နံနက်က တာချီလိတ်မြို့ အောင်မြတ်ခန်းမတွင် ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ညွှန့်သိန်းက သဘာပတိအဖြစ်ဆောင်ရွက်ပြီး မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ၏ သဝဏ်လွှာကို ဖတ်ကြားသည်။ (အောက်ပုံ)

ဟောပြောဆွေးနွေး

ထို့နောက် တာချီလိတ်ခရိုင် မူးယစ်အထူးရဲတပ်ဖွဲ့ ရဲမှူးကျော်ဆန်းက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ဆောင်ရွက်ချက်များကို လည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးကြည်ဝင်းမောင်က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအကြောင်း သိကောင်းစရာကို လည်းကောင်း၊ ခရိုင်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူးဆရာဝန်ကြီး ဒေါက်တာချစ်သိန်းက မူးယစ်ဆေးဝါးနှင့် အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ရောဂါအကြောင်း သိကောင်းစရာများကို လည်းကောင်း ဟောပြောဆွေးနွေးကြသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ပိုစတာ၊ ပန်းချီ၊ ကာတွန်းပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများ ချီးမြှင့်ကြသည်။

(၂၃၉)

ဟင်္သာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုင်းထွန်းထွန်း ဦးဆောင်၍ စည်ပင်သာယာဝန်ထမ်းများ ဇွန် ၂၉ ရက် နံနက်က လက်သမားမြောက်ရပ်ကွက် ပြည်လုံးကပ်ကျော် ဦးပါရဲ စေတီတော် ပတ်ဝန်းကျင် စိမ်းလန်းသာယာလှပရေးအတွက် ပန်းအလှပင်များ စုပေါင်းစိုက်ပျိုးကြစဉ်။ (မြို့နယ်စည်ပင်)

လယ်ယာ သန်းခေါင်စာရင်း ကောက်ယူရေး စစ်ကိုင်းတိုင်း ပုလဲမြို့နယ်တွင် သင်တန်းဖွင့်

ပုလဲ ဇူလိုင် ၁

၂၀၀၃ ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဇွန် ၁၉ ရက် နံနက်က စစ်ကိုင်းတိုင်း ပုလဲမြို့ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနရုံးခန်းမ၌ ကျင်းပရာ မုံရွာခရိုင် မြေစာရင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်ဆွေ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ကျော်၊ မြို့နယ် မြေစာရင်းဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးစန်းနှင့် မြေစာရင်းဝန်ထမ်း ၄၃ ဦးတို့ တက်ရောက်သည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ကျော်အေးက သင်တန်းဖွင့်အမှာစကားပြောကြားသည်။

(မြို့နယ်ပြန်/ဆက်)

အုတ်တွင်းမြို့နယ် အမျိုးသမီးရေးရာကော်မတီ စုပေါင်း သစ်ပင်စိုက်ပျိုးပွဲအခမ်းအနား ကျင်းပ

အုတ်တွင်း ဇွန် ၃၀

ပဲခူးတိုင်း အုတ်တွင်းမြို့နယ်အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီ၏ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇွန် ၂၁ ရက် နံနက်ပိုင်းက အုတ်တွင်း–ဖောဓိကုန်းကျေးလက်လမ်းဘေးဝဲ၊ ယာတွင် ပြုလုပ်ရာ အုတ်တွင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ဥက္ကဋ္ဌ ဦးငွေစန်း၊ မြို့နယ် သစ်တောဦးစီးဌာနမှူး ဦးဝင်းမြင့်နှင့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီများ၊ မြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

— စုပေါင်းစိုက်ပျိုး —

သစ်ပင်စိုက်ပျိုးပွဲတွင် သစ်တောဦးစီးဌာန ဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် သစ်ပင်မျိုးစုံ ၅၀၀ ခန့်ကို စုပေါင်းစိုက်ပျိုးကြသည်။ **(အောက်ပုံ)**

အုတ်တွင်းမြို့နယ်အတွင်း ယခုနှစ် သစ်ပင်စိုက်ရာသီတွင် သစ်ဆိမ့်ပင် ၃၀၀၀၀ နှင့် အခြားအပင်မျိုးစုံ ၁၅၅၀၀ စုစုပေါင်း အပင် ၄၅၅၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

(၂၉၄)

တောင်ငူ ဗြဟ္မစိုရ် လူမှုရေးကူညီမှုအသင်း စာကြည့်တိုက် အဆောက်အအုံဆောက်လုပ်

တောင်ငူ ဇူလိုင် ၁

တောင်ငူမြို့ ဗြဟ္မစိုရ် လူမှုရေးကူညီမှုအသင်းက တောင်ငူမြို့ (၁၃)ရပ်ကွက် ဗိုလ်မှူးဖိုးကွန်းလမ်းနှင့် ဘုရားလမ်းထောင့်တွင်ရှိသော မြေကွက်၌ မြို့နယ်အဆင့် စာကြည့်တိုက်နှင့် ကွန်ပျူတာခန်းမပါဝင်သည့် နှစ်ထပ်တိုက် အဆောက်အအုံကို ၂၀၀၃ ခုနှစ် ဇန်နဝါရီ ၉ ရက်မှစတင်၍ ဆောက်လုပ်ခဲ့ရာ ယခုအခါ ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ **(အပေါ်ပုံ)**

ဆောင်ရွက်မည်

အဆောက်အအုံပြီးစီးပါက ပုဂ္ဂလိကလုပ်ငန်းရှင်များထံမှ ရရှိသော ဆိုင်ခန်းလစာဖြင့် အသင်းရန်ပုံငွေ အထောက်အကူပြုလုပ်ငန်းများကို အောင်မြင်တိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ (၄၇၂)

ပညာသင်စရိတ် ထောက်ပံ့ရေး အလှူငွေပေးအပ်

ဓနုဖြူ ဇွန် ၂၈

ဓနုဖြူမြို့နယ် အမှတ်(၁) အခြေခံပညာဦးစီးဌာနမှ ကြီးမှူး၍ ကျောင်းသား၊ ကျောင်းသူများအား ပညာသင်စရိတ်ထောက်ပံ့ရေး အလှူငွေပေးအပ်ပွဲကို ဇွန် ၁၄ ရက် နံနက် ၉ နာရီက ဓနုဖြူမြို့ အထက တေဇခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးစန်းက ပညာသင်စရိတ် ထောက်ပံ့ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ရှေးဦးစွာ လိုင်ထိပ်ထား အမြန်မော်တော်ယာဉ်ပိုင်ရှင် ဦးမောင်မောင်တင်၊ ဒေါ်သန်းသန်းဌေးနှင့် သားမောင်ရဲမင်းမောင်တို့က ဓနုဖြူ–ရွှေကူ အထကခွဲမှ ကျောင်းသားများအတွက် ပညာသင်စရိတ် ထောက်ပံ့ရန် ရာသက်ပန် လစဉ်အလှူငွေကျပ် ၃၀၀၀၀ ကို မြို့နယ် အဖွဲ့ဝင်(၂) ဦးဌေးဝင်းသို့ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် ပုဂ္ဂလိက အလှူရှင်များက စုပေါင်းလှူဒါန်းရာ အလှူငွေကျပ် ကိုးသိန်းခန့်ရရှိသည်။ **(၁၆၄)**

ရောဝတီတိုင်း မြောင်းမြမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဦးဆောင်၍ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီတပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများ စုပေါင်း၍ ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် ဇွန် ၇ ရက်က မြောင်းမြမြို့ ပြည်သူ့ဆေးရုံကြီး အတွင်းအပြင် သန့်ရှင်းရေးဆောင်ရွက်စဉ်။ (ခရိုင်ပြန်/ဆက်)

မြို့နယ်သတင်းများ

တန်ဖိုးနည်း ကျေးလက်အိမ်ရာစီမံကိန်း ကွင်းဆင်းဆောင်ရွက်

ကညွတ်ကွင်း ဇွန် ၃၀

ပဲခူးတိုင်း(အရှေ့ခြမ်း) ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက်နေပြည်သူများ လူနေမှုအဆင့် မြင့်မားစေရေး ရည်မှန်းချက်နှင့်အညီ စီမံကိန်းချဆောင်ရွက်နေသည့် ကျေးလက်အိမ်ရာ စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၀ ရက်က ကညွတ်ကွင်းဒေသတွင် ကွင်းဆင်းဆောင်ရွက်သည်။

ပန္နက်တင်

ယင်းသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်ငြိမ်၊ ဒု–လက်ထောက်အင်ဂျင်နီယာ ဦးသန့်ဇင်မျိုးနှင့် စည်ပင်သာယာရေးဝန်ထမ်းများသည် ကညွတ်ကွင်းကျေးရွာအုပ်စု (ကွင်းနောက်)မှ ဦးညွှန့်ဝင်း၏ ကိုယ်ပိုင်မြေပေါ်တွင် တန်ဖိုးနည်း ကျေးလက်အိမ်ရာ ဆောက်လုပ်ရန် ပန္နက်တင်မြေသန့်ခြင်းလုပ်ငန်းကို ဆောင်ရွက်ကြသည်။

အိမ်ရာငါးလုံး

ဆက်လက်၍ ကညွတ်ကွင်းဒေသတွင် တန်ဖိုးနည်း ကျေးလက်အိမ်ရာငါးလုံးကို အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ (၅၂၁)

ဇူလိုင် ၃ ရက်က လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင် ပဲခူးမြို့နယ်ရှိ ဇောင်းတူရေလွှဲဆည်ကို ကြည့်ရှုစစ်ဆေးစဉ်။ (လယ်ယာ/ဆည်မြောင်း)

သဲအင်းဂူ ဝါတွင်းသုံးလ တရားစခန်းနှင့် ဝါဆိုသင်္ကန်းကပ်လှူပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၆

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် သဲအင်းဂူဝိပဿနာ ကမ္မဋ္ဌာန်းရိပ်သာကျောင်းတိုက်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါတွင်းသုံးလ အထူးအဓိဋ္ဌာန်တရားစခန်းဖွင့်ပွဲနှင့် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ၁၃၆၅ ခု၊ ဝါဆိုလပြည့်နေ့တွင် ကျင်းပမည်ဖြစ်ရာ ဝေနေယျအပေါင်း ကြွရောက်ကြည်ညိုလှူဒါန်း အားထုတ်နိုင်သည်။ ဝါတွင်းသုံးလ တရားအားထုတ်တော်မူကြမည့် သံဃာတော်များ၊ သီလရှင်များနှင့် ယောဂီများအား နေ့ဆွမ်းနှင့်အရုဏ်ဆွမ်း စသည်တို့ကိုလည်း ဖုန်း–၆၂၀၀၁၉ သို့ ဆက်သွယ်စုံစမ်း လှူဒါန်းနိုင်ကြောင်းသိရသည်။ (က–ပ)

အင်္ဂလိပ်ဘာသာ ကျွမ်းကျင်မှုဆိုင်ရာ အထောက်အကူပြု အဆင့်မြင့်သင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၆

PES Practical English Speaking U Win Maw (Research) အင်္ဂလိပ်စကားပြောသင်တန်းတွင် တက္ကသိုလ်အဆင့်နှင့် ဘွဲ့ရပြီးသူများအတွက် အင်္ဂလိပ်ဘာသာ ကျွမ်းကျင်မှုဆိုင်ရာ General English Courses သင်တန်းများဖြစ်သည့် အခြေခံ Grammar နှင့် Speaking လေးလ၊ အဆင့်မြင့် English Grammar လေးလ၊ အဆင့်မြင့် Spoken English လေးလ၊ အဆင့်မြင့် Vocabulary & Reading လေးလ၊ Phonetics တစ်လခွဲ စသည့် လစဉ်ပုံမှန်သင်တန်းများအပြင် နိုင်ငံခြားခရီးသွားမည့်သူများ လမ်းခရီးတွင် ကျွမ်းကျင်စွာပြောဆိုနိုင်ရန်အတွက် English Speaking for Travel သင်ခန်းစာကို အထူးသီးသန့် (တစ်လ) သင်ကြားပေးနေပြီဖြစ်သည်။

အဆင့်မြင့် Essay နှင့် Letter ရေးတတ်လိုသူများအတွက် အဓိက အထောက်အကူပြုသည့် အဆင့်မြင့် English Grammar လေးလသင်တန်း ဖွင့်လှစ်သွားမည်ဖြစ်သည်။

အသေးစိတ်သိလိုပါက အမှတ်(၁၈)ရတနာလမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ယုဇနကုန်တိုက်အနီး ရန်ကုန်မြို့ ဖုန်း–၅၀၃၉၈၄ နှင့် ၂၂၂၄၂၈ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ (က–ပ)

ဒီပလိုမာသင်တန်းများ ဖွင့်လှစ်သင်ကြားမည်

ရန်ကုန် ဇူလိုင် ၆

နိုင်ငံတကာနှင့် ရင်ပေါင်တန်း၍ အင်ဂျင်နီယာနှင့် ကွန်ပျူတာပညာရပ်များ တိုးတက်ပြန့်ပွားစေရန် အတွက် TECH Training Centre တွင် City & Guilds(UK) မှ ပေးပို့သည့် Syllabus နှင့်အညီ Engineering & IT Advanced Diploma သင်တန်းများကို သင်ကြားပို့ချမည်ဖြစ်သည်။

Engineering & IT Advanced Diploma သင်တန်းများအား စက်မှုသိပ္ပံနှင့် နည်းပညာကောလိပ်များမှ အင်ဂျင်နီယာ ဒီပလိုမာရရှိပြီးသူများ (GTC, A.G.T.I, B.Tech)နှင့် City & Guilds(UK) Engineering Diploma ရရှိပြီးသူများ တက်ရောက်နိုင်ပါသည်။ IT Advanced Diploma သင်တန်းများအား ပြည်တွင်း ကွန်ပျူတာ သင်တန်းကျောင်းများမှ Software Engineering လက်မှတ်ရရှိပြီးသူများ၊ IDCS အောင်မြင်ပြီးသူများ တက်ရောက်နိုင်သည်။ Advanced Diploma အောင်မြင်ပြီးပါက City & Guilds(UK) နှင့် ချိတ်ဆက်ထားသော Oversea University များသို့ ဒုတိယနှစ်မှစတင်၍ ဆက်လက်တက်ရောက်နိုင်သည်။

တက္ကသိုလ်ဝင်တန်းဖြေဆိုအောင်မြင်ပြီးသူများအတွက် City & Guilds (UK) Diploma သင်တန်းများအား တက်ရောက်နိုင်ရန် Mechatronics, Mechanical, Electronics, Electrical Power, Civil & IT ဘာသာရပ်များသင်ကြားပို့ချပေးလျက်ရှိသည်။ Advanced Diploma သင်တန်းများအား ဇူလိုင် ၁၆ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပြီး Diploma သင်တန်းများကို ဇူလိုင် ၉ ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်းများတက်ရောက်လိုပါက TECH Training Centre အမှတ် (၄၁) ရန်ကုန်–အင်းစိန်လမ်း လှည်းတန်း မီးပွိုင့်အနီး ဖုန်း–၅၃၉၅၃၁၊ ၇၀၅၇၀၂ သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်းသိရသည်။ (က–ပ)

တောင်ဥက္ကလာပမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကြီးမှူးကျင်းပသော ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် သွေးလွန်တုပ်ကွေးရောဂါနှင့် ကူးစက်မြန်ပြင်းထန် နမိုးနီးယား (အဆုတ်ရောင်)ရောဂါအကြောင်း သိကောင်းစရာဟောပြောပွဲကို ဇူလိုင် ၃ ရက်က အလက(၅) ကျောင်းခန်းမတွင် ကျင်းပရာ မြို့နယ်အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်ခင်မမ ဟောပြောစဉ်။ (က–ပ)

ရန်ကုန်တိုင်းစာရင်းရုံး
ပညာရေးဝန်ဆောင်မှုလုပ်ငန်းမှ ဖွင့်လှစ်မည့်
အခြေခံစာရင်းကိုင်သင်တန်းအမှတ်စဉ်(၁၇)တက်ရောက်ရန်
လျှောက်လွှာများခေါ်ယူခြင်း
Basic Accounting Course
[For 2003 October Exam:]

၁။ သင်တန်းဖွင့်မည့်ရက် – ၂၈–၇–၂၀၀၃
၂။ သင်တန်းဖွင့်မည့်နေရာ – ရန်ကုန်တိုင်းစာရင်းရုံးအမှတ် ၂၂/၃၄ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်
၃။ သင်တန်းချိန် – တန်းခွဲ(၁)နှင့် (၂)တနင်္လာနေ့မှ သောကြာနေ့အထိ (ရုံးချိန်ပြင်ပ) တန်းခွဲ(၃)နှင့် (၄)စနေ၊ တနင်္ဂနွေနေ့
၄။ သင်တန်းကာလ – (၃)လ
၅။ အနိမ့်ဆုံးပညာအရည်အချင်း – အခြေခံပညာအထက်တန်း(က)အဆင့်အောင် တက္ကသိုလ်ဝင်တန်းအောင်
၆။ လက်ခံမည့်သင်တန်းသား/သူဦးရေ – တန်းခွဲ(၁)ခု၊ (၅၇)ဦးစီ
၇။ လျှောက်လွှာစတင်ရောင်းချမည့်ရက် – ၁–၇–၂၀၀၃
၈။ လျှောက်လွှာတင်ရန်နောက်ဆုံးရက် – ၂၅–၇–၂၀၀၃
၉။ ဆက်သွယ်စုံစမ်းရန် – ရန်ကုန်တိုင်းစာရင်းရုံး၊ စီမံရေးရာဌာန ဖုန်း–၃၇၁၆၉၇၊ ၃၇၁၅၉၄။

သိန်းထွန်း
တိုင်းစာရင်းစစ်အရာရှိ
ရန်ကုန်တိုင်းစာရင်းရုံး။

ရောင်းမည်

ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလလမ်းမကြီး 1450 sqft; ကွန်ဒိုတိုက်ခန်း၊ MBR;1.BR;1AC;3လုံး၊ ဓာတ်လှေကားပါ၊ (၂၄)နာရီ မီးစက်ပါ၊ ဖုန်း–၂၄၂၅၉၄။



ကိုအောင်အောင်ထွန်း–မသီတာ
သီတာ အာမခံရတနာရွှေဆိုင်(၁၅ပဲရည်အပြည့်)
အမှတ်(၂၇၇/ခ)၊ သုမင်္ဂလာလမ်းမကြီး၊ (၉)ရပ်ကွက်၊
တောင်ဥက္ကလာပရဲစခန်းအနီး၊ မြို့နယ်စည်ပင်ရုံးရှေ့။
ဖုန်း–၀၉ ၅၀ ၁၆၉၃၉ ရွှေ ဒုံးရောင်းသည်/ဝယ်သည်

B ပိုးရှိလို့စိတ်ညစ်နေလျှင်

B ပိုး၊ C ပိုး၊ အသည်းရောင်၊ အသားဝါ၊ အသည်းဆီဖုံး၊ အသည်းကြွပ်၊ အသည်းကင်ဆာရောဂါများ အထူးကုသပေးသည်။

ခရုသင်းဖြစ်နေလျှင်

ခေတ်မီအေးမြသည့် ဆေးစွမ်းကောင်းများဖြင့် အမြန်ပျောက်ကင်းအောင် ကုသပေးမည်။

ဂမ္ဘီရဓာတ်နန်း၊ ၁၂၄(ပ/ထပ်)၊ လမ်း–၃၀(အလယ်)၊ ရန်ကုန်မြို့။ ဖွင့်ချိန် ၁၀ မှ ၃ နာရီထိ

တိုက်ခန်းအမြန်ရောင်းမည်
လမ်းမတော်မြို့နယ်
မင်းရဲကျော်စွာလမ်း၊
မြေညီထပ်ရောင်းမည်။
ပိုင်ရှင်ကိုယ်တိုင်
ဖုန်း–၂၅၀၄၄၇၊ ၆၈၀၃၀၆

အိမ်ခန်းရောင်းရန်

ရန်ကုန်မြို့၊ ရွှေဂုံတိုင်မီးပွိုင့်အနီး ကွန်ဒိုတိုက်ခန်း 36'x 56', 8 လွှာ

ဆက်သွယ်ရန်–
Phone: 09 80 24737

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

Lu Lu Wafer **အရောင်းမြှင့်တင်ရေးအတွက် ရိုးသား ကြိုးစားပြီး အကျင့်စာရိတ္တကောင်းမွန်သူများအလိုရှိသည်။**

အရောင်းမြှင့်တင်ရေးဝန်ထမ်း **ကျား/မ (၁၀) ဦး**

လျှောက်ထားလိုသူများသည် ပညာအရည်အချင်းထောက်ခံစာ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက်တို့နှင့်အတူ ကြော်ငြာပါသည့်နေ့မှ တစ်ပတ်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

Super Tek Ind. Co.,Ltd.
အမှတ်(၇၄)၊ ၅လမ်း၊ လမ်းမတော်မြို့နယ်။

THE GOVERNMENT OF THE UNION OF MYANMAR
MINISTRY OF ENERGY
MYANMA OIL AND GAS ENTERPRISE

IFB NO:1(T)MCY-MOGE (2003-2004)CAP
DATE :16th JULY,2003

INVITATION FOR BIDS

1. Sealed Bids are invited by the Myanma Oil and Gas Enterprise for supply of the following:
   NATURAL GAS PIPE LINE BOOSTER COMPRESSOR- 6 UNITS
2. Commencing from (16th JULY, 2003)a complete set of bidding document will be available at the office of Finace Department, Myanma Oil and Gas Enterprise, No-604.Merchant Street Yangon, Myanmar, duning office Hours by payment to the order of Myanma Foreign Trade Bank attesting remittance of US$ 100 in favour of Myanma Oil and Gas Enterprise (OR) FEC 100 to be paid to the above office for each set of document.
3. Bids shall be accepted only from who Bidders who officiall purchased the Bidding Document (Those Purchased throught Embassy must declare for whom it is purchased)
4. The Bids received will be opened in the presence of Bidders and Bidders'Representatives who choose to attend at 13:00 Hours on (28th AUGUST 2003) at the office of Myanma Oil and Gas Enterprise, No.604, Merchant Street, Yangon, Myanmar.

MANAGING DIRECTOR
MYANMA OIL AND GAS ENTERPRISE.

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

တောင်ကြီးမြို့နေ ဗိုလ်မှူးခင်မောင်အုန်း(ငြိမ်း)၊ ရန်ကုန်မြို့၊ သုဝဏ္ဏ စုပေါင်းအိမ်ရာ၊
ကျွန်းရွှေမြိုင်လမ်း၊ အမှတ်(၉၉/၁)နေ ဒေါ်နီနီခင်တို့၏
တစ်ဦးတည်းသောသား

မောင်ကျော်သူ နှင့်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ်(၃၃၈)နေ
ဦးမြဝင်း-ဒေါ်ကြည်ကြည်ဝင်း (လှယဉ်ယဉ်အထည်ဆိုင်၊ မင်္ဂလာဈေး)တို့၏
တစ်ဦးတည်းသောသမီး

မခိုင်မြရည်ဝင်း B.Sc (Hons:), M.Sc (Engineering Maths) YR(2),YU

တို့သည် ၆-၇-၂၀၀၃ရက်နေ့ Summit Parkview Hotel တွင် နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၏ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ကျော်သူ-မခိုင်မြရည်ဝင်း။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ပျဉ်းမနားမြို့၊ မင်္ဂလာရပ်၊ (၈)လမ်း၊ အမှတ်(၇)နေ
ဦးဝမ်စွိ-(ဒေါ်ခင်ရီ)တို့၏သားထွေး

မောင်ငယ်ငယ်အောင် B.Sc (I.C)

နှင့်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ပွဲရုံတန်း၊ ပိတောက်လမ်း၊ အမှတ်(ဆ/၄၄)(ဘီ)နေ
ဦးသိန်းလွင်-ဒေါ်ခင်ခင် (သီရိမဏ္ဍိုင်ဆန်စက်၊ မော်ကျွန်းမြို့)
(ရွှေကျွန်းမဏ္ဍိုင်ဆန်ပွဲရုံ၊ ဘုရင့်နောင်)တို့၏သမီးထွေး

မနီနီခိုင် M.Sc (Botany)

တို့သည် ၆-၇-၂၀၀၃ရက်တွင် နှစ်ဖက်သောမိဘများနှင့် မိတ်သင်္ဂဟလူကြီးများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ငယ်ငယ်အောင်-မနီနီခိုင်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ဆေးသိပ္ပံပညာဦးစီးဌာန
လသာမြို့နယ်၊ ရန်ကုန်မြို့။
ပြင်ပဆရာဝန်များ/ သွားဘက်ဆိုင်ရာဆရာဝန်များအတွက် ဘွဲ့လွန်ဒီပလိုမာ သင်တန်းများ လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် ရန်ကုန်တို့တွင် ပြင်ပဆရာဝန်များ/ သွားဘက်ဆိုင်ရာဆရာဝန်များအတွက် ဖွင့်လှစ်မည့် အောက်ဖော်ပြပါ ဘွဲ့လွန်ဒီပလိုမာ သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ကြောင်း ကြေညာအပ်ပါသည်။

စဉ်	သင်တန်းအမည်	သင်တန်းကာလ	ဖွင့်လှစ်မည့်မြို့
(၁)	မိသားစုကျန်းမာရေးစောင့်ရှောက်မှု ဆေးပညာဒီပလိုမာ Dip. Med. Sc (Family Medicine)	၁ နှစ်	ရန်ကုန်၊ မန္တလေး
(၂)	အထွေထွေသွားရောဂါကုဒီပလိုမာ Dip. D.Sc(General Practice)	။	ရန်ကုန်

၂။ **လိုအပ်သောအရည်အချင်း**
(၁) မိသားစုကျန်းမာရေးစောင့်ရှောက်မှု ဆေးပညာ ဒီပလိုမာသင်တန်းအတွက် အမ်ဘီဘီအက်စ်ဘွဲ့ရရှိပြီးသူနှင့် အထွေထွေသွားရောဂါကုဒီပလိုမာသင်တန်းအတွက် ဘီဒီအက်စ်ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(၂) ၁၉၉၄ခုနှစ်နှင့်နောက်ပိုင်း ဘွဲ့ရရှိသူများဖြစ်ပါက အစိုးရဝန်ထမ်းအဖြစ် အနည်းဆုံး(၃)နှစ်တာဝန်ထမ်းဆောင်ခဲ့ဖူးသူဖြစ်ရမည်။
၃။ လျှောက်လွှာပိတ်ရက်မှာ (၁၀-၉-၂၀၀၃)ရက်နေ့ဖြစ်ပါသည်။
၄။ မိသားစုကျန်းမာရေးစောင့်ရှောက်မှုဆေးပညာဒီပလိုမာသင်တန်းကို **အချိန်ပိုင်း**သင်တန်းအဖြစ် ဖွင့်လှစ်ပို့ချမည်ဖြစ်သည်။
၅။ သင်တန်းဝင်ခွင့်အတွက် လူတွေ့နှုတ်ဖြေ ဖြေဆိုရမည်။
၆။ သင်တန်းဝင်ခွင့် လူတွေ့နှုတ်ဖြေ ဖြေဆိုရမည့်သူစာရင်းနှင့် ဖြေဆိုရမည့်နေ့ရက်ကို (၂၄-၁၀-၂၀၀၃)ရက်နေ့တွင် ဆေးသိပ္ပံပညာဦးစီးဌာန၌ ကြေညာမည်ဖြစ်သည်။
၇။ ဘွဲ့လွန်သင်တန်းဝင်ခွင့် လျှောက်ထားလိုသူများသည် ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့် စာမေးပွဲကြေး ကျပ်၂၀၀/- (ကျပ်နှစ်ရာတိတိ)ကို ရန်ကုန်မြို့၊ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၃)တွင် ဆေးသိပ္ပံပညာဦးစီးဌာန၊ ငွေစာရင်းအမှတ်၊ MD-၀၀၄၄၉၆သို့ ပေးသွင်းရမည်။
၈။ လျှောက်လွှာတွင် ဖော်ပြပါရှိရမည့် အသေးစိတ်အချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ တက္ကသိုလ်များ၊ တိုင်း/ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူးရုံးများတွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

ဆေးသိပ္ပံပညာဦးစီးဌာန။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ လမ်းမတော်လမ်းနေဦးခင်ထွန်း-ဒေါ်ဘေဘီတို့၏သားငယ်

မောင်မျိုးနိုင် နှင့်

ရန်ကုန်မြို့၊ ကမာရွတ်ဘူတာရုံလမ်းနေ
ဦးမောင်စန်း (OKအိတ်ချုပ်လုပ်ငန်း)-ဒေါ်ခင်စန်းဝေတို့၏သမီးလတ်

မဆွေသင်းအိ (1st Year Myanmar)

တို့သည် နှစ်ဖက်သောမိဘများ၏သဘောတူညီချက်အရ ၅-၇-၂၀၀၃ရက် M3 Food Center တွင် ဂုဏ်သရေရှိလူကြီးမင်းများ၏ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်မျိုးနိုင်-မဆွေသင်းအိ။

အချစ်ဆုံးသားငယ် ဗိုလ်လောင်း ထွန်းလူအောင်
(Final Year Nuclear Physics) D.S.A

သားငယ်ရဲ့ ၇-၇-၂၀၀၃ရက်နေ့တွင် ပြည့်မြောက်သည့် (၁၉)နှစ်ပြည့် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ပြည့်စုံပြီး တိုင်းပြည်၊ ဘာသာ၊ သာသနာ၊ လူမျိုး၊ တပ်မတော်အတွက် ထူးချွန်ထက်မြက်ပြီး စွမ်းစွမ်းတမံဆောင်ရွက်နိုင်တဲ့ နိုင်ငံသားကောင်း ရတနာတစ်ဦးဖြစ်ပါစေဟု ဆုမွန်ကောင်းတောင်းလိုက်ပါတယ်---။

ဖေဖေ - ဦးမြင့်မောင်-မေမေ ဒေါ်အမာဖြူ
မမ - ဇွန်မြင့်မောင်-သက်နောင်ဦး(ခေတ္တ-မလေးရှား)
ကိုကို - ကျော်မြင့်မောင်(ခေတ္တ-မလေးရှား)
ချစ်တူလေး - ရဲမြင့်အောင်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ဆေးသိပ္ပံပညာဦးစီးဌာန
လသာမြို့နယ်၊ ရန်ကုန်မြို့
သူနာပြုမဟာသိပ္ပံဘွဲ့လွန်သင်တန်းအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ သူနာပြုတက္ကသိုလ် ရန်ကုန်၌ ဖွင့်လှစ်သင်ကြားမည့်သူနာပြုမဟာသိပ္ပံ(M.N.Sc)ဘွဲ့လွန်(၂)နှစ်သင်တန်းသို့ သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ကြောင်း ကြေညာအပ်ပါသည်။
၂။ **လိုအပ်သောအရည်အချင်း**
(၁) သူနာပြုသိပ္ပံဘွဲ့(သို့မဟုတ်)မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီမှ အသိအမှတ်ပြုထားသောအလားတူဘွဲ့ရရှိထားသူဖြစ်ရမည်။
(၂) လျှောက်လွှာပိတ်သည့်ရက်တွင် သူနာပြုသိပ္ပံဘွဲ့(ပုံမှန်)ရရှိပြီးနောက် ခွင့်ရက်မပါလုပ်သက်(၃)နှစ်ပြည့်ပြီးသူ အမြဲတမ်းဝန်ထမ်း(သို့မဟုတ်) သူနာပြုသိပ္ပံဘွဲ့(ပေါင်းကူး)ရရှိပြီးနောက် ခွင့်ရက်မပါလုပ်သက်(၁)နှစ်ပြည့်ပြီးသူ အမြဲတမ်းဝန်ထမ်းဖြစ်ရမည်။
၃။ လျှောက်လွှာပိတ်ရက်မှာ ၁၀-၉-၂၀၀၃ရက်နေ့ဖြစ်ပါသည်။
၄။ ဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်မှာ ၇-၁၀-၂၀၀၃ရက်နေ့ဖြစ်ပါသည်။
၅။ ဘွဲ့လွန်သင်တန်းဝင်ခွင့် လျှောက်ထားလိုသူများသည် သူနာပြုမဟာသိပ္ပံဘွဲ့လွန်သင်တန်းဝင်ခွင့် စာမေးပွဲကြေးကျပ် ၂၀၀/-(ကျပ်နှစ်ရာတိတိ)ကို ရန်ကုန်မြို့၊ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၃)တွင် ဆေးသိပ္ပံပညာဦးစီးဌာန၊ ငွေစာရင်းအမှတ်၊ MD.၀၀၄၄၉၆ သို့ ပေးသွင်းရမည်။
၆။ လျှောက်လွှာတွင်ဖော်ပြပါရှိရမည့် အသေးစိတ်အချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ တက္ကသိုလ်များ၊ တိုင်း/ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူးရုံးများတွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

ဆေးသိပ္ပံပညာဦးစီးဌာန။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

၁။ ညှော်ကြို (၃) ဦး
- ရုပ်ရည်သန့်ပြန့်၍ အပြောအဆို သွက်လက်ချက်ချာသူဖြစ်ရမည်။

၂။ စားပွဲထိုး ကျား (၈) ဦး
- အနိမ့်ဆုံးအခြေခံပညာအထက်တန်းအဆင့်ရှိရမည်။

၃။ ငွေကိုင် မ (၁) ဦး
- အနိမ့်ဆုံးအခြေခံပညာအထက်တန်းအဆင့်ရှိရမည်။
- နယ်မှလျှောက်ထားသူဖြစ်ပါက အဆောင်စီစဉ်ပေးမည်။

၄။ စာရေးမ မ (၁) ဦး

လျှောက်ထားလိုသူများသည် ကြော်ငြာပါသည့်နေ့မှစ၍ (၂)ပတ်အတွင်း လူကိုယ်တိုင် အလုပ်သမားမှတ်ပုံတင်ကတ်နှင့်အတူ အောက်ပါလိပ်စာအတိုင်း လျှောက်ထားနိုင်ပါသည်။

ရှမ်းကန်(၃)စားသောက်ဆိုင်
နတ်မောက်လမ်း(ဂျပန်သံရုံးရှေ့)၊ မြေပဒေသာကျွန်း
ဗဟန်းမြို့နယ်၊ ရန်ကုန်။



မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးသိန်း-ဒေါ်မြကြည်တို့၏သား

ဒုရဲအုပ် ဇော်မျိုးဦး B.Sc (Geology) နှင့်

ရန်ကုန်မြို့နေ ဦးသန်းရွှေ-ဒေါ်ကျင်မြိုင်တို့၏သမီး

မစမ်းသီတာလွင် B.Sc (Hons:) (Physics)

တို့၏ ၅-၇-၂၀၀၃ရက်နေ့တွင် ရန်ကုန်မြို့ Yuzana Garden Hotel၌ ကျင်းပ ပြုလုပ်သော မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဌာနဆိုင်ရာအကြီးအကဲများ၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် မင်္ဂလာညှော်ခံပွဲ ဖြစ်မြောက်ရေးအတွက် အဘက်ဘက်ကဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသောသူများအား လိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဒုရဲအုပ် ဇော်မျိုးဦး-မစမ်းသီတာလွင်။

မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
ဈေးပြိုင်ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း
(၂/၂၀၀၃)

၁။ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း၊ သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ (က) အဆင့်၊ မော်လမြိုင်မြို့ရှိ မီးထိုးဆီအနည်အနှစ်မှအဆင့်ချထားသော ရေနံဈေးဂါလန် (၁၀၀၀၀) (တစ်သောင်း)အား မျက်မြင်အခြေအနေအတိုင်း ရောင်းချမည်ဖြစ်သဖြင့် ချိပ်ပိတ်တင်ဒါများ ပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။
၂။ **တင်ဒါလျှောက်လွှာနှင့်စည်းကမ်းချက်ပုံစံများရောင်းချမည့်**

(က)**နေ့ရက်နှင့်အချိန်**	၇-၇-၂၀၀၃ ရုံးချိန်အတွင်း
(ခ)**နေရာ**	(၁)စီမံရေးဌာန၊ အမှတ် ၇(က)၊ သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ (၂)သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ(က)အဆင့်၊ မော်လမြိုင်မြို့။
(ဂ)**တင်ဒါတစ်စောင်နှုန်း**	ကျပ် ၅၀၀/-
(ဃ)**တင်ဒါပိတ်မည့်နေ့ရက်နှင့်အချိန်**	(၂၈-၇-၂၀၀၃)ရက်နေ့ ညနေ ၁၄:၀၀နာရီ
(င)**တင်ဒါပေးသွင်းမည့်နေရာ-**	(၁)စီမံရေးဌာန၊ အမှတ် ၇(က)၊ သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ (၂)သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ (က)အဆင့်၊ မော်လမြိုင်မြို့

၃။ တင်ဒါပေးသွင်းသူသည် တင်ဒါဆွဲယူခွင့်စပေါ်ငွေ ကျပ်တစ်သိန်း(၁၀၀၀၀၀)ကို ငွေသားဖြင့် ရုံးချုပ်ဘဏ္ဍာရေးဌာနတွင်လည်းကောင်း၊ ဌာနခွဲမန်နေဂျာရုံး၊ သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ(က)အဆင့်၊ မော်လမြိုင်မြို့တွင်လည်းကောင်း ပေးသွင်းနိုင်ပါသည်။
၄။ ဝယ်ယူခွင့်ရရှိပြီးပါက ပစ္စည်းများကို နှစ်ပတ်အတွင်း မိမိအစီအစဉ်ဖြင့် ပြီးစီးအောင် ထုတ်ယူရမည်။

စီမံရေးဌာန
၇(က)၊ သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့။

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်စာရင်းရုံး
အခြေခံစာရင်းကိုင်သင်တန်းအမှတ်စဉ်(၁၇)တက်ရောက်ရန်
လျှောက်လွှာခေါ်ယူခြင်း

Basic Accounting Course (For 2003 October Exam:)

၁။ **သင်တန်းဖွင့်မည့်ရက်**	- ၁၂-၇-၂၀၀၃
၂။ **သင်တန်းတည်နေရာနှင့် ဆက်သွယ်ရန်**	- ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်စာရင်းရုံး - ပင်လုံလမ်း၊ မဝတမှတ်တိုင်အနီး၊ ဖုန်း-၅၈၄၂၀၇
၃။ **သင်တန်းချိန်**	- တနင်္လာနှင့်၂ (စနေနှင့်တနင်္ဂနွေ) - တနင်္လာ၃(တနင်္လာမှသောကြာထိ၊ ရုံးချိန်ပြင်ပ)
၄။ **သင်တန်းကာလ**	- ၃လ
၅။ **အနိမ့်ဆုံးပညာအရည်အချင်း**	- တက္ကသိုလ်ဝင်တန်းအောင်

ဇော်လင်း၊
မြို့နယ်စာရင်းစစ်အရာရှိ။

လုပ်ငန်းခွင်တွင် ခေတ်မီလက်တွေ့အသုံးချနိုင်ပြီး
နိုင်ငံတကာအဆင့်မီစေမည့်
အချိန်ပိုင်းသင်တန်းများ
UMFCCI LEVEL-I,II & III

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) က ကြီးမှူး၍ "အသုံးချစာရင်းနှင့်အုပ်ချုပ်မှုပညာ" Applied Accounting & Management (UMFCCI Level I,II&III)သင်တန်းများကို စနေ၊ တနင်္ဂနွေနေ့များတွင် ဖွင့်လှစ်သင်ကြားလျက်ရှိရာ UMFCCI Level I (အပတ်စဉ်-၁၅)၊ Level II (အပတ်စဉ်-၆)၊ Level III(အပတ်စဉ်-၂)သင်တန်းများကို (ကွန်ပျူတာဘာသာရပ်များတွဲဖက်၍) အောက်ပါအတိုင်းဖွင့်လှစ်မည်ဖြစ်ပါသည်။
UMFCCI Level I အပတ်စဉ်(၁၅)
၁။ သင်တန်းကာလ (၃)လ၊ ၂။ပညာအရည်အချင်း-အနိမ့်ဆုံးအခြေခံပညာအထက်တန်းအဆင့်ရှိသူ ဖြစ်ရမည်။ မည်သည့်ဘွဲ့ရမဆို လျှောက်ထားနိုင်သည်။ ၃။ လျှောက်ထားနိုင်သူများ-ကုန်သည်/စက်မှုအသင်းချုပ်၏အသင်းသားများ၊ အသင်းသားကုမ္ပဏီ/အဖွဲ့အစည်းများမှပုဂ္ဂိုလ်များနှင့်စီးပွားရေးလုပ်ငန်းရှင်များ၊ UMFCCI Level II အပတ်စဉ် (၆)၊ ၄။သင်တန်းကာလ-(၄)လ၊ ၅။လျှောက်ထားနိုင်သူများ-UMFCCI Level I အောင်မြင်ပြီးသူများ၊ UMFCCI Level III အပတ်စဉ်(၂)၊ ၆။သင်တန်းကာလ-(၄)လ၊ ၇။လျှောက်ထားနိုင်သူများ-UMFCCI Level II အောင်မြင်ပြီးသူများ၊ ၈။လျှောက်လွှာစတင် လက်ခံမည့်နေ့-၇-၇-၂၀၀၃(တနင်္လာနေ့)၊ ၉။လျှောက်လွှာပိတ်မည့်နေ့-၃၀-၇-၂၀၀၃(ဗုဒ္ဓဟူးနေ့)၊ ၁၀။သင်တန်းစမည့်နေ့- ၂-၈-၂၀၀၃ (စနေနေ့)၊ ၁၁။လျှောက်လွှာလက်ခံမည့်နေရာ-ကုန်သည် စက်မှုအသင်းချုပ်ရုံး၊ အမှတ်(၅၀၄/၅၀၆)၊ ကုန်သည်လမ်း၊ (၃၉)လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၄၆၄၉၅၊ ၂၄၃၁၅၁၊ ၂၈၂၂၀၈၊ ၁၂။သင်တန်းဌာန-UMFCCI TRAINING CENTRE အမှတ်-၇၄/၈၆၊ ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၃၇၀၈၂၃။

(သင်တန်းသားဦးရေကန့်သတ်ထားပါသည်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

ယဉ်ကျေးမှုဝန်ကြီးဌာန

ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) နှင့် FOREVER GROUP

အနုပညာကွန်ပျူတာဒီပလိုမာသင်တန်း

DIPLOMA IN COMPUTER ARTS (Dip.CA)

Specialized in "Video/Audio Production"

Level 1. Graphic Production for Exporting Any Media (၂)လ

Level 2. Video/Audio Production, Motion Graphics & Visual Effects (၃)လ

Level 3. Character Animation & Advanced Media (၄)လ

Specialized in "Multimedia & Infocom Technology"

Level 1. Graphic Production for Exporting Any Media (၂)လ

Level 2. Rich Media Content Creation, Interactive TV & Streaming Video (၃)လ

Level 3. Multimedia & Information Communication Technology (၄)လ

Forever Group Co., Ltd.

Broadcast Studio ... GlobeCaster All In One Studio Solution ... Bagan Cybertech ... Broadband Internet/Intranet Facilities ... Web Designer ... Rich Media Content Creator ... Multimedia Developer ... Information Age ... On Job Training

မင်းမာယ

ပါရမီဖြည့် သတ်နိုင်သူ ...

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

၏

၂၀၀၂–၂၀၀၃ ဘဏ္ဍာရေးနှစ်အတွင်း

ရေကြောင်းဖြင့်ပြည်ပသို့ ပို့ကုန်ပစ္စည်းအများဆုံးတင်ပို့နိုင်သော

ဒုတိယဆု

ချီးမြှင့်ခြင်းခံရသည့်

M.H.L.G Co.,LTD. ၏ Managing Director ဦးမျိုးဟိန်း

အတွက်

အထူးဂုဏ်ယူ ဝမ်းမြောက်မိပါကြောင်းနှင့် နောင်နှစ်ပေါင်းများစွာတိုင်အောင် နိုင်ငံအကျိုး ထပ်မံသယ်ပိုး ရွက်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဦးမောင်သိန်း–ဒေါ်ခင်အေးမြင့်

အောင်မေတ္တာပွဲရုံ(ဘုရင့်နောင်)။

MPEC

Queen Star Computer Center နှင့် MIT တို့ ...

Course :Client Application Development

Time :Tuesday,Thursday(5pm to 8 pm)

Date :15-7-2003

Discount :10% OFF for Client Application

Course :Software Engineering Course

Time :Saturday,Sunday(7am to 9 am)

Date :12-7-2003

Discount ...

Queen Star Computer Center

No-1, Padonmar Stadium, Bargayar Rd, Sanchaung Tsp.

Phone : 502801, 505278,539151,668779,668259

MT&K Tourism Co., Ltd.

(July - 13) 6AM

(Aug - 5) 3PM

Fully Package Tour Ph: 663161, 666220, 6463521, 09-5003127, 09-5016937

တော်ဝင်

အဆင့်မြင့်ခန်းဆီးလိုက်ကာ

ဝန်ထမ်းအလိုရှိသည်

၁။ Graphic Designer ကျား (၂) ဦး

၂။ Marketing Assistant (ကျောင်းပြီး) ကျား/မ (၆) ဦး

၃။ ... ကျား/မ (၂) ဦး

၄။ ... ကျား/မ (၄) ဦး

အမွေပြတ်စွန့်လွှတ်ခြင်း

မောင်ပြည့်ဖြိုးအောင် [ဘအန(နိုင်)၂၁၅၁၀၇]သည် မိဘဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ် ဖောက်ဖျက်နေပါသဖြင့် ၎င်းအား အမွေပြတ်စွန့်လွှတ်ပြီးကြောင်းနှင့် ၎င်းနှင့် ပတ်သက်၍ အစစအရာရာ လုံးဝ တာဝန်ယူတော့မည်မဟုတ်ကြောင်းကြေညာ အပ်ပါသည်။ စုံစမ်းခြင်းသည်းခံပါ။

မိခင်ဖြစ်သူ ဒေါ်အေးအေးသန်း [၇/ဝမန(နိုင်)၀၇၂၈၅၈] ရန်ကုန်မြို့။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ယ/၃၈၃၀၉ မော်တော်ယာဉ် လက်ဝယ်ရှိသူ ဦးထိန်လင်း (မှတ်ပုံတင်အမှတ် ၉/မလန(နိုင်)၀၁၇၄၄၂)က မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ယနေ့မှ ၁၅ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (တာချီလိတ်)သို့ လာရောက် ဆက်သွယ်ဆောင်ရွက် ကြပါရန်။ ကညန(တာချီလိတ်)။

ဝမ်းနည်းကြေကွဲခြင်း

ဦးဇော်မင်း

အသက်(၄၈)နှစ်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ပြည့်စုံနှင့်ဇနီး ဒေါ်အေးပြည့်ဝေခင်တို့၏ညီ/မောင်သည် ၃၀–၆–၂၀၀၃ရက်တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

DELTA COMBINE CO.,LTD.

NAWADAY ENTERPRISE LTD.

ဆန် + ဆီ ဝယ်မယ်ဆိုရင် OK ဆန်ဆီရောင်းဝယ်ရေးနဲ့ ဆက်သွယ်မှာကြားမှ စိတ်ချရတယ်။

ကျေးဇူးတင်လွှာ

မိုးကောင်းမိသားစု–ဘုရင့်နောင်

"ဒီစာအုပ်ဟာ စာအုပ်ဝင်လေမှာ အမြဲရှိနေသင့်ပါတယ်"

2003

Treasure Publishing House

Tel: 01-251536, 01-202420, 0950 14294,

E-mail : ziwako@myanmar.com.mm

ကျော်ငြာဖိုး တစ်နေ့ (၂၄၆၀)ကျပ်မျှသာကုန်ကျပြီး

အကျယ် ၁၆ပေ အမြင့် ၄ပေ အရွယ်ရှိသော **Inkjet Printing**

ရောင်စုံပိုစတာကြီးများကိုသုံး၍

မြို့တော်ရန်ကုန်၏ အဓိကလမ်းမကြီးများပေါ်ရှိ ကားမှတ်တိုင်အသစ်ကြီးများတွင်

တပ်ဆင်ပေးမှာ **Real Power Advertising** ဖြစ်ပါတယ်...

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့်ဆောင်ရွက်သည်။

REAL POWER advertising

No.F(9), North Wing of Aung San Stadium,Mingalar Taungnyunt Township, (above City Mart Supermarket)

Tel : 95-1-379580 Fax : 95-1-379837

ခေတ်မီဖော်တာစက်သစ်ကြီးများကို အသုံးပြုပြီး
ဝိနည်းတော်နှင့်အညီ အထူးချုပ်လုပ်ထားသော
သမ္မတပါဆိုသင်္ကန်းများ
[illegible]

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးဝင်းထွဋ်(ဘ) ဦးမော်၏ နိုင်ငံကူးလက်မှတ် (PP-352047) သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက ပြန်လည်ပေးပို့ပါ။

အမှတ်(၅၂၈)သမိတ္တာ(၁၄)လမ်း၊ (၁)ရပ်ကွက်၊ မြောက်ဥက္ကလာပ။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း

အလ်ဟာဂျ်အဟ်မဒ်
အဗ္ဗဒုလ်လတီးဖ်ယာဇီ
ဦးမြင့်မောင်(ခ)
ဦးမောင်မြင့်(ရှုခင်းသာ)
အသက်(၇၂)နှစ်

(ဘဏ္ဍာရေးမှူး)
မွတ်စလင် ဗဟိုရန်ပုံငွေအဖွဲ့
မန်နေဂျင်းဒါရိုက်တာ
မွတ်စလင်ကုသိုလ်ရေးအဖွဲ့အစည်း
ဘဏ္ဍာရေးမှူးဟောင်း ရန်ကုန်မြို့
မေမန်ဂျမာအတ်နှင့်
မွတ်စလင်ကုသိုလ်ဖြစ်ဆေးရုံ

ပုသိမ်မြို့နေ (ဦးလှတင်-ဒေါ်ရှန်)တို့၏ သား၊ (ဦးထွန်းအောင်)-ဒေါ်ချိုတီတို့၏ သားသမက်၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃၄)လမ်း၊ အမှတ်(၁၁၆/၁၂၄)နှင့် ပန်းဘဲတန်းမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၅၁၂/၅၁၄) (ရှုခင်းသာ)နေ ဟာဂျီယာနီရာဘီယာဘီဘီ(ခ) ဒေါ်ဝင်းကြည်၏ ခင်ပွန်း၊ ဟာဂျီယာနီတီဂျာဘီဘီ (ခ) ဒေါ်ခင်သီတာ-အလ်ဟာဂျ်မုဟမ္မဒ်ရဖီး(ခ) ဦးသန်းဝင်း၊ ဟာဂျီယာနီဟဖ်ဇာဘီဘီ (ခ) ဒေါ်ဘေဘီ၊ ဟာဂျီယာနီနူရ်ဂျန်ဘီဘီ(ခ)ဒေါ်လှလှဝင်း၊အလ်ဟာဂျ်မုဟမ္မဒ်ရဖီးက်(ခ) ဦးမောင်မောင်ဦး-အာစမာဘီဖီ(ခ)ဒေါ်မိုးမိုး၊ ဟာဂျီယာနီဖရီဒါဘီဘီ(ခ)ဒေါ်ချိုချိုဝင်း-မုဟမ္မဒ်သောင်ဖီက် (ခ) ဦးကိုကိုအောင်၊ အလ်ဟာဂျ်မုဟမ္မဒ်ယာဇီန်(ခ) ဦးမောင်မောင်လတ်-မွမ်တာ(ဇ်)ဘာနူး(ခ) ဒေါ်စန္ဒာ၊ ဖာတေမာဘီဘီ(ခ)ဒေါ်စန္ဒာဝင်း-မုဟမ္မဒ်ဆုလေမန်(ခ) ဦးကျော်စိုးတို့၏ ဖခင်၊ မြေး ၁၀ယောက်တို့၏အဘိုးသည် ၆-၇-၂၀၀၃ (တနင်္ဂနွေနေ့) နံနက် ၁း၂၀နာရီတွင် အလ္လာသျှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ဇိုဟိုရ် နမာဇ်အပြီး ရှုရတီစွန်နီဂျာမေဗလီကြီးတွင် ဂျနာဇာနမာဇ်ဝတ်ပြုပြီး ရေဝေးစွန်နီကဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ သိမ်၊
ကျောင်းဒါယိကာမကြီး

ဒေါ်တင်မြ(ခ)ချစ်တီးမ
အသက်(၉၈)နှစ်

(နေဖြူ)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက်(၂၀၂)၊ အခန်း(၂၀)နေ (ဦးမှုတူး)၏ဇနီး၊ (ဦးထွန်းကြည်-ဒေါ်ခင်ညွန့်)တို့၏မိခင်၊ (ဦးကြည်ရင်)၊ (ကိုမောင်မောင်အေး)၊ (ကိုတင်လွင်)၊ ဦးညွန့်လွင်-ဒေါ်မေရီ၊ ဦးသစ္စာ-ဒေါ်အေးမာ၊ မောင်ဝင်းရှိန် နှင့်မြစ်ငါးယောက်တို့၏အဘွား ဒေါ်တင်မြသည် ၆-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၈-၇-၂၀၀၃ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါက်တာစောဌေးဝင်း
အသက်(၅၁)နှစ်

(Project Manager)
World Vision

ရန်ကုန်မြို့နေ (ဦးစောဘအို-ဒေါ်သဲလ်မာ)တို့၏ သားထွေး၊ ဗိုလ်မှူးကြီးစံမြတ်ရွှေ(ငြိမ်း)-ဒေါ်သင်းပျံ့ တို့၏ သားသမက်၊ ဒေါ်မူမူရွှေ၏ ချစ်လှစွာသောခင်ပွန်း၊ စောသီအိုပီးလပ်(စ်)-နော်အေးမြင့်၊ ဦးစောကူးကူး- နော်ချိုချို၊ ဦးအောင်မောင်း - နော်ကြည်မေ၊ ဒေါက်တာ စံရွှေဝင်း(ညွှန်ကြားရေးမှူး၊ ကျန်းမာရေးဦးစီးဌာန) - ဒေါ်သင်သင်ရွှေ၊ Captain စံထွန်းချိန် (Yangon Airways)-ဒေါက်တာဒေါ်ဝင်းမြ၊ Captain ကျော်ဌေးလွင်(Gewin Co. Ltd)- ဒေါက်တာနမ့်ရီရီစံ၊ ဦးကျော်အေးလွင် (ဒု-ညွှန်ကြားရေးမှူး၊ကညန)- ဒေါ်ပုလဲသန်း၊ ဦးစံဝင်းချိန် (Director SM Tours)-ဒေါ်မိမိခိုင်တို့၏ မောင်/အစ်ကို ဒေါက်တာစောဌေးဝင်းသည်၆-၇-၂၀၀၃ (တနင်္ဂနွေနေ့) နံနက် ၃း၃၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၈-၇-၂၀၀၃ရက်နံနက်၉နာရီတွင် ယုဒသန် (ဂျပ်ဆင်) ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ရဟန်း၊ ကျောင်းဒါယကာကြီး

ဦးသောင်းစိန်
အသက်(၇၀)

ဦးသောင်းစိန်နှင့်သားများ
စက်မှုလက်မှု

မြိတ်မြို့နေ (ဦးစံဖေ-ဒေါ်ကြင်စော)တို့၏ သား၊ ရန်ကုန်မြို့၊ အမှတ်(၃၁၈)၊ သီလ(၁၀)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးဖေငြိမ်း-ဒေါ်တင်ကြွယ်)တို့၏ သမက်၊ (ဒေါ်ညွန့်ညွန့်)၏ ခင်ပွန်း၊ (ဦးစိန်ဝင်း)-ဒေါ်ကြော့ခင်၊ (ဦးသန်းရွှေ)-ဒေါ်လှတင်၊ (ဦးတင်ရွှေ)၊ ဦးတင်ဦး-ဒေါ်လှလှမြင့်၊ ဦးဘစိန်တို့၏ အစ်ကို၊ ဦးအောင်နိုင်၊ ဦးဌေးလွင်-ဒေါ်နွဲ့နွဲ့မူ၊ ဦးစိန်ဝင်း-ဒေါ်စီစီသွယ်၊ ဦးဝင်းမြင့်-ဒေါ်ခင်မာနွယ်၊ ဦးမြင့်သွယ်တို့၏ မွေးသဖခင်၊ မမေလပြည့်စိန်ဝင်း၊ မခင်စုသက်၊ မခင်ချိုသက်၊ မောင်ရဲမင်းဦး၊ မအိမ်ခြူးသကြန်တို့၏ အဘိုးသည် ၆-၇-၂၀၀၃(တနင်္ဂနွေနေ့) နံနက် ၆း၂၅နာရီတွင် ကွယ်လွန်ပါ၍ ၈-၇-၂၀၀၃ရက်(အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးအောင်မင်း
အသက်(၆၄)နှစ်

B.Sc(Geology)
စက်မှု(၁)ငြိမ်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊(၂)ရပ်ကွက်၊ (၅)လမ်း၊ အမှတ်(၇၆)နေ (ဦးငွေရှိန်-ဒေါ်သန်းမြ)တို့၏ သား၊ ဦးမျိုးညွန့်-(ဒေါ်သော့)တို့၏ သားသမက်၊ ဦးစန်းမောင်-ဒေါ်ဟန်စိုး၊ ဦးစောဟန်-ဒေါ်ဘေဘီ၊ ဒေါ်မေပုရှိန်၊ (ဦးအောင်မြင့်)-ဒေါ်ခင်ခင်မှုတို့၏ညီ/မောင်၊ ဒေါ်မြသွေး (ကြွေ/မြေ)၏ ခင်ပွန်း၊ ထွန်းထွန်းမင်း-အိအိဝင်း၊ အောင်သူရထွန်း-ခိုင်မင်းမင်း၊ မြတ်မင်းမင်းတို့၏ ဖခင်သည် ၆-၇-၂၀၀၃ရက် နံနက်၁၁း၃၀နာရီတွင် ကွယ်လွန်ပါ၍ ၈-၇-၂၀၀၃(အင်္ဂါနေ့) မွန်းလွဲ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

ဦးတင်ရှိန်(၇၅)နှစ်

ဘုံကျောင်း၊ သာကူ-ကျောက်ကျောစက်ရုံ

ဦးမောင်လှိုင်-(ဒေါ်ကျော့)(နဂါးနီကြာဇံ-သာကူစက်ရုံ)တို့၏ ညီ/မောင်၊ ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည်(၁၂)လမ်း၊ အမှတ်(၃၇၄)နေဒေါ်ကျင်နု၏ခင်ပွန်း၊ ဦးလှဒင်-ဒေါ်ခင်တင့်၊ ဦးကြီးစိန်-ဒေါ်စိန်မမ၊ ဦးမျိုးဝင်း-ဒေါ်ခင်လှ၊ဒေါ်ခင်မြ၊(ဒေါက်တာစံလင်း)-ဒေါ်စန်းစန်း၊ ဦးတင်ထွဋ်-ဒေါ်ရီရီဌေး၊ ဒေါ်ခင်ဆွေ၊ (ဒေါက်တာစံဝင်း)-ဒေါ်နီလာယဉ်၊ ဦးကျော်လှိုင်-ဒေါ်ကျင်ဌေး၊ ဦးတင်စိန်-ဒေါ်အေးအေးဆွေတို့၏ မွေးသဖခင် ကျေးဇူးရှင်၊ မြေး ၁၄ယောက်တို့၏ အဘိုး ဦးတင်ရှိန်သည် ၆-၇-၂၀၀၃(တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၈-၇-၂၀၀၃(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် နေအိမ်မှ ရေဝေးတရုတ်သချိုင်းသို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

လွမ်းဆွတ်သတိရခြင်း
ဒေါ်ခင်လှမြင့် (ညိုညို)

မေမေကြီးတွယ်တာလှတဲ့ မိသားစုကိုခွဲခွာ၍ သံသရာခရီးထွက်ခွာသွားသည်မှာ ၇-၇-၂၀၀၃ရက်တွင် (၁၈)နှစ်ပြည့်ခဲ့သော်လည်း အချိန်တိုင်းကြေကွဲတမ်းတ လွမ်းဆွတ်သတိရလျက်ရှိပါသည်။ မေမေကြီးအတွက်ရည်စူး၍ ပြုလုပ်သော ကုသိုလ်ကောင်းမှုအားလုံးကို ရောက်ရာဘုံဘဝမှ သာဓုခေါ်နိုင်ပါစေ။

မေမေကြီးရေ- အမျှ အမျှ အမျှ

ဦးရဲမြင့်၊ သားသမီးများနှင့် မြေးများ။

အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း

ဦးညွန့်မောင် (၇၆)နှစ်

အကြီးတန်းအကောက်ခွန်မှူး

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၅၁)လမ်း၊ အမှတ်(၇၈)နေ ရာသက်ပန်အသင်းဝင် ဦးညွန့်မောင်သည် ၅-၇-၂၀၀၃ရက်တွင် ကွယ်လွန်၍ ၇-၇-၂၀၀၃ ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။အသင်းဝင်များ ပို့ဆောင်ကြပါ။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီထွက်ပါမည်။)

အမှုဆောင်အဖွဲ့။

ဒေါ်တင်တင်လင်း
အသက်(၅၆)နှစ်

သူနာပြု (ငြိမ်း၊ထန်းတပင်-ဓိုးကုန်း)

ရွှေဘိုခရိုင်၊ ကန့်ဘလူမြို့နယ်၊ ထန်းတပင်ဓိုးကုန်းနေ (ဦးထွန်းမောင်-ဒေါ်မြသန်း)တို့၏ သမီးကြီး၊ (ဦးအောင်သိန်း-ဒေါ်ခင်ညွန့်)တို့၏ သမီးချွေးမ၊မန္တလေးမြို့၊ မင်္ဂလာဥယျာဉ်ရပ်၊ ဖောင်တော်ဦးလမ်းနေ ဦးခင်မောင်ကြည်၏ ဇနီး၊ ဒေါ်တင်တင်ဝင်း - ဦးထိန်အောင်လင်း (အထက၊ ဓိုးကုန်း)၊ ဦးအောင်မြင့်သိန်း (ယုဇနပလာဇာ)၊ ဒေါ်အေးအေးမြင့်-ဦးခင်မောင်စိုး(နည်းပညာ ကောလိပ်၊ စစ်ကိုင်း)၊ ဦးဇော်လွင်-ဒေါ်ခင်သောင်း၊ ဒေါ်တင်နွဲ့ရီ (မြန်မာစာဌာန၊ မန္တလေးတက္ကသိုလ်)၊ ဦးဇော်နိုင်(ရေကြောင်းထိန်းသိမ်းရေး၊ ဟုမ္မလင်း)-ဒေါ်မိုးမိုးစံ၊ မထားထားလင်းတို့၏ အစ်မကြီး၊ မသဲမွန်ကြည်-ကိုမြတ်စိုး၊ မောင်သီရိဇော် (နောက်ဆုံးနှစ်၊ ရူပ၊ ရတနာပုံတက္ကသိုလ်)၊ မစုမွန်ကြည်(နည်းပညာကောလိပ်၊ ကျောက်ဆည်)၊ မောင်ပြည့်ဖြိုးဇော်(ဒု-နှစ်၊ဘူမိ၊ရတနာပုံတက္ကသိုလ်)တို့၏ မွေးသမိခင်သည် ၆-၇-၂၀၀၃ (တနင်္ဂနွေနေ့) မွန်းလွဲ၂း၄၅နာရီတွင် မော်တင် Green Crossအထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၈-၇-၂၀၀၃ (အင်္ဂါနေ့) ညနေ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(မင်္ဂလာတောင်ညွန့်မြို့နယ်၊ ယုဇနပလာဇာအနီး၊ နှင်းဆီလမ်း၊ တိုက်(၁၂)၊ အခန်း(၂၂)နေအိမ်မှ ကားများ ညနေ ၃း၁၅နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဟန်သိန်း
အသက်(၄၃)နှစ်

(ထားဝယ်)

တနင်္သာရီတိုင်း၊ သရက်ချောင်းမြို့နယ်၊ တီတွတ်ပြင်ရွာနှင့် ထားဝယ်မြို့ ကညွှံရပ်ဒါနလမ်း၊ အမှတ်(၂၂၈)နေ (ဦးဟန်ကြည်) - ဒေါ်နှင်းကြည်တို့၏ သား၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးလမ်း၊ အမှတ်(၇၆)၊ (၇လွှာ)နေ ဒေါ်မြင့်မြင့်ကြူ(ခ)မငယ်၏ ခင်ပွန်း၊ မောင်နေဝင်းလှိုင်၊ မောင်ဇော်ထက်အောင်၊ မောင်သူရထက်အောင်တို့၏ မွေးသဖခင်၊ ရန်ကုန်မြို့နေ ဦးကြူသိန်း (ဒုစုံစမ်းရေးမှူး၊ စစစ)-ဒေါ်ချိုချိုသန်း၊ ဦးရဲဝင်း-ဒေါ်ခင်ဝင်း၊ မသက်သက်အေး၊ မနီလာဌေး၊ မောင်သိန်းဇော်ထွေး၊ ထားဝယ်မြို့နေ ကိုသိန်းနိုင်-မဝင်းဝင်းရီ၊ မတင်တင်ဌေး(ခ)မအေးတို့၏ အစ်ကို ဦးဟန်သိန်းသည် ၅-၇-၂၀၀၃ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၇-၇-၂၀၀၃ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်ဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ သိမ်၊ ကျောင်း၊ ရဟန်း၊
လမ်း၊ရေကန်ဒါယကာကြီး

ဦးအောင်ခင် (၇၆)နှစ်

(B.Sc Engg.)
ညွှန်ကြားရေးမှူး(ငြိမ်း)
မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း
(စက်မှု-၁)

ရန်ကုန်မြို့နေ (ဦးသက်တင်-ဒေါ်လှဝင်း)တို့၏ သား၊ (ဦးကျင်ကွေး-ဒေါ်လှမြင့်)တို့၏ သားသမက်၊ အမှတ်(၁၁၇)၊ ရေကူးရွာမလမ်း၊ (၉)ရပ်ကွက်၊ ကမ္ဘာအေး၊ မရမ်းကုန်းမြို့နယ်နေ (ဒေါ်အေးအေးကြိုင်)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကိုလေး-ဒေါ်ခင်ခင်ဆွေ၊ ဦးတင်ရွှေ၊ ဦးသန့်ဇင်-ဒေါ်မြတ်စုမွန်၊ ဦးကျော်ဇော-ဒေါ်မြသန္တာတို့၏ ချစ်လှစွာသောဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၆-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၈-၇-၂၀၀၃(အင်္ဂါနေ့) မွန်းတည့်၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ် ဒါယကာကြီး

ဦးအောင်မြင့်(ခ)ဦးလူဝ
အသက်(၇၃)နှစ်

မော်လမြိုင်ဈေးသစ်

မော်လမြိုင်မြို့၊ ဒိုင်းဝန်ကွင်း၊ အရှေ့လှည်းတန်း၊ အမှတ်(၇၅/A)နေ (ဦးဖြိုး-ဒေါ်ဖွားမြင့်)တို့၏ သား၊ (ဦးအုန်းခင်-ဒေါ်သန်းမြ)တို့၏သားသမက်၊ ဒေါ်အုန်းကြည်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအေးမြင့်-ဒေါ်စန်းစန်းရီ၊ ဦးထွန်းလှ(ခ) ဦးမြင့်ဦး-ဒေါ်တင်တင်ဌေး၊ [ဦးခင်စိုး(ခ) ဦးမောင်မောင်] - ဒေါ်ကြည်သန်းဝင်း၊ ဦးလှမျိုး-ဒေါ်ဥမ္မာတင်၊ ဦးရည်မွန်-ဒေါ်နီနီလွင်၊ မဖြူဖြူမြင့်တို့၏ ဖခင်၊ မြေး ၁၂ ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၅-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၇-၇-၂၀၀၃(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးအောင်မြင့်(၄၉)နှစ်

(တကက၊ငြိမ်း)

ရန်ကုန်မြို့၊အမှတ်(၈)၊ ကျောင်းလမ်း၊ တောင်လုံးပြန်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးလှမောင်) ဒေါ်မြမြတို့၏သား၊ရပ်စောက်မြို့နယ်၊ အင်းတောမြို့သစ်နေ ဦးစံအွန်-ဒေါ်မြစိန်တို့၏သားသမက်၊ ရန်ကုန်မြို့၊ တောင်လုံးပြန်ရပ်ကွက် အမှတ်(၁၁)ကျောင်းလမ်းနေ ဒေါ်အေးငယ်၏ ခင်ပွန်း၊ ဦးစံသိန်း-ဒေါ်စန်းမြင့်၊ ဦးဉာဏ်ထွန်း-ဒေါ်တင်တင်မြင့်၊ ဒေါ်အေးသိန်း(ပုဂံ-ခာတ်ဘူးရောင်းဝယ်ရေး၊မင်္ဂလာဈေး)၊ ဒေါ်စန်းအေးတို့၏ မောင်၊(ဦးစန်းမြင့်)၊ ဦးမျိုးမြတ်-ဒေါ်ချိုချိုမာ၊ ဦးဝင်းနိုင်-ဒေါ်တင်တင်ချိုတို့၏ အစ်ကို၊ မောင်စိုင်းမင်းအောင်၊ မမျိုးမျိုးအောင်(စီးပွားစီမံ)၊ မအေးအေးမြင့် (စီးပွားစီမံ၊တနှစ်)၊ မသင်းသင်းအောင် (ဒုနှစ်၊ Eco)တို့၏ မွေးသဖခင် ဦးအောင်မြင့်သည် ၂-၇-၂၀၀၃ရက်တွင် ရပ်စောက်မြို့၌ ကွယ်လွန်ပါ၍ ၄-၇-၂၀၀၃ရက်တွင် ရပ်စောက်မြို့၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ကွမ်းခြံကုန်းမြို့နယ် သံဃနာယကဥက္ကဋ္ဌဟောင်း

ဘဒ္ဒန္တ အာစာရ
သိက္ခာတော်(၅၃)ဝါ၊ သက်တော်(၇၃)နှစ်

ရန်ကုန်တိုင်း၊ ကွမ်းခြံကုန်းမြို့နယ်၊ တော်ခရမ်းကလေးကျေးရွာ၊ တောင်ပေါ်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဘဒ္ဒန္တ အာစာရသည် ၁၃၆၅ခုနှစ်၊ ဝါဆိုလဆန်း ၆ရက် ည၁၀း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားကြောင်း ရပ်ဝေး၊ ရပ်နီးနေ သံဃာတော်များနှင့် တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။ (အန္တိမဈာပနရက်ကို ထပ်မံကြေညာပါမည်။)

တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ။

ဘုရား၊ ကျောင်း၊ ရဟန်းဒါယကာကြီး

ဦးငွေသိုင်း(ခ)ဦးကျော်မြိုင်
အသက်(၇၈)နှစ်

ပဲခူးတိုင်း၊ ကဝမြို့နယ်နေ (ဦးသာဟန်-ဒေါ်ဖွားရင်)တို့၏ သား၊ မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက်၊ ကူးတို့ဆိပ်လမ်း၊အမှတ်(၃၈၀)နေ ဒေါ်မြစိန်(ခ)ဒေါ်ဝိုင်း၏ခင်ပွန်း၊ဦးစိုးတင့်-ဒေါ်မြင့်ကြိုင်၊ ဦးချစ်သောင်း-ဒေါ်ဝင်းမြင့်၊ဦးမြင့်ဦး-ဒေါ်ခင်နုရီ၊ ကိုတင့်လွင်(မော်ကွန်းရပ်ရှင်)-ဒေါ်ဝင်း၊ဦးမျိုးမြင့်အောင်-ဒေါ်ခင်အုန်းဌေး၊ ဦးဟံသိန်း-ဒေါ်နွဲ့နွဲ့လွင်၊ ဦးမြင့်စိုး-ဒေါ်မွန်မီး၊ ဦးလှထွန်း-ဒေါ်ခင်စန်းဝေ၊ ဦးလှဌေး(လယ်/ဆည် ဝန်ကြီးရုံး)-ဒေါ်ဌေးဌေးဦး၊ ဦးသန်းဌေးအောင်-ဒေါ်မြင့်မြင့်ရွှေ၊ ဦးအောင်ဇော်မင်း-ဒေါ်ဝင်းဝင်းမာတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေး၂၄ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘိုးသည် ၅-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါသဖြင့် ၇-၇-၂၀၀၃(တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးအောင်ညွန့်
အသက်(၆၇)နှစ်

ဒု-ညွှန်ကြားရေးမှူး(ငြိမ်း)
မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသန
ဦးစီးဌာန

ရေနံချောင်းမြို့နယ်၊ ဆုံကုန်းရွာနေ (ဦးထွန်းခင်-ဒေါ်လှပေါ)တို့၏ သား၊ လတ်ပံသထုံမြို့နေ (ဦးအုန်းခင်-ဒေါ်မြမြ)တို့၏သားသမက်၊ရန်ကုန်မြို့၊တိုက်(၁၃)၊ အခန်း(၁၀)၊စက်မှုရိပ်သာ၊(၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်နေ (ဒေါ်မေစန်းအိ)၏ ခင်ပွန်း၊ (ဦးအောင်ကြွယ်)၊ဦးအောင်လှ၏ ညီ၊ ဦးအောင်ဆယ်၏ အစ်ကို၊ ဦးညွှန့်သန်း၊(ဒေါ်နှင်းအိ)၊ ဦးစိန်လွင်-ဒေါ်နုနုရီတို့၏ညီမောင်၊ ဦးတင်အုန်း-ဒေါ်ရီရီသန်း၊ ဦးသန်းမြင့်-ဒေါ်ခင်မေအေးတို့၏ အစ်ကို၊ ဦးစိန်ဝင်း-ဒေါ်မျိုးသူဇာ၊ ဦးအောင်မြင့်စိုး-ဒေါ်မျိုးမူယာ M.Sc(Chem)၊ ဦးအောင်လင်း-ဒေါ်အိအိဖြူ၊ မောင်မျိုးကိုကိုတို့၏ မွေးသဖခင်၊ မဇွန်ဇာဝင်း(အထက-၂ မရမ်းကုန်း)၊ မောင်အောင်မော်မင်း (အထက-၂၊မင်္ဂလာဒုံ)၊ မောင်မင်းထက်ကောင်းတို့၏ အဘိုး ဦးအောင်ညွန့်သည် ၅-၇-၂၀၀၃ရက် ည ၈း၄၅နာရီတွင် ကွယ်လွန် ပါ၍ ၉-၇-၂၀၀၃ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါက်တာစောဌေးဝင်း
အသက်(၅၁)နှစ်

(Project Manager)
World Vision

(ဦးစောဘအို-ဒေါ်သဲလ်မာ)တို့၏ သားထွေး၊ ရန်ကုန်မြို့ (၁၂-B/၄)၊ တံတားဖြူ၊ ကန်လမ်း၊ လှိုင်မြို့နယ်နေ ဗိုလ်မှူးကြီးစံမြတ်ရွှေ(ငြိမ်း)-ဒေါ်သင်းပျံ့တို့၏သားသမက်၊ ဒေါ်မူမူရွှေ၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ဉာဏ်ထက်ဝင်း (ဒု-နှစ်၊ ပထဝီ)၊ မောင်ကျော်ထက်ဝင်း (ဒုနှစ်၊သတ္တဗေဒ)၊ မောင်နိုင်ထက်ဝင်း (အထက-၂၊ ကမာရွတ်)တို့၏ ဖခင် ဒေါက်တာစောဌေးဝင်းသည် ၆-၇-၂၀၀၃(တနင်္ဂနွေနေ့) နံနက် ၃း၃၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၈-၇-၂၀၀၃ ရက် နံနက် ၉ နာရီတွင် ယုဒသန်(ဂျပ်ဆင်) ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း

စလီမာဘီဘီ(ခ)မိမိ(ခ)
ခင်ခင်စိုး(၃၁)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၅၄)လမ်း၊ အမှတ်(၄၃)နေ ဟာဂျီ ဦးတင်ရွှေနှင့် ဟာဂျီမဒေါ်မာလာယုတို့၏ သမီး၊ ပုဇွန်တောင်မြို့နယ် (၅၄)လမ်း၊ အမှတ်(၂၉/၃၁)နေ ဟာဂျီဦးဘစိန်နှင့် ဟာဂျီမဒေါ်ခင်သန်းမြင့်တို့၏ သမီးချွေးမ၊ ဦးလှစိန်၏ဇနီး၊ မောင်ကျော်စိန်ဦး၊ မောင်ဝေယံစိုးမိုးနိုင်တို့၏ မိခင်သည် ၃-၇-၂၀၀၃ရက်တွင် အလ္လာသျှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ၄-၇-၂၀၀၃(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးကဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးညွန့်မောင် (၇၆)နှစ်

အကြီးတန်းအကောက်ခွန်မှူး
(အငြိမ်းစား)၊ (ကျိုက်လတ်မြို့)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၅၁)လမ်း၊ အမှတ်(၇၈)နေ (ဦးဘတင်-ဒေါ်စိန်ဉ)တို့၏ သား၊ ဦးမျိုးညွန့်-ဒေါ်တိုးတိုး (ခ) ဒေါ်တင်ညို(ခေတ္တ-U.S.A)၊ ဒေါ်လှရီတို့၏ညီ/မောင်၊ ဦးလှသိန်း(တပ်မတော်၊ ငြိမ်း)-ဒေါ်စီစီအေး၊ ဦးခင်မောင်တင့်(M.D.G Co., Ltd.)-ဒေါ်ယဉ်ယဉ်အေးတို့၏ အစ်ကို၊ ဦးကျော်သိန်း-ဒေါ်စန်းစန်းရီ(ခေတ္တ-U.S.A)၊ ဦးမောင်မောင်ကြီး-ဒေါ်မြမြမူ(ခေတ္တ-U.S.A)၊ ဦးဇေယျ-ဒေါ်မြမြဝင်း (ခေတ္တ-U.S.A)၊ ဒေါက်တာစိန်ဝင်း-ဒေါ်ဇင်မာအေး(မြစ်ကြီးနား)၊ ဦးဝင်းတင့်ဦး(M.D.G Co., Ltd.)-ဒေါ်မော်မော်လွင်၊ ဦးကျော်စွာတင့်(M.D.G Co., Ltd.)-ဒေါ်မြင့်မြင့်ကြည်တို့၏ ဦးလေး၊ မြေးခုနစ်ယောက်၏ အဘိုးလေးသည် ၅-၇-၂၀၀၃ (စနေနေ့) နံနက် ၃း၁၅နာရီတွင် ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၇-၇-၂၀၀၃ (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [အမှတ်(၇၈)၊ (၅၁)လမ်းနေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

ဥက္ကံမြို့မအသင်း(ရန်ကုန်)

ဒေါ်ထားထားခင်(၆၅)နှစ်

ဥက္ကံမြို့၊ကျောင်းလမ်းနေ ဦးဘိုးရဲ-ဒေါ်မိုးမြင့်တို့၏ သမီး၊ ရန်ကုန်မြို့၊ ရွှေဘုံသာလမ်း၊ အမှတ်(၂၆၈)နေ ဒေါ်ခင်သိန်း၏ညီမ၊ ဦးမောင်မောင်-ဒေါ်သန်းသန်းစိန်၊ ဦးမြင့်သိန်း-ဒေါ်တင်တင်မြင့်တို့၏ အစ်မ၊ တင်ကိုကိုဦးမြင့်၊ အေးအေးသက်၊ကျော်မင်းဟန်၊ ခင်သူဇာမြင့်တို့၏ အဒေါ် ဥက္ကံအသင်းအမှုဆောင် ဒေါ်ထားထားခင်သည် ၆-၇-၂၀၀၃ရက်တွင်ကွယ်လွန်ပါ၍ ၈-၇-၂၀၀၃ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်ဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ အသင်းဝင်များပို့ဆောင်ကြပါရန်။ (ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှကားများ နံနက်၁၁း၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျော်ဇေယျ(ခ)
KENNETH

B.Ed(1977)

အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ငါးထပ်ကြီးဘုရားလမ်း၊ အမှတ်(၁၀၄-အေ)နေ ဒုတိယဗိုလ်မှူးကြီးစိန်ညွန့် (ငြိမ်း)-ဒေါ်မမကြီးတို့၏ သားလတ်၊ ဒေါက်တာဦးသိန်းဝင်း - ဒေါက်တာဒေါ်ခင်ဆွေလွင်(ဝင်းဆေးကုခန်း၊ ပြည်မြို့)တို့၏ ညီ/မောင်၊ ဒေါ်မေဦးခိုင်(ခ) ALICE (ခေတ္တ-USA)၏ အစ်ကို၊ ဒေါ်စုစုလင်း(မချို၊ အထက-၁၊ ဒေါပုံ)၏ ခင်ပွန်း၊ မောင်ထက်အောင်လင်း၏ ဖခင်၊ တူမလေးယောက်တို့၏ ဦးလေးသည် အထက်ပါနေအိမ်၌ ၆-၇-၂၀၀၃(တနင်္ဂနွေနေ့) နံနက်၄နာရီတွင် ကွယ်လွန်သွားပါ၍ ၈-၇-၂၀၀၃ (အင်္ဂါနေ့) နံနက်၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက်၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာ-ကြေးမုံ၊စာတည်းမှူး-၂၉၁၈၃၂၊စာတည်းများ-၂၉၂၈၃၂၊ သတင်းထောက်မှူး-၂၉၂၈၃၃၊ မန်နေဂျာ-၂၉၁၈၃၃၊ စီမံ/ငွေစာရင်း-၂၉၁၄၅၄၊ ဖြန့်ချီရေး- ၂၉၂၈၃၀၊ ကြော်ငြာ-၂၉၉၄၂၇၊ ပုံနှိပ်-၂၉၂၈၃၁။ R/184

ရွှေကျင်ဆရာတော်ကြီးနှစ်ပါးအား ပူဇာမင်္ဂလာ ဓမ္မာစရိယဘွဲ့ရအရှင်မြတ်နှစ်ပါးအား ဂုဏ်ပြုမင်္ဂလာနှင့် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇူလိုင် ၆

ရွှေကျင်နိကာယတွဲဖက်သာသနာပိုင် ဆရာတော်ကြီးနှစ်ပါးအား ပူဇာမင်္ဂလာ၊ ဓမ္မာစရိယဘွဲ့ရ အရှင်မြတ်နှစ်ပါးအားဂုဏ်ပြုမင်္ဂလာနှင့် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၅၁)ရပ်ကွက် မြဝတီမင်းကြီး(၁)လမ်းရှိ သီရိမင်္ဂလာ မဟာစည်ရိပ်သာ သီရိရတနာ လေးထပ်ကျောင်းဆောင်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်တက်ရောက်ကြည်ညို၍ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်ကြည်ညို

အလှူတော်မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်နိကာယ တွဲဖက်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု သီရိမန္တစံကျောင်းဆရာတော် ဘဒ္ဒန္တရာဇိန္ဒာဘိဝံသ၊ နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်နိကာယ တွဲဖက်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ပဲခူးမြို့ ကြခတ်ဝိုင်းဆရာတော် ဘဒ္ဒန္တဇောတိပါလ အမှူးပြုသော နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ တိပိဋက မဟာဂန္ထာရုံ ဆရာတော် ဒေါက်တာဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ၊ သီရိမင်္ဂလာ မဟာစည်ရိပ်သာ ပဓာနနာယကဆရာတော် တွံတေးအရှင်ဣန္ဒကနှင့် ပင့်သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊

စာမျက်နှာ ၇ ကော်လံ ၁ သို့

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် ရွှေကျင်နိကာယ တွဲဖက်သာသနာပိုင် ဆရာတော်ကြီးအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များ၊ တံတားဆောက်လုပ်ရေးစီမံကိန်းမှ တာဝန်ရှိသူများ ဒေသခံများနှင့်အတူ ဧရာဝတီတိုင်း ကန်ကြီးထောင့်မြို့နယ်ရှိ ဒါးကမြစ်ကူးတံတားဖွင့်ပွဲမုခ်ဦးရှေ့တွင် မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ၏ အဓိကမြစ်ကြီးများ၌ ၁၉၈၈ခုနှစ်မတိုင်ခင်က တံတားကြီးလေးစင်းသာရှိခဲ့ ၁၉၈၈ခုနှစ်မှ ယနေ့ထိ မြစ်ကူးတံတားကြီးပေါင်း ၁၃စင်း အသစ်ထပ်မံတည်ဆောက်နိုင် ဒါးကတံတားအပါအဝင် ပြည်ထောင်စုတစ်ဝန်းလုံး၌ တံတားကြီးပေါင်း၁၅၇စင်း တည်ဆောက်ပြီးစီး

ရန်ကုန် ဇူလိုင် ၆

ဧရာဝတီတိုင်း ကန်ကြီးထောင့်မြို့နယ် ရန်ကုန်-ပုသိမ်လမ်းပေါ်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်ပြီးစီးသွားသည့် ဒါးကမြစ်ကူး ဒါးက တံတားဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း တက်ရောက်၍ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသည့် ပြည်သူများအား နှုတ်ဆက်စကားပြောကြားသည်။

တက်ရောက်

ဒါးကတံတား ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဌေးဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်း၊ သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီးဦးအောင်ဖုန်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ဒုတိယဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်းနှင့်ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ဧရာဝတီတိုင်းမှ တိုင်း၊ခရိုင် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပုသိမ်၊

စာမျက်နှာ ၁၀ ကော်လံ ၁ သို့